ဝိတ်ကူးချိုချိုအနုပညာ
mgyoe.com
SAMPLE BOOK

မြန်မာ့မျက်ပွင့်

# ရွာမလေး လူမလေး

ရေယု



mgyoe.com SAMPLE BOOK



ISBN 9789997136138
ZY8
9 789997 136138
MMK 12,000.00

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

မြန်မာ့မျက်ပွင့်

# ရွာဓလေ့၊ လူ့ဓလေ့

ဇေယျ

[illegible]။ ၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာ့မျက်ပွင့် (ရှာဝလေ့၊ လှူဝလေ့)၊ ဇေယျ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၈၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၂၊ ထိန်ဝင်းစာပေ၏ တတိယအကြိမ်မူ၊

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

ဇေယျ

# ရွာစလေ့၊ လူစလေ့

## မာတိကာ


- နိဒါန်း ၃
- မြန်မာ့ဗျက်ပွင့် မိတ်ဆက်စာ (တက်တိုး ရေးသည်) ၅
- ဆရာကြီး ဦးယော ၉
- ဇေယျ ၁၄
- မြန်မာ့ဗျက်ပွင့်အမှာ ၁၈

ရွာစလေ့

- ကန်စွန်းနွယ် ၂၅
- ကောက်ရိုးနွယ် ၃၁
- ကဆုန်နွေလ စိတ်ရှုးကြွချိန် ၃၆
- ပျော်စရာပေါတဲ့ တို့တောရွာ ၄၄
- ဒို့ရွာ ဒို့ကျောင်း ၅၁
- ဒို့လွတ်လပ်ရေး ၅၆
- ဒီအချိန်ပေါ့ ၆၄
- ရွှေအင်ကြင်း ၆၉
- သွန်းလောင်းညောင်ရေ ၇၆
- မြခက်ကလေး၏မျက်နှာ ၈၃


mgyoe.com

mgyoe.com

SAMPLE BOOK




- တောက အလုပ် ၈၉
- ယင်းတိုက်နှုချိန် ၉၈
- ချိုတေးသာယာ ၁၀၉


## လူ့ဓလေ့


- အမျိုးသားအတ္ထုပ္ပတ္တိအဘိဓာန် ၁၁၇
- အင်ရုံဝန်ကြီး ၁၂၇
- မင်းခေါင်နော်ရထာ ၁၃၃
- ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန် ၁၄၇
- ပထမ ခေတ်သစ်ဗမာ ၁၅၈
- ဤငါးဦး ၁၆၅
- ယောမင်းကြီးနှင့် ရှိတ်စပီးယား ၁၇၆
- စုံနံ့သာမြိုင် ဦးကြော့ ၁၈၂
- ဦးရွှေဖံအောင် ၁၉၀
- စစ်ကဲကြီး ဦးရွှေနော် ၁၉၇
- စပယ်ပင် ဦးလတ်နှင့် မော်ဘီဆရာသိန်းကြီး ၂၀၄
- ဦးရွှေကြူး ၂၁၄
- ဆရာရော ၂၂၃
- ဦးပြုံးချိုနှင့် ဆရာသိန်း ၂၃၂
- ပီမိုးနင်းနှင့် ရွှေလရောင် ၂၄၆
- တဂိုး ၂၅၄
- စာပြင်ဆရာ ၂၆၄
- ဦးဘချို၏ နိဂုံး ၂၇၀
- ဆရာကြီး ဦးဝေ ၂၇၈


●

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ဤစာအုပ်၌ ပါရှိသော ဆောင်းပါးများမှာ ၁၉၄၅ ခုနှစ်မှ ၁၉၅၇ ခုနှစ် အထိ အစိုးရရာထူး တာဝန်ဝတ္တရားများကို ထမ်းရွက်နေစဉ် ကြိုးကြား ကြိုးကြား အားလပ်သော အခိုက်အတန့်ကလေးများတွင် စိကုံး ရေးသားခဲ့သော ဆောင်းပါးများအနက်မှ အချို့ဖြစ်ပါသည်။

မဂ္ဂဇင်း၊ သတင်းစာ စသည်တို့အတွက် ဆောင်းပါးရေးခြင်းမှာ ကျမ်းပြုခြင်း၊ စာအုပ်ရေးခြင်း စသည်တို့နှင့် မတူချေ။ ကျမ်းပြုခြင်း၊ စာအုပ်ရေးခြင်းတို့မှာ အချိန်များစွာယူ၍ ကြိုတင်ပြင်ဆင်ခြင်း၊ သုတေ သန ရှာမှီးခြင်းတို့ကို ပြုလုပ်ပြီးနောက် ရေးသားသောအခါလည်း အချိန်နှင့် အရွယ်ပမာဏကို လိုသလောက် ယူကြရလေသည်။ ဆောင်းပါးရေးခြင်းမှာမူကား ထိုသို့မဟုတ်ချေ။ အကြောင်းအရာတစ်ခု ကို မူတည်၍ မဂ္ဂဇင်း၊ သတင်းစာတို့တွင် ရရှိသည့်နေရာနှင့် တော် လျော်အောင် အတိုချုပ်၍ တစ်ထိုင်တည်း အမြန် ရေးသားရလေသည်။ စာအုပ်စာတမ်း ပြုစုရေးသားသလောက် အကျယ်ချဲ့ခွင့် မရချေ။

ထို့ကြောင့် ဤစာအုပ်တွင် ပါရှိသော ဆောင်းပါးများကို စုဆောင်း၍ စာတစ်အုပ်ရိုက်နှိပ်ရန် ဦးထိန်ဝင်း လာရောက်ပေးပို့သော အခါ အချို့သောဆောင်းပါးများကို အကျယ်ချဲ့ခြင်း၊ အချို့တို့ကို အစမှအဆုံး အသစ်တစ်ဖန် ပြန်လည်ရေးသားခြင်း ပြုလိုသောဆန္ဒ

mgyoe.com

mgyoe.com  SAMPLE BOOK

များ ပေါ်လာခဲ့ပါသည်။

သို့သော် ထိုဆောင်းပါးများကို ရေးစဉ်က စိတ်တွင်း၌ ပေါ်လာသည်တို့ကို ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် စိတ်ကူးအရှိန် ကောင်းကောင်းနှင့် တစ်မုဟုတ်ချင်း ရေးသားခဲ့ခြင်းဖြစ်ရာ ယခု စိတ်အေးအေးနှင့် အချိန်ယူ၍ ပြန်လည်ပြုပြင်ရေးသားမည်ဆိုလျှင် မူလဆောင်းပါးများထက်ပို၍ ပြည့်စုံမည်၊ ပို၍သားနားမည် မှန်သော်လည်း လတ်လတ်ဆတ်ဆတ် ရှိတော့မည်ကား မဟုတ်ချေ။

ထို့ကြောင့် စကားမချောသည့် နေရာအချို့တွင် စကားချောအောင် သုံးလေးလုံးမျှ ပြုပြင်ခြင်း၊ သတ်ပုံသတ်ညွှန်းများကို ရှေ့နောက် ညီညွတ်အောင်ပြုခြင်းမှတစ်ပါး နဂိုမူလအတိုင်းပင် ထားလိုက်ပါသည်။

ဤဆောင်းပါးများကို လက်ဦးပုံနှိပ်ထုတ်ဝေကြသော စာပဒေသာ၊ ရှုမဝ၊ မြဝတီမဂ္ဂဇင်းများမှ အယ်ဒီတာများက ယခုကဲ့သို့ စုပေါင်း၍ စာအုပ်ပြုလုပ်ခွင့်ကို ရက်ရောကြည်ဖြူစွာ ပေးသည့်အပြင် စာအုပ်ဖြစ်အောင် စီမံပါဟု အားပေးစကား ပြောကြားကြသည့်အတွက် အထူးပင် ကျေးဇူးဥပကာရတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဓေယျ

mgyoe.com

mgyoe.com SAMPLE BOOK

## မြန်မာ့မျက်ပွင့် မိတ်ဆက်စာ
## တက်တိုး ရေးသည်

ဆရာဇေယျ၏ ဆောင်းပါးပေါင်းချုပ်စာအုပ်တွင် နိဒါန်း လိုသည်ဟု ဆို၍သာ ဆိုရသည်။ ကျွန်တော့်အထင်မှာ မလိုပါ။ ဆရာဇေယျသည် မျက်မှောက်ခေတ် မြန်မာစာပေပြုစုသူ စာရေးဆရာ၊ စာပေသုတေသီ တို့၏ ဆရာ ဖြစ်ပေသည်။ ဆရာကြီး၏ ဆောင်းပါးများအကြောင်း ကို နိဒါန်းသွယ်ရန်လည်း လိုမည်မထင်ပါ။ ဆရာကြီးသည် ဗဟုသုတ နှင့် ပြည့်စုံသည်၊ ပညာရှိသည်၊ အနုပညာ စိတ်ဓာတ်လည်း ရှိသည်၊ ကဗျာလင်္ကာ၌ ဝင်စားလေ့လာသော်လည်း စကားပြေကို အထူးဂရု ပြု၍ ရေးသော ဆရာဇေယျ၏ စကားပြေမှာ ကဗျာ၏အရသာ ဝင်၍ နေကြောင်း တွေ့ရှိခံစားရပါသည်။

'မြန်မာ့မျက်ပွင့်' စာအုပ်သည် ယခု ဖြစ်မြောက်လာပြီဖြစ်လေရာ ထိုစာအုပ်မှာ စိတ်ထဲ၌ အကြံတစ်ခုအဖြစ်ဖြင့်သာ တည်နေခိုက်က တည်းက ကျွန်တော်နှင့် တွေ့ခဲ့ရကြောင်း အစီရင်ခံကာ တစ်နည်းဖြင့် ဂုဏ်ယူခွင့်ပြုစေလိုပါသည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ကျွန်တော် နှင့်တကွ လူငယ်လူလတ် စာရေးဆရာအချို့ 'ပဒေသာ' မဂ္ဂဇင်းကို ပြုစုထုတ်ဝေခိုက်တွင် ကျွန်တော်တို့၏ နာယကအဖြစ် ဆောင်ရွက် လျက်ရှိသော ဆရာဇေယျအား ကျွန်တော်က "ဆရာ...ဆရာ့ဆောင်းပါး တွေကို စုပေါင်းပြီး စာအုပ်ထုတ်ချင်တယ်၊ ဘယ်လို သဘောရသလဲ

mgyoe.com

mgyoe.com  SAMPLE BOOK

ဆရာ..."ဟု မေးမိသည်။

ဆရာကြီးသည် သူ၏ မပါမဖြစ်သော ဆေးပြင်းလိပ်တိုကြီး ခဲရာမှ လက်တစ်ဖက်ဖြင့် ပါးစပ်မှထုတ်ရင်း "အင်း... ကောင်းသဗျ... ဒီလိုဆိုလည်း ကိုရင်တို့ စုကြလေ...၊ ကျုပ်တော့ အဲဒီစာအုပ်ကို 'မြန်မာ့မျက်ပွင့်'လို့ နာမည်ပေးချင်တယ်..."ဟု ဆိုလေသည်။

'မြန်မာ့မျက်ပွင့်'ကျမ်းကို ကျွန်တော်တို့ ကြေညာပါသေး၏။ သို့ရာတွင် ပဒေသာမဂ္ဂဇင်းပင်လျှင် မကြာခင် အတိတ်ကာလ၌ နေရစ်ခဲ့သဖြင့် မြန်မာ့မျက်ပွင့်မှာ ပွင့်နိုင်ခွင့် မသာခဲ့တော့ချေ။

နောက်ဆုံး၌ မိတ်ဆွေကြီး ကိုထိန်ဝင်းက ဆရာဇေယျ၏ မြန်မာ့မျက်ပွင့်ကို ပန်းနှယ်ပွင့်စေပေသည်။

စာရေးဆရာအများ၏ ဆောင်းပါးများစွာသည် လစဉ်ထုတ်မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ (တစ်ခါတစ်ရံ) နေ့စဉ်ထုတ်သတင်းစာများထဲတွင် ပါရှိကာ အချိန်ကာလ၏ ဒီရေကြော၌ မျောပါသွားကြကုန်၏။ အချို့သော ဆောင်းပါးများမှာ နားပူလွန်း၍ ဖြစ်သလိုကြည့်ရေးပေးလိုက်ရသော တော်စွလျော်စွများ ဖြစ်သည်ဟု ဆိုသာစေကာမူလည်း များသောအားဖြင့်မှာ စာနယ်ဇင်းတို့၏ သက်တမ်းအတိုင်း မဆုံးသင့်ဘဲ စာအုပ်အဖြစ် ကျမ်းသဘောမျိုး သက်ရောက်အစွန့်ရှည်စွာ တည်နေသင့်လှပေသည်။

'မြန်မာ့မျက်ပွင့်' ကဲ့သို့သော ဆောင်းပါးပေါင်းချုပ်ကျမ်းများ မြောက်မြားစွာ ပေါ်ထွန်းလာခါမှ မျက်မှောက်ခေတ် မြန်မာစာပေ၌ ဝတ္ထုစာပေသာမက 'စာပဒေသာ' ဟု ခေါ်ရသော စာပေမျိုးလည်း ဖွံ့ဖြိုးရန် အခွင့်အလမ်း ပေါ်ပေါက်လာပေမည်။

ဆရာဇေယျ၏ အတ္ထုပ္ပတ္တိနှင့် အကဲခတ်စာတမ်းတို့ကို ကျွန်တော်၏ မိတ်ဆက်နိဒါန်းတွင် ဆက်စပ်ထည့်သွင်းလိုက်သဖြင့် ခွင့်ပြုပါရန် တောင်းပန်လိုသည်။ မြဝတီမဂ္ဂဇင်း အယ်ဒီတာရေးသော ဆရာဇေယျ၏ အတ္ထုပ္ပတ္တိသည် ဆရာကြီး၏ ဘဝအကြောင်းကို အတိုချုပ်၍ စုံလင်အောင် ဖော်ပြထားသဖြင့် ဤစာအုပ်၏ဦးပိုင်းတွင် ထည့်သွင်းသင့်သည်ဟု ထင်မိပါသည်။ ဆရာကြီး၏ဘဝအကြောင်းကို သိပြီးသည့်နောက် လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ထွက်သော 'ပဒေသာ' မဂ္ဂဇင်းတွင် ပါရှိသော ကျွန်တော်၏ 'အကဲခတ်စာတမ်း' ကလေးကို ဆက်၍

mgyoe.com


mgyoe.com
SAMPLE BOOK


ဖတ်လိုက်လျှင် ဆရာကြီးမှာ စာဖတ်သူနှင့် ရင်းနှီးပြီးသား မိတ်ဆွေ တစ်ယောက်စင်စစ် ဖြစ်သွားပေမည်ဟု ကျွန်တော် လေးမြတ်စွာ ယုံကြည်ပါသည်။

၁၉၆၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ဆရာ ဇေယျ

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာကြီး ဦးယော

၁၂၆၂ ခုနှစ်တွင် သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၌ အဖ ကျက်သရေဆောင် ရွှေစလွယ်ရ သစ်တောဝန်ထောက်ကြီး ဦးခလယ်၊ အမိ ဒေါ်ရွှေကြိုးတို့မှ မွေးဖွားသည်။ အဖ ပေါင်းတည်နယ် အင်းမလောင်းကြီးသား၊ အမိ နတ္တလင်းနယ် ဓားမငယ်ရွာသူ ဖြစ်သည်။ အမိဖြစ်သူနှင့် ၎င်း၏မောင်တစ်ဝမ်းကွဲ မွေးသည့်နှစ်၌ ဓားမငယ်ရွာ ဘုန်းကြီးပျံပွဲတွင် 'မောင်ရော်ဒီဗိုး နှမ နန်းရွှေကြိုး' ဇာတ်ကို ရုပ်သေး ခင်းကျင်းပြသသည်ကို အစွဲပြု၍ ၎င်းတို့ မောင်နှမအား ရော်ဒီဗိုး နန်းရွှေကြိုးဟု မှည့်ခေါ်ကြသည်။

ဦးယော မွေးကင်းစအရွယ်တွင် ဇီးကုန်းမြို့သို့ ကိုဖိုးကွန်း မထွေးလေးတို့ဇာတ် လာရောက်ကပြသဖြင့် ထိုဇာတ်ကို အစွဲပြု၍ မိဘများက ဖိုးကွန်းဟု အမည်ပေးသည်။ ထိုစဉ်က မိဘများ၏ အိမ်တွင် အလုပ်လုပ်သော ဂေါ်ရင်ဂျီကုလားကြီးက ဦးယော ကြီးပြင်းသည်အထိ ဖွတ်ကရားဟု ခေါ်စမှတ်ပြုသည်။ အသက် ၄ နှစ်ရှိမှ မောင်ယောအမည်သို့ ပြောင်း၍မှည့်သည်။

မိဘများမှာ တစ်ယောက်တည်းသောသားဖြစ်၍ စာတတ်စေလိုသော ဇောဖြင့် ငါးနှစ်သားအရွယ် ရောက်အောင် မဆိုင်းဘဲ လေးနှစ်သားကပင် ဇီးကုန်းမြို့ (အေဘီအမ်) အလယ်တန်းကျောင်းသို့

mgyoe.com

mgyoe.com SAMPLE BOOK


ပို့၍ စာသင်စေသည်။ တစ်ပါးကျောင်းသားများမှာ ကျောင်းသို့ရောက်လျှင် ကျောင်းတက်ရေး စာကျက်ရေးကို တာဝန်ကြီးတစ်ခု ပြုထားလေ့ရှိရာ မောင်ယောမှာကား ကျောင်းပြေးဖို့၊ လောက်လေးတစ်ချောင်းနှင့် မြို့ထဲရှိသမျှ မှန်တံခါးများကို ပစ်ခွဲဖို့ကို တာဝန်ကြီးတစ်ခု ထားသည့်အတိုင်း ဆရာမိဘများက မျက်နှာသာမပေး၊ ကြပ်ကြပ်တည်းတည်းကွပ်ညှပ်ထားသည့်အထဲမှပင် စွဲစွဲမြဲမြဲ ဆောင်ရွက်သည်။ နှစ်စဉ်ဇန်နဝါရီလရောက်၍ စာမေးပွဲသွင်းရန် ကျောင်းသားများကို ဆရာကြီးက ရွေးချယ်ရာ စာမေးပွဲ မဝင်ချင်သည့်လူ လက်ထောင်ဆိုလျှင်ပထမဆုံး ထောင်ခဲ့သည်။ ပထမတန်း၌ သုံးနှစ်နေခဲ့သည်။ ဒုတိယတန်း၌ မနေခဲ့ရ။ ဒုတိယတန်း ဆရာမက အလွန်ကြောက်သဖြင့်သူ့အတန်းတွင် လက်မခံလိုဟု ငြင်းပယ်သောကြောင့် တတိယတန်းသို့ တိုက်ရိုက်တင်ပေးရသည်။ တတိယတန်းတွင် သုံးနှစ်နေသည်။ စာမေးပွဲမဖြေသော်လည်း ကျောင်းနာမည် မပျက်လို၍ စတုတ္ထတန်းသို့ အတင်းတင်ပေးရပြန်သည်။ စတုတ္ထတန်းတွင် သုံးနှစ်နေသည်။ အတန်းနောက်ဆုံးတွင် မျှော်လင့်စရာမရှိသော ရဲဘော် လူတေများနှင့်ထိုင်၍ နွယ်ချိုစားမှု၊ ဆေးလိပ်ခိုးသောက်မှုကလွဲ၍ အခြားဘာမျှမလုပ်ခဲ့ချေ။ ထိုနှစ်တွင် စာမေးပွဲ မဝင်လိုသူများနှင့်အတူလက်ညှိုးထောင်ပြန်ရာ ဆရာကြီးက ငါ့ကျောင်း လေးတန်းမှာလေးနှစ်သမားထားပြီး ငါ နာမည်ပျက်မခံနိုင်ဘူး။ ဝင်ရမည်ဟု အမိန့်ချသဖြင့် ဝင်ရသည်။ ထိုခေတ်က လေးတန်းစာမေးပွဲမှာ အစိုးရကစစ်သော စာမေးပွဲဖြစ်၍ တော်တော်ကြပ်တည်းသည်။ ချောင်ချောင်နှင့် မရ၊ စာမေးပွဲအကျများသည်။ အောင်လျှင်လည်း ယခုကာလဆယ်တန်းမျှလောက် အခွင့်အရေးရှိသည်။ စာရေးကြီးဖြစ်နိုင်သည်။ ကျောင်းက ဆရာများ မစစ်ရ။ ရန်ကုန်က ပညာဝန်ကိုယ်တိုင် လာ၍စစ်သည်။ ဆရာကြီး၏ ကြိမ်နှင့် မြရာကိုင်းကို ကြောက်၍သာ ဝင်ရသည်။ စာဆို၍ တစ်လုံးမျှ မကျက်ဖူးချေ။ သို့သော် လေးတန်းတွင်သုံးနှစ်ကြာ၍ ကြားဖူးနားဝ များနေခြင်းကြောင့်လား မသိ၊ တော်တော်ကလေး ဖြေနိုင်သည်။ ထို့နောက် အောင်စာရင်းတွင် ပါလာရာ စိတ်အကြီးအကျယ်ပျက်၍ ဆရာကြီးထံသို့ အတန်းမတင်ရန် သွားရောက်ပြောရာ ဆရာကြီးက မင်း အောင်တာကို ငါ မတတ်နိုင်ဘူး။ ငါးတန်း

mgyoe.com

mgyoe.com
SAMPLE BOOK


သွား၊ သို့ပေမဲ့ ဘာဖြစ်လို့ မတက်ချင်တာလဲဟုမေးရာ ဂဏန်းသင်္ချာနှင့် ဂဲသြမေတြီ ကောက်ကောက်ကွေးကွေးတွေ ကြောက်လို့ဟု ပြန်ပြောလေသည်။ သို့သော် အယူခံ၍မရ၊ ငါးတန်းသို့ တက်သွားရလေသည်။ ငါးတန်းတွင် နှစ်နှစ်နေသည်။ စံချိန် မကျိုးအောင် သုံးနှစ်လောက် နေမည်ကြံသော်လည်း မနေရဘဲ ခြောက်တန်းသို့ တက်ရလေသည်။ ထို့နောက်မူကား သာယာဝတီ ကရင်အထက်တန်းကျောင်းတွင် တစ်နှစ်၊ ပြည်မြို့အစိုးရ အထက်တန်းကျောင်းတွင် နှစ်နှစ်နေ၍ တစ်နှစ်တစ်တန်းနှင့် ၁၉၂၀ ပြည့်နှစ်၊ မတ်လတွင် ဆယ်တန်းစာမေးပွဲကို ဘာသာသုံးရပ် ဂုဏ်ထူးဖြင့် အောင်လေသည်။

ထို့နောက် ပညာ ဆက်လက်သင်ကြားခွင့် မရ၍ မိဘရိုးရာ သစ်တောဌာနတွင် ဝင်ရောက်အမှုထမ်းရန် ကြံရွယ်လေသည်။ ထိုအကြံမအောင်၊ အကြံအစည်ပြုနေသည့် အတောအတွင်း ပြည်မြို့တွင် ကျောင်းနေဖက် မြန်မာအဆွေကုမ္ပဏီ သူဌေး ဦးဘညွန့်၊ မမရှင်တို့၏ မောင်, မောင်မောင်ကလေး လာရောက်ခေါ်ငင်၍ ဒဂုန်မဂ္ဂဇင်းတွင် စတင်လုပ်ကိုင်ရာ ပထမစာစောင်မှာပင် ဗိုလ်ရန်အောင်ဝတ္ထုကို ရေး၍ နာမည်ရလေသည်။ ထို့နောက် ထိုစဉ်က လူကြိုက်များသော ရွှေဓားဗိုလ်ဝတ္ထု၊ လိုက်တော်မူခဲ့၊ ရွှေဂျုံးဖြူ စသော ဝတ္ထုများကို ရေးသားရာတွင် စာရေးဆရာဘဝသို့ လုံးလုံးရောက်ခဲ့လေသည်။ စာရေးဆရာဘဝသို့ ရောက်အောင် ဆုံးမပဲ့ပြင် ပို့ဆောင်ပေးသော ကျေးဇူးရှင်များကား သခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ ပီမိုနင်း၊ မောင်သစ္စာ အမည်ခံ ပဲခူးမြို့ ဗိုင်းကနိုင်းရပ် ကျောင်းဆရာကြီး ဦးဘိုးသစ်တို့ ဖြစ်လေသည်။

ဒဂုန်မဂ္ဂဇင်းတွင် လေးနှစ်ခွဲ အလုပ်လုပ်ပြီးနောက် ၎င်းမှ ထွက်ပြီးလျှင်၊ ကျဆုံးသူ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုနှင့် တိုင်ပင်၍ ကိုယ်ပိုင် ဇေယျသတင်းစာကို တည်ထောင်လေသည်။ သတင်းစာဟု အမည်ပေးထားသော်လည်း ထိုစဉ်က ခေတ်စားသော တစ်ပတ်တစ်ကြိမ်ထုတ် ၄ ပဲတန် ဂျာနယ်ဖြစ်လေသည်။ ဇေယျသတင်းစာနှင့် မရှေးမနှောင်းပင် ဒီးဒုတ်ဦးဘချိုလည်း မောရိယဂျာနယ်မှ ထွက်ကာ ဒီးဒုတ်ဂျာနယ်ကို တည်ထောင် ထုတ်ဝေလေသည်။ ဒီးဒုတ်ဂျာနယ်မှာ ကြီးပွား၍ အသက်ရှည်လေသည်။ ဇေယျသတင်းစာမူကား စိတ်သာ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှိ၍ အလုပ်နားမလည်သဖြင့် ကိုးလလောက်အကြာတွင် ပြုတ်သွားလေသည်။

ထို့နောက် လန်ဒန်အတ်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ရှုဝ်မဂ္ဂဇင်း၊ ရှုဝ်ဂျာနယ် စသည်တို့တွင် အယ်ဒီတာအဖြစ် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

ရှေးက ဝတ္ထုများကိုသာ ထင်ထင်ရှားရှား ရေးခဲ့သည်။ ဆောင်းပါးကဗျာလင်္ကာ စသည်တို့ကိုမူကား ထင်ထင်ရှားရှား မရေးခဲ့ချေ။ ရုပ်ရှင်ဇာတ်ညွှန်းများလည်း တော်တော်များများ ရေးခဲ့သည်။ သို့သော် နာမည် မခံခဲ့ချေ။ ယခုမူကား ဆောင်းပါးများကိုသာ အများအပြား ရေးသားလျက်ရှိသည်။

ဤကား ဆရာကြီးဦးယော၏ မိန့်ကြားချက်ကို ကြားနာရဖူးသည့်အတိုင်း ရေးသားဖော်ပြခြင်း ဖြစ်၏။ ဆရာကြီးသည် ငယ်ရွယ်စဉ်အခါ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကပင်လျှင် ဂုဏ်မြောက်သော ဝတ္ထုမြောက်မြားစွာကို ရေးသားခဲ့လျက် ယခုခေတ် ကလောင်ရှင်တို့၏ ဆရာတစ်ဆူ ဖြစ်ပေသည်။ ဆရာကြီး ရေးခဲ့သည့် ဗိုလ်ရန်အောင်နှင့် မြတ်လေးရွှေဘားဗိုလ်ဝတ္ထုကြီးများကို ဖတ်ခဲ့ကြဖူးသူတိုင်းသည် ယနေ့တိုင် မမေ့နိုင်ဘဲ တစ်သက်သက် စွဲလမ်းတမ်းတလျက်ပင် ရှိကြပေသည်။

ဆရာကြီးမှာ အသက်ငယ်စဉ်က လူငယ်စာပေဖြစ်သော ဝတ္ထုများကို ရေးခဲ့သော်လည်း ယခု အသက်အရွယ်ကြီးရင့်လာသောအခါတွင်မူကား ပို၍ စာပေဂုဏ်မြောက်သည့် ဆောင်းပါးကြီးများကို ရေးသားလေရာ စာပေလောကသားများအတွက် အကျိုးထူးလှပါပေသည်။

ဆရာကြီးသည် ယခုအခါ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်ရာထူးကို ထမ်းဆောင်နေရသဖြင့် မအားမလပ်နိုင်အောင် အလုပ်များပြားရှုပ်ထွေးလှသော်ငြားလည်း စာပေသမားဟူသည် စာပေ မရေးရလျှင် အစာအာဟာရပြတ်သည်နှင့်မခြား ထင်မှတ်ယုံကြည်တတ်မြဲအတိုင်း ဆရာကြီးသည် စာသမားပီပီ မအားမလပ်သည့်ကြားမှ စာများ ရေးဖြစ်အောင် ရေးခြင်းအတွက် စာပေသမားတိုင်းက လေးစားဦးညွှတ်ထိုက်ပါပေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


စာသမားစစ်စစ်ကြီးဖြစ်ပေသော ဆရာကြီးသည် အသက်ရာကျော်ရှည်လျက် စာပေတည်းဟူသော မီးရှူးတန်ဆောင်ကို ထွန်းညှိလမ်းပြနိုင်ပါစေသတည်း။

မြဝတီ

mgyoe.com

mgyoe.com SAMPLE BOOK

# ဇေယျ

ကျွန်တော် ခပ်ငယ်ငယ်က မြတ်လေးရွှေဓားဗိုလ် ဝတ္ထုများကို ဖတ်ရသည်။ ရာဇဝင်ဝတ္ထုကြီးများဖြစ်၍ ကျွန်တော်၏ နုသောစိတ်ကူးကို လှုပ်ရှားစေကာ တွေးမှုကို ပိုစေပါတော့သည်။ ပဲခူးမြို့၌ ညအခါ လသာသာတွင် အသံဝါကြီးနှင့် ခံ့ခံ့ညားညား မြင်းကြီးကိုစီး၍ ပေါ်လာသူ မြတ်လေးရွှေဓားဗိုလ်ကို စိတ်ကူးတွင်ကြည့်၍ ကြည်နူးမိတော့သည်။ ယင်းသို့ ကြည်နူးနေရာမှ စာရေးသူကို တစေ့တစောင်း လှမ်းကြည့်မိလေသည်။

စိတ်ကူးဆိုသည်မှာ မိမိ၏ ဝါသနာအလျောက် လိုရာသို့ ဆွဲဆောင် ဖန်ဆင်းခြင်းကို ပြုနိုင်သောအရာ ဖြစ်သည်။ စိတ်ကူးနှင့် ရူးနိုင်သည်။ စိတ်ကူးနှင့် လွမ်းနိုင်သည်။ စိတ်ကူးနှင့် တက်ကြွနိုင်သည်။ မမြင်ဖူးသောအရာ၊ မမြင်ဖူးသော ပုဂ္ဂိုလ်ကို မှန်းဆ၍ စိတ်ကူးလိုက်လျှင် မြင်ဖူးသောအရာ၊ မြင်ဖူးသည့်သူများသာ ထွက်ပေါ်လာတတ်သည်။ ယင်းတို့ကိုပင် အဟုတ်ထင်နေတတ်သည်။ စာရေးဆရာဇေယျကို စိတ်ကူးနှင့် ရော်ရမ်းမှန်းဆလိုက်သောအခါ ဆရာဇေယျမှာ သူရေးသည့် ရွှေဓားဗိုလ်နှင့် ခပ်ဆင်ဆင် ဖြစ်နေလေတော့သည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားညိုစိမ့်စိမ့်၊ နဖူးကျယ်ကျယ်၊ မျက်နှာသွယ်သွယ်၊ နှာခေါင်းချွန်ချွန်...

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်လေးငါးနှစ်မျှကြာသော် ဆရာဇေယျနှင့် တွေ့ဆုံရလေသည်။ ထိုအခါမှ စိတ်ကူးရုပ်ပုံ ဆရာဇေယျနှင့် သွေးသားစင်စစ် ဆရာဇေယျတို့ကား စပ်မမိအောင် ကွာခြားလှဘိသည်။ အသား ညစ်ထေးထေး၊ ပုအိုင့်အိုင့်၊ ဝဝတုတ်တုတ်၊ မျက်နှာဝိုင်းဝိုင်း၊ ပါးစုန့်ပေါ်ပေါ်၊ မျက်လုံးမှိုမှို၊ နှာခေါင်းခပ်ပြားပြား၊ တောသူကြီးနှင့် တူလှချေသည်။

ဆရာဇေယျသည် အရုပ်ဆိုး၏။ သို့သော် ကျက်သရေ ရှိလှပေသည်။ ဆရာဇေယျသည် အသွင်အပြင်အားဖြင့် အညာသားနှင့်တူ၏။ သို့သော် အောက်သားဖြစ်သည် (မြေလတ်သားဟု ခေါ်ချင်လျှင် ခေါ်နိုင်သည်။) အမြင်နုပ်သည်။ အညတရနှင့် တူသည်။ သို့ရာတွင် ပညာအားဖြင့် ရှာမှ ရှားလှပေသည်။ သူသည် မြန်မာစာပေ နှံ့စပ်သည် သာမက အင်္ဂလိပ်စာပေတွင်လည်း လျော်ကာ မတ္တမဟုတ်။ စာကြီးပေကြီး စာဟောင်းပေဟောင်းများကို နိုက်နိုက်ချွတ်ချွတ် ကုန်ကုန်စင်စင် ဖတ်ဖူး မှတ်ဖူးပေသည်။ သူကြီးဂေဇက် ဦးခင်မောင် နီးပါးမျှ အင်္ဂလိပ်စာဖတ်နယ် ကျယ်ပေသည်။ ဦးခင်မောင်က ခေတ်စာအုပ်များကို ဖတ်မိမှတ်မိများသလောက် ဇေယျက ခေတ်ဟောင်းစာအုပ်များကို ဖတ်မိ မှတ်မိ များလေသည်။

ဇေယျ၏ အမည်ရင်းမှာ ဦးယော ဖြစ်သည်။ ငယ်စဉ်က ခရစ်ယာန်ဖြစ်၍ အမည်ရင်း မောင်ယောရှု ဟုဆိုသည်။ အသက်ကြီးမှ ဗုဒ္ဓဘာသာစာပေကို ဆည်းပူးလေ့လာခဲ့ပြီးလျှင် ဗုဒ္ဓဘာသာ သာသနာအတွင်းသို့ ရောက်ရှိလာသည်ဟု ပြောသံကြားဖူးသည်။ သို့သော် သူ့ကို မေးမကြည့်ဖူးချေ။ မေးစရာလည်း မလိုလှချေ။ ဗုဒ္ဓဘာသာစာပေ၌ အတော်ပင် ဝင်ဆံ့ကျွမ်းကျင်ကြောင်း သူနှင့်ဆွေးနွေးကြည့်လျှင် သိနိုင်သည်။

ဦးယောသည် အမြဲပင် နိမ့်ချသော စိတ်ထားရှိပေသည်။ တစ်ခါတစ်ရံမျှ ယောင်၍ပင် မာနသံထွက်မလာခဲ့ဖူးချေ။ ဦးယောနှင့် ကျွမ်းရသည်မှာ ဘဝကျေနပ်မှုတစ်ရပ် ဖြစ်နိုင်ပေသည်။ ဆရာဝန်နှင့် ကျွမ်းသူသည် ရောဂါဝေဒနာများအတွက် စိတ်ချရသကဲ့သို့ ဦးယောနှင့် ကျွမ်းသူသည် သုတေသနကိစ္စတွင် စိတ်ချရပေတော့သည်။ မည်သည့်အကြောင်း မည်သည့်ပညာမဆို ဦးယောကို မေးလိုက်သည့်အခါ ကျကျနန ပြောတတ်လျှင်ပြောသည်။ မပြောတတ်စေကာမူ သက်ဆိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


ရာ ကျွမ်းညွှန်းချက် သဲလွန်စကို ရှာပေးတတ်ပေသည်။ ဦးယော၌ ကြည်ညိုဖွယ် အချက်ကလေးတစ်ခု ရှိပေသည်။ သူမသိသော အကြောင်းကို ဘယ်သောအခါမျှ မဖြီးချေ။ မသိဘူးဟု ပညာရှိ ပီသစွာ ဝန်ခံလေ့ရှိသည်။ သိသူထံမှလည်း ဆည်းပူးရန် ဦးမလေးချေ။

ဦးယောသည် ဆရာဦးခင်မောင်၏ သူကြီးဂေဇက်ရုံးတွင် အထက်တန်းစာရေးအဖြစ်ဖြင့် ဘာသာပြန်အလုပ်များကို ချောင်တွင် ကုပ်၍ လုပ်ပေးနေရာမှ သူကြီးဂေဇက်ရုံး ဖျက်သိမ်း၍ ပြန်ကြားရေးဌာန ဖွင့်လှစ်သောအခါ၌လည်း ဦးယောမှာ စာရေးဘဝ၌ပင် နေရရှာသည်။ ဂျပန်လက်ထက်က စာပေဌာနတွင် စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်ပြန်ဝင်၍ ကက်စဘီအုပ်ချုပ်ရေးတွင် ဦးယောမှာ စာရေးဘဝမှလွတ်၍ ဘာသာပြန်အဖြစ် ပြည်သူ့ဆက်ဆံရေးတွင် အမှုထမ်းရလေသည်။ သူသည် ရာထူးတိုးအောင် တစ်သက်လုံး မကြိုးဆောင်ခဲ့ချေ။ သူ့အစွမ်းကို မပြခဲ့ချေ။ အကြောင်းသိ လူရင်းများကသာ သူ့အစွမ်းကို သိကြသည်။ ထိုလူရင်းများမှာလည်း သူကဲ့သို့ပင် အညတရများသာ ဖြစ်ကြ၍ သူ့ကို ရာထူးတိုးပေးနိုင်စွမ်းဖို့ ဝေးလေစွ။

ဦးယောသည် ကျလာသမျှ တာဝန်များကို ကုပ်ကုပ်ကလေး လုပ်ပေးလေ့ရှိသည်။ သူ့အလုပ်ကို ယူ၍ အချောင် အသားယူသူများနှင့် ကြုံတွေ့သော်လည်း သူ့တွင် ထူးခြားခြင်းမရှိ၊ မတုန်မလှုပ်၊ သူကိုယ်တိုင်ကမူ သူ့အလုပ်ကို အရင်းတည်၍ ဂုဏ်တက်ကြွခြင်း မရှိချေ။ ထို့ကြောင့် မိတ်ဆွေတစ်ဦးက သူ့အား "ခင်ဗျားမှာ ကြီးပွားချင်စိတ် မရှိဘူးကိုးဗျ၊ ခင်ဗျားသာ ရာထူးတိုးချင်ရင် ထိပ်ဆုံးတောင် ရောက်နေဖို့ ကောင်းပြီ။ အခုတော့ ခင်ဗျားဟာ အမြဲနောက်တန်းမှာ ချည်း နေတာကိုး" ဟု အားမလိုအားမရ ဖြစ်သည့်အလျောက် ပြောလေသည်။ ဦးယောကား ပြုံးလျက် သူသည် တစ်နေ့က ထမနဲတုံးကို ယူ၍ မြို့ရင်း သူ ငယ်စဉ်က ထမနဲစားပုံကို ပြောပြနေသည်။ သူ့အဖို့ အညတရဘဝကား အရသာနှင့် ပြည့်စုံနေပေတော့သည်။ ချမ်းသာမှုသည် ကြီးမြင့်သော ရာထူးပေါ်တွင် တည်နေသည် မဟုတ်ဟူသော မှန်မြတ်လှသည့် ရောင့်ရဲခြင်းတရားကို ရာထူးတိုးမှု၌ လုံးပန်းနေကြရှာသော ဆင်းရဲသားအပေါင်းတို့အား သူ့ဘဝက အလိုအလျောက် ဟောပြောဆုံးမနေပေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်ဆုံး၌ ရာထူးတိုးလာသည့်တိုင်အောင် ဦးယောအဖို့ အနည်းငယ်မျှ ထူးခြားခြင်းမရှိ။ သူ့အဖို့ ကား ရာထူးတိုးခြင်းသည် သာမန်ကိစ္စမျှသာ ဖြစ်သည်။ လခအတန်ပို၍ရခြင်းနှင့် အလုပ်ပိုလာခြင်း၊ တာဝန်ပိုကြီးခြင်းတို့သာ ထူးခြားသည်ဟု ဆိုရပေမည်။ ဦးယောသည် အနေအထိုင်အပြောအဆို၌ လွန်စွာပင် သိမ်မွေ့၍ လူနှင့် တူလှပေသည်။ လူနှင့်တူသည် ဆိုသည်ကား အဘယ်သို့နည်း။ အစစအရာရာတွင် သဘာဝကျ၍ အပေါ်ယံအကြောင်းကိစ္စများသည် သူ၏ သုတေသီစိတ်ကို လှုပ်ရှားနှောင့်ယှက်ခြင်း မပြုနိုင်ချေ။ စာရေးဖြစ်စေ၊ ဘာသာပြန်ဖြစ်စေ၊ ညွှန်ကြားရေးဝန်ဖြစ်စေ၊ မည်သည့်အလုပ်၊ မည်သည့်ရာထူးကိုပင် ပေးစေကာမူ ဦးယောသည် စာရေးဆရာ ဖေယျဖြစ်သည်။ သုတေသီ ဆရာယော ဖြစ်သည်၊ မူမပြောင်းချေ။

ဆင်းရဲခြင်းကို ပြုံး၍ ခံယူနိုင်သကဲ့သို့ ချမ်းသာမှုကို ဣန္ဒြေနှင့် လက်လှမ်းနိုင်သည်မှာ စင်စစ်အားဖြင့် ထူးဆန်းလှသည် မဟုတ်။ သူတော်ကောင်းတို့၏ သဘာဝ ဖြစ်ပေသည်။ သို့ရာတွင် ဆင်းရဲလျှင် ချုံးပွဲချ ငို၍ ချမ်းသာလျှင် ခုန်ပေါက်မြူးထူးသူတို့သာ ပေါသော ဤခေတ်ကြီး၌ ဦးယောသည် ခပ်ဆန်းဆန်း လူတစ်ယောက် ဖြစ်နေပေတော့သည်။ ဦးယော၌ ဣန္ဒြေသာရှိသည် မဟုတ်၊ ပျော်တတ်သောသဘော (Sense of Humour) လည်း ရှိပေသည်။ သူတစ်ပါး၏ ပြက်လုံးကို ပြုံးတတ်သည်။ မိမိကလည်း သူတစ်ပါးအား ပြုံးရွှင်စေတတ်သော၊ ဖော်ရွေသော စကားကို သုံးနှုန်းတတ်ပေသည်။

တစ်ခါက သူ့အခန်းသို့ဝင်၍ ကျွန်တော်က ပြက်ချော်ချော်နှင့် ဘယ့်နှယ်ဝန်မင်းဟု ဆိုလိုက်ရာ သူက "ဆိုစမ်းပါဦးဗျ၊ နောက်တစ်ခါ ထပ်ပြီး ဝန်မင်းလို့ ခေါ်လိုက်စမ်းပါဦး၊ နားဝင်ချိုလွန်းလို့ပါ" ဟု ပြုံး၍ ပြက်လိုက်လေသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာ့မျက်ပွင့်အမှာ

ရှေးမြန်မာမင်းတို့ ကြီးစိုးစဉ် မြန်မာနိုင်ငံသားများသည် မြန်မာစာ တစ်ခုတည်းကိုသာ သင်ကြားတတ်မြောက်ကြသဖြင့် မြန်မာစာ၌ ရှိသော ဗဟုသုတကိုသာ ရရှိခဲ့ကြလေသည်။ အင်္ဂလိပ်မင်းတို့ ဝင်ရောက်လာသောအခါမူကား အင်္ဂလိပ်စာကို သင်ကြားတတ်မြောက်ကြ၍ အင်္ဂလိပ်စာတွင် ပါရှိသော ဗဟုသုတကို ရရှိကြလေသည်။ အင်္ဂလိပ်လူမျိုးတို့သည် လွန်ခဲ့သောနှစ်ပေါင်း လေးငါးရာလောက်ကစ၍ ကမ္ဘာအရပ်ရပ်သို့ နှံ့စပ်အောင် လှည့်လည်သွားလာ ကျက်စားကြရာတွင် စီးပွားဥစ္စာကိုသာ ရှာကြံကြသည် မဟုတ်ဘဲ ပညာဗဟုသုတကိုလည်း ကတ်ကတ်သတ်သတ် စုံစမ်းရှာဖွေ၍ မိမိတို့ ဘာသာစကားဖြင့် ရေးမှတ်ထားကြသောကြောင့် အင်္ဂလိပ်စာတွင် ကမ္ဘာ့ဗဟုသုတပေါင်းစုံ ရှိလေသည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာတစ်ရပ်မျှကို သင်ကြားတတ်မြောက်ခြင်းအားဖြင့် မြန်မာနိုင်ငံသားများသည် ကမ္ဘာ့ဗဟုသုတကို ကျယ်ဝန်းစွာ ရရှိခဲ့ကြလေသည်။ သို့လျှင် ကျွန်ုပ်တို့အား အင်္ဂလိပ်စာကို သင်ကြားပေးသွားသော အင်္ဂလိပ်တို့၏ ကျေးဇူးကား တစ်နည်းအားဖြင့်ဆိုသော် မနည်းချေ။

တစ်နည်းအားဖြင့် ဆိုသော်မူကား ကျွန်ုပ်တို့မှာ အင်္ဂလိပ်စာကို သင်ကြားခဲ့ရခြင်းအတွက် အကျိုးနည်းတန်သရွေ့ နည်းခဲ့လေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘာသာခြားဖြစ်သော အင်္ဂလိပ်ဘာသာကို နေ့ရှိသမျှ ခွန်တိုက်အားတိုက် လေ့လာသင်ကြား ဖတ်ရှုနေရခြင်းကြောင့် ဘာသာရင်းဖြစ်သော မြန်မာဘာသာဘက်၌ လစ်ဟင်းခဲ့ရသည်။ မိမိဘာသာ၌ တစ်ပါးဘာသာနည်းတူ အားတက်ဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ၊ မှတ်သားဖွယ်ရာ၊ ချစ်မြတ်နိုးဖွယ်ရာများ ရှိသည်ကို မတွေ့ကြ၊ မသိကြ၊ မစူးဝါးမိကြသောကြောင့် ကိုယ့်ဘာသာ၊ ကိုယ့်အမျိုးသားကို အကြောင်းမတန် အထင်သေးလျက် တစ်ပါးဘာသာ တစ်ပါးအမျိုးသားကို အဆမတန် အထင်ကြီးမိခဲ့ကြလေသည်။ ပြင်သစ်ပြည်မှ နပိုလီယန်နှင့် အင်္ဂလန်ပြည်မှ နယ်လ်ဆင်တို့အကြောင်းကို လွမ်းလောက်အောင် စာဖွဲ့၍ပြောနိုင်ကြသော်လည်း၊ မြန်မာပြည်မှ မင်းကြီးရန်နောင်နှင့် မဟာသီလဝတို့အကြောင်းကိုမူကား ကြားဖူးသူပင် မရှိသလောက်ဖြစ်ပေသည်။ အင်္ဂလန်ပြည်မှ ရှိတ်စပီးယားနှင့် မီလတန်တို့၏ ကဗျာများကို နှုတ်လွတ် အာဂုံရွတ်ဆို ပြသနိုင်ကြသော်လည်း မြန်မာပြည်မှ သျှင်ဥတ္တမကျော်နှင့် နဝဒေးကြီးတို့၏ လင်္ကာများကိုမူကား နှုတ်လွတ်အာဂုံဆောင်ဖို့ထားဘိ၊ ကြားဖူးသူပင် နည်းပါးလေသည်။ စာကိုကြားဖူးမည်ကိုထားဦး နဝဒေးဟူသော အမည်ကိုပင် မှန်အောင် မရွတ်နိုင်သူ များစွာရှိပေသည်။ အင်္ဂလန်မှ ဒေစီပန်း၊ ဒက်ဖော့ဒီလ် ပန်းများအကြောင်း ကဗျာများကို လွမ်းလောက်အောင် သီဆိုနိုင်ကြသော်လည်း မြန်မာနိုင်ငံမှ ဒဟတ်ပန်းဘွဲ့ကလေးကိုမူကား တွေ့ဖူးသူနည်းလှပေသည်။

ဤသို့ဆိုသဖြင့် ကျွန်ုပ်တို့သည် အင်္ဂလိပ်ဘာသာနှင့်တကွ တစ်ပါးဘာသာများကို အထင်မကြီးရ၊ ကျွန်ုပ်တို့၏ ဘာသာ၊ ကျွန်ုပ်တို့၏စာ၊ ကျွန်ုပ်တို့၏ အမျိုးသားကိုသာ အထင်ကြီးရမည်၊ အမွှမ်းတင်ရမည်ဟု မဆိုလိုချေ။ တစ်ပါးဘာသာကိုသာ အထင်ကြီးလျက်၊ ကိုယ့်ဘာသာကို အထင်သေးသော ချိန်သီးမကိုက်မှုကိုသာလျှင် ပြင်ဆင်ကြရန် ဖြစ်ပေသည်။

မည်သည့်အကြောင်းကိစ္စ၌မဆို သဘောပေါက်မှုသည် အရေးအကြီးဆုံး ဖြစ်သည်။ တစ်ပါးဘာသာ တစ်ပါးအမျိုး၌ ကျွန်ုပ်တို့၏ ဘာသာ ကျွန်ုပ်တို့၏ အမျိုးထက် ကြီးမားခဲ့ထည် ထူးချွန်ထက်မြက်သော အရာများရှိသော်လည်း တကယ့်တကယ် သဘောပေါက်မှု

mgyoe.com

mgyoe.com
SAMPLE BOOK


အတွက်မူကား ယင်းတို့လောက် ကြီးမားခံ့ထည်ခြင်းမရှိသော ကျွန်ုပ်တို့အထဲမှ အရာများက ပိုမိုထိရောက်သာလွန် အဖိုးတန်ပေသည်။ နိုင်ငံခြားမှလာသော ချောကလက်သည် မည်မျှအဖိုးတန်၍ မည်မျှကောင်းလှပါသည်ဟု ဆိုရစေကာမူ တကယ့်အရေးဆိုသော် မြန်မာများအဖို့ မြန်မာပြည်ထွက် ထန်းလျက်ဖြူခဲလောက် ချိုမည်မဟုတ်ချေ။ ကျမ်းဂန်ကြီးများမှ ဆန်း၊ လင်္ကာ၊ သဒ္ဒါ၊ အဘိဓာန်နှင့် အညီ၊ ပတ္တျာ သိန်းကုဋေဖြန့်၍ ဖွဲ့ဆိုထားသော ဂါထာကြီးတစ်ပုဒ်သည် မည်မျှခံ့ညား၍ မည်မျှလေးနက်လှသည် ဖြစ်စေကာမူ ကျွန်ုပ်တို့ မြန်မာများအတွက် တောင်သူလယ်သမားကြီးများပြောသော "မိုးကောင်းမှ ပျိုးသန်–အိုင်မှန်မှ ကြာပေါက်" ဆိုသော စကားလောက် သဘောမပေါက်နိုင်ချေ။

ဤဆောင်းပါးများနှင့် ဤဝတ္ထုတိုကလေးများကို ရေးသားသူသည် ဤသဘောကို တစိမ့်စိမ့်တွေး၍ နှစ်ပေါင်းများစွာ တစိမ့်စိမ့် ရေးခဲ့ပေသည်။ မြန်မာဆိုတာ ဘယ်သူလဲ (မြန်မာဆိုရာ၌ မြန်မာနိုင်ငံတော်အတွင်း တစ်မိသားချင်း ဖြစ်ကြသော ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယား၊ မွန်၊ ရခိုင် စသည်ဖြင့် အားလုံး ပါရှိသည်) မြန်မာ့အခြေအမြစ်သည် ဘယ်ဟာလဲ၊ မြန်မာ့စိတ်ဓာတ်ဆိုတာ ဘယ်အရာလဲ စသည့် အရင်းအမြစ်များကို တစိမ့်စိမ့် တွေးကြံခဲ့ပေသည်။ ဘယ်သင်းထာဝရလဲ၊ ဘယ်သင်းဇာ်မလဲဟု ခွဲခြားသိရန် ကြိုးစားခဲ့လေသည်။ ဤနှစ်ချက်ကို ခွဲခြားသိမြင်မှသာလျှင် မြန်မာ့အမြစ်အရင်းကို နားလည်နိုင်ပေမည်။ နားလည်မှ သဘောပေါက်နိုင်သည်။ ခွဲခြားသိမြင်နိုင်ရန်မှာ လွယ်သယောင်နှင့် ခက်၏။ သိပ္ပံနည်းနှင့်လည်း မလွယ်၊ အနုပဋိလောမနည်းနှင့်လည်း မရှင်း၊ ထို့ကြောင့် "မမလေး ငယ်ကမွေး၊ တောကရွှေကျေး။ ။ အစာဝခါမှ၊ ဌာနပြန်မည်ရေး၊ တောသံကိုပေး"ဆိုသကဲ့သို့ အပြင်အပ တစ်ပါးနည်းများ ဝ, နေသော်လည်း နေရာမကျ၍ ကိုယ့်စိတ်တွင်းသို့ ပြန်၍ဝင်ရလေသည်။ တစ်နည်းကား မြို့ကြီးပေါ်တွင် မပျော်၍ တောသို့ပြန်ရလေသည်။ တစ်နည်းကား ကမ္ဘာ့စာတွေကို လွှတ်၍ ကိုယ့်စာတွေ၊ ကိုယ့်ရာဇဝင်တွေကို ပြန်၍ကိုင်ရလေသည်။

မြန်မာဆိုတာ ဘယ်သူလဲဟု သိချင်၍ မြို့ကြီးများတွင် ရှာဖွေ

mgyoe.com

mgyoe.com
SAMPLE BOOK


စုံစမ်းရာ ဒံပေါက်ထမင်းနှင့် ငါးပိကြော်ကိုသာ တွေ့ရ၍၊ ငါးပိရည်နှင့် ကန်စွန်းရွက်ပြုတ်ကို တွေ့နိုင်သော ရွာကလေးများသို့ ပြန်ခဲ့ရလေသည်။ ပင်စောက်–ပင်ကြီးများကို မော်ကြည့်တတ်သော အလေ့ကို စွန့်၍ ခြေဖဝါးအောက်တွင် ပေါက်ရောက်အောက်ကျသော မြက်ပင်ကလေးများဘက်သို့ လှည့်ခဲ့ရလေသည်။ ကောင်းကင်တိမ်ညွန့်ကို ထိုးဖောက်လျက် မားမားမတ်မတ်ပေါက်နေသော အပင်ကြီးများမှာ လေလာလျှင် အကိုင်းအခက်များ ကျိုးပွဲပျက်စီး၏။ သူတစ်ပါးဝင်၍ ခုတ်လျှင် အငုတ်ပါမကျန် ပျောက်ကွယ်၏။ လယ်ကန်သင်း ခြေဖဝါးအောက်၌ ပေါက်သော မြက်ပင်ကလေးများကား လေလာလျှင် အညွန့်ကလေး ယိုင်ရုံသာရှိ၏၊ ပျောက်ကွယ်၍ မသွားချေ။ 'ရွာ့ခလေ့' တွင် ပါရှိသော 'ကန်စွန်းနွယ်'၊ 'ရွှေအင်ကြင်း'၊ 'ယင်းတိုက်နှုချိန်' စသည်တို့ကား အဆိုပါသဘောမျိုး ဖြစ်ချေသည်။

လောက၌ ထူးချွန်ထင်ရှားသည်ဆိုသည်ကား အဘယ်နည်း။ သူဌေးကြီးတွေလော၊ စစ်သူကြီးတွေလော၊ စာဆိုတော်ကြီးတွေလော၊ ဘုရင်ကြီးတွေလော၊ ကမ္ဘာ့ရာဇဝင်၌ သူဌေးကြီး၊ စစ်သူကြီး၊ စာဆိုတော်ကြီး စသည်ဖြင့် များစွာရှိကုန်၏။ သို့သော် အနည်းငယ်မျှသာ ထင်ရှား၍ အများအပြားမှာ ပယောင်း၊ ပုရပိုက်ဟောင်း၊ စာအုပ်ဟောင်းကြီးများတွင် ပျောက်ကွယ်ကုန်ကြလေသည်။ အဘယ်ကြောင့်နည်း။ ဌာနန္တရမျှသာရှိ၍ မထူးသောကြောင့် ဖြစ်လေသည်။ အင်ရုံဝန်ကြီးကဲ့သို့သော ဝန်ကြီးများသည် မြန်မာရာဇဝင်၌ များစွာရှိသည်။ သို့သော် အင်ရုံဝန်ကြီးသည် အသက်ပင် သေလိုကသေစေ ထားခဲ့ပြီးသောသစ္စာကို မဖောက်ဟု မယိမ်းမယိုင် မြဲခိုင်စွာ တည်နေခြင်းဖြင့် သစ္စာ၏အဓိပ္ပာယ်ကို ထင်ရှားစွာ ပြခဲ့ပေသည်။ မင်းခေါင်နော်ရထာသည် အလောင်းမင်းတရားကြီး၏ ပြည်ထောင်ဘက် ရဲဘော်ကြီးဖြစ်သည်။ သတ္တိအရာကို ထင်ရှားစွာ ပြခဲ့ပေသည်။ သေသည်အထိ ရဲဘော်ရဲဘက်ချင်း သစ္စာတည်ခဲ့သည်။ မင်းသားတစ်ပါး မဆင်မခြင် ပြုရာမှ မသင်္ကာမှုကြောင့် မပျက်စီးတန် ပျက်စီးရလေသည်။ နောက်လူများအဖို့ ကြီးလှစွာသော သင်ခန်းစာကြီးတစ်ရပ်ကို ထားခဲ့ပေသည်။ ယောမင်းကြီး၊ တောင်တွင်းကြီး ဦးကြော့၊ ဦးရွှေကြူး၊ ဆရာရော စသည့် ပုဂ္ဂိုလ်တို့လည်း၊ မိမိတို့ ဆိုင်ရာကဏ္ဍများတွင် ရှေ့ဆောင်

mgyoe.com

mgyoe.com SAMPLE BOOK


လမ်းပြများ ဖြစ်ခဲ့ကြလေသည်။

လူတစ်ယောက်၏ အကြောင်းကို မည်သည့်မြို့ရွာ၊ မည်သည့် ခုနှစ်သက္ကရာဇ်တွင် မည်သူ့မိဘက မွေးသည်၊ မည်သည့် ဆရာထံတွင် ပညာသင်၍ မည်သည့်ဘွဲ့ကို ရခဲ့သည်၊ မည်သည့်ရာထူး ထမ်းရွက်သည်၊ မည်သည့်နှစ် ကွယ်လွန်သည် စသည်များလောက်နှင့်မူကား ဘာမျှမသိနိုင်။ ဆေးရုံများတွင်ထားသော ဖွားသေစာရင်းထက် မထူးချေ။ ထိုသူသည် မည်သို့သောအချက်၌ မည်သို့ ဆောင်ရွက်ခဲ့သည်၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် လူတို့အတွက် မည်သို့အကျိုး ဖြစ်ထွန်းစေသည် ဆိုသည်များကိုသိရမှ ထိုသူ၏ အလုံးအထည် ဂုဏ်ထူးများ ပေါ်လာလေသည်။ အထက်ဖော်ပြရာပါ ပုဂ္ဂိုလ်များ၏အကြောင်းကို စာရေးသူသည် ဤနည်းဤသဘောဖြင့် ကြည့်ခဲ့ပေသည်။ ဤနည်းနှင့် ကြည့်ခြင်းအားဖြင့် အင်ရုံဝန်ကြီး စသော ပုဂ္ဂိုလ်ကြီးများသည် ပေဟောင်း၊ ပုရပိုက်ဟောင်း၊ ကျမ်းဟောင်းကြီးများတွင် တစ်ပါးပုဂ္ဂိုလ်များနည်းတူ နစ်မြုပ်နေရာမှ ရဲရဲတောက် ပေါ်ထွက်လာကြလေသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် ကျွန်ုပ်တို့ကို လမ်းပြနိုင်ကြသည်။ တစ်ပါးလူမျိုး၊ တစ်ပါးစာပေများတွင် ထူးချွန်သော ပုဂ္ဂိုလ်များ ရှိသကဲ့သို့ ငါတို့အမျိုး၊ ငါတို့စာပေတွင်လည်း ဂုဏ်ယူလောက် မှတ်သားလောက်သော ပုဂ္ဂိုလ်ထူးများ ရှိပါပေတကားဟု စိတ်ဓာတ် တက်ကြွစေနိုင်သည်။

မြန်မာစကား၌ ချစ်မငြီး၊ ရှုမငြီး၊ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်မြတ်နိုးအပ်သော အရာများကို မျက်ရှု၊ မျက်နှစ်၊ မျက်ပွင့် စသည်ဖြင့် ခေါ်ဆိုကြ၏။ ဤစာအုပ်တွင် ပါရှိသော အကြောင်းအရာများကား၊ မြန်မာတို့ ချစ်အပ်၊ မြတ်နိုးအပ်သော 'မြန်မာ့မျက်ပွင့်' များဖြစ်၏။ ကျွန်ုပ်တို့ တင်ပြလိုသော သဘောများကို တတ်စွမ်းသမျှ အရှင်းဆုံးနည်းဖြင့် ရေးသားခဲ့၏။ ကျွန်ုပ်တို့ စေတနာရှိသလောက် ပေါက်ရောက်ပါမူကား ကာလရှည်လျားစွာ ကြိုးပမ်းရှာဖွေ ရေးသားရကျိုး နပ်ပေလိမ့်မည် ဖြစ်ပါကြောင်း။

ဧမောင်

mgyoe.com



mgyoe.com SAMPLE BOOK mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




ရောမမြို့ကြီး အလွန်ကြီးကျယ်သည်၊ လွန်ခဲ့သော နှစ်ပေါင်း ၂,၀၀၀ ကျော်၊ ၃,၀၀၀ လောက်က စ၍တည်ခဲ့သည်။ လန်ဒန်မြို့ကြီး အလွန်ခမ်းနားသည်၊ တစ်မြို့တည်းတွင် လူဦးရေ ၈,၀၀၀,၀၀၀ လောက်နေသည်၊ ကာလကတ္တားမြို့ကြီး အလွန်ကျယ်ပြန့်သည်၊ စင်ကာပူမြို့ကြီး အလွန်သာယာလှပသည် စသည်ဖြင့် အဝေးမြို့ကြီးပြကြီးများအကြောင်းကို လေ့လေ့လာလာ မှတ်မှတ်သားသား၊ ဂရုတစိုက် ကွက်စိတ်ချ၍ ပြောတတ်ကြသူ၊ ပြောနိုင်ကြသူများ အလွန်ပေါများသော်လည်း ဒို့မြို့နားက ဖိုးသာအောင်ကုန်းရွာကလေးအကြောင်း ပြောစမ်းပါကွာဟု ဆိုသောအခါ ပါးစပ်ဟနေသူများကိုသာ အတွေ့ရများပေသည်။

မကြာမီက တောပိုင်းမှလူတစ်ယောက် အိမ်သို့ လာရောက်တည်းခိုသွားဖူးလေသည်။ ထိုသူ၏ပါးစပ်တွင် ခေတ်ပေါ်စကား ခေတ်ပေါ်သတင်းများနှင့် ပြည့်ဝလျှံတက်နေသော်လည်း စကားစပ်မိ၍ "ခင်ဗျားတို့ရွာ အိမ်ခြေဘယ်လောက်ရှိသလဲဗျာ" ဟု မေးကြည့်ရာ "ဟိုဒင်းလေ... တောင်ပိုင်းက အိမ်ခြေလေးဆယ်လောက်၊ အဲ မြောက်ပိုင်းကတော့ နှစ်ဆယ်လောက် ရှိထင်ပါရဲ့၊ ချောင်းဟိုဘက်ကတော့ ဆယ်အိမ်လောက်... အားလုံးပေါင်း ၇၀ လောက် ဆိုပါတော့ဗျာ" ဟု မှန်းကာသန်းကာ ပြောလေသည်။ ထို့နောက်

mgyoe.com

mgyoe.com SAMPLE BOOK

"ရွာတွင် အိမ်ခြေမတိုးဘူးလား၊ လူနေမတိုးဘူးလား... ဘယ်လောက်များ တိုးလာသလဲ..." မေးရာ "တိုးတော့ တိုးတာပဲဗျ၊ ချောင်းဟိုဘက်ကမ်းမှာ အားလုံး ခြောက်အိမ်လောက်ရှိထင်ပါရဲ့..." ဟု ပြန်ပြောလေသည်။ အိမ်ခြေ တစ်ရာမျှပင်မပြည့်သော ရွာငယ်ကလေးဖြစ်သည်၊ ထိုသူသည် ရွာသားဇာတိ ဖြစ်၏၊ နေ့စဉ်နှင့်အမျှ ရွာထဲတွင်နေသည်၊ သို့ပါလျက် ကိုယ့်ရွာတွင် အိမ်ခြေ ဘယ်လောက်ရှိသည်ကိုမျှ တိတိကျကျ မသိသူဖြစ်ကြောင်း တွေ့ရပေသည်၊ ဘာမျှခက်ခဲသော အရာမဟုတ်၊ ကိုယ့်ရွာကလေးကိုကိုယ် စိတ်မဝင်စားမှု ဖြစ်ပေသည်။

## ကျေးရွာသည်သာ အခြေအမြစ်

အမှန်စင်စစ် ကမ္ဘာပေါ် အရပ်ရပ် မည်သည့်နေရာဒေသ၊ မည်သည့် နိုင်ငံတွင်မဆို ကျေးရွာသည်သာလျှင် အခြေအမြစ် ဖြစ်ပေသည်။ မြို့ကြီးပြကြီး များမှာ မည်မျှပင် ကြီးမားခံ့ထည်သည် ဆိုစေကာမူ စီးပွားရေး၊ ပညာရေး စသည်တို့အတွက် ခေတ္တနေထိုင်ရာ အရပ်များသာလျှင် ဖြစ်သောကြောင့် တိုင်းသူပြည်သားတို့၏ အခြေအမြစ်စိုက်ရာ ဒေသမဟုတ်ချေ။ အမျိုးသားရေး နှင့် ပတ်သက်၍သော်လည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်နှင့် ပတ်သက်၍သော် လည်းကောင်း မြို့ကြီးများ၌ ထက်ထက်သန်သန် မြဲမြဲမံမံ ပေါ်ပေါက်ခွင့်မရ၊ ကျေးလက်တောရွာများ၌သာလျှင် ထက်ထက်သန်သန်နှင့် အခြေအမြစ် စွဲလေ့ ရှိလေသည်။

ထို့ကြောင့် ကမ္ဘာအရပ်ရပ်တွင် ကျေးလက်တောရွာများ၌ စိတ်ဝင် စားမှုကို နည်းအမျိုးမျိုးဖြင့် မျက်ခြည်မပြတ် အထူးပြုစု ပျိုးထောင်ထားကြ ပေသည်။ အင်္ဂလန်ပြည်သည် မြို့ကြီးပြကြီး အလွန်ပေါများသောဒေသ ဖြစ်ပေသည်။ သို့သော် မိမိတို့ ကျေးရွာကလေးများကို အလွန်စိတ်ဝင်စား လျက် အလွန်ဂရုစိုက်ကြသည်။ ထိုကျေးရွာကလေးများအကြောင်းကို ရှေး အခါမှစ၍ ယခုအထိ တရိတသေ မှတ်တမ်းတင်ထားကြသည်၊ ကျေးရွာ တိုင်း ကျေးရွာတိုင်း သမိုင်းတစ်ခုစီ ရှိကြသည်။

ရှေးပဝေဏီမှစ၍ မိမိတို့ရွာတွင်း၌ ထူးထူးချွန်ချွန် ထွက်ပေါ်သော လူကြီးသူမများ၏ အကြောင်းအရာများကို ရေးသားစုဆောင်းထားကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ရွာတစ်ရွာရှိ အကြောင်းအရာများကို ခြစ်စည်းရိုး၊ လယ်ကန်သင်းကလေးများမှုမကျန် ကွက်စိတ်ရိုက်၍ မြေပုံနယ်ပုံများ ရေးဆွဲမှတ်သားထားကြပေသည်။ ဤသို့ လေးလေးစားစား မှတ်သားထားကြခြင်းအားဖြင့် ရွာသားကလေးများမှာ သိတတ်စအရွယ်မှစ၍ မိမိတို့ ကျေးရွာကလေးအကြောင်းကို ကောင်းကောင်းသိရှိကြ၍ ဂုဏ်ယူကြလေသည်။ မိမိတို့ရွာကလေးကို စွဲလမ်းကြသည်။ စိတ်တွင်း၌ အခြေအမြစ် စိုက်ကြသည်။ ရွာကိုချစ်သောစိတ်သည် အမျိုးကိုချစ်သောစိတ်သို့ ကူးပြောင်းလာလေသည်။ သို့လျှင် အင်္ဂလန်ပြည်သည် ကျွန်းကလေးသာဖြစ်၍ ငယ်ပင် ငယ်ငြားသော်လည်း မျိုးချစ်စိတ်ထက်သန်မှု အခြေအမြစ် ခိုင်မာလှသောကြောင့် ဆီးရွက်လောက်ပမာဏမှ ကမ္ဘာတစ်ဝက်လောက် ဖုံးလွှမ်းအောင် ကြီးကျယ်သော အင်ပိုင်ယာနိုင်ငံကြီးအဖြစ်သို့ရောက်ခြင်း၊ ကျွန်ုပ်တို့ တစ်သက်တာအတွင်းမှာပင် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ဟူ၍ ကြောက်မက်ဖွယ်စစ်ကြီး နှစ်ကြိမ်ဖြစ်၍ အလူးအလဲခံလိုက်ရသော်လည်း မယိုင်မလဲ မားမားမတ်မတ် ခံလိုက်နိုင်ခြင်း ဖြစ်ပေသည်။

## ကျေးရွာသမိုင်း

လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ လောက်က ထုတ်ဝေသော အင်္ဂလန်ပြည် ဆပ်ဆက်နယ် သမိုင်းဟောင်းကလေးတစ်စောင်ကို ကျွန်ုပ်တို့ တွေ့ရဖူးသည်။ ထိုသမိုင်းကလေးတွင် ဆပ်ဆက်နယ်အတွင်း ရှိသမျှ ကျေးရွာကလေးများ၊ ချောင်းကလေးများ၊ သစ်တောများ၊ လုပ်ခင်း လယ်တာများစသည်ဖြင့် တစ်ခုမကျန် ဖော်ပြထားပေသည်။ ရွာကလေးများအကြောင်းဆိုလျှင် ဘယ်မင်းလက်ထက် ဘယ်သူတည်ခဲ့သည်။ ဘယ်မင်းလက်ထက်စစ်ပွဲကြီးဖြစ်ရာ ရွာကလေးမှာ စစ်တလင်းဖြစ်၍ မည်မျှပျက်စီးခဲ့ရဖူးသည်။ ထိုရွာက မည်သည့် ထူးချွန်သောပုဂ္ဂိုလ်ကြီးများ ပေါ်ပေါက်ခဲ့ဖူးသည် စသည့်ဂုဏ်ယူဖွယ်ရာ အချက်အလက်များကို ထည့်သွင်းပြထားသည့်ပြင် ရွာနေလူမည်မျှရှိသည်၊ မည်သည့်အလုပ်အကိုင်များကို လုပ်ကိုင်ကြသည်၊ ရွာသူကြီး၊ ရွာဘုန်းတော်ကြီး၊ ရွာကျောင်းဆရာ၊ ရွာစာအုပ်ဆိုင်၊ ရွာစာပို့တိုက်၊ လှည်းပြင်ဆရာ၊ လက်သမားဆရာ၊ ပန်းရန်ဆရာ၊ ဖိနပ်ချုပ်ဆရာ စသည်ဖြင့် သေချာ

mgyoe.com

mgyoe.com  SAMPLE BOOK 

စွာ ပြသထားပေသည်။ ဤစာရင်းကလေးကို ဖတ်လိုက်ရသည်နှင့်ပင် ကျေးရွာကလေး၏ အနေအထား၊ ရိုးသားပုံ၊ သာယာပုံကလေးများ ပေါ်လာပေသည်။ ယခုလည်း ဤအတိုင်းပင် ဆက်လက်ရေးသား စုဆောင်း ထုတ်ဝေလျက်ပင် ရှိပေသေးသည်။

## ကျေးရွာသမိုင်းနှင့် ပညာသင်ကြားရေး

ဤလုပ်ငန်းကို အင်္ဂလန်ပြည်၌ အကြီးအကျယ် လုပ်ကိုင်လျက် ရှိပေသည်။ ကျေးရွာသားများသည် မိမိတို့၏ ဇာတိရပ်ဌာန်ဖြစ်သော ကျေးရွာကလေးအကြောင်းကို ကောင်းကောင်းသိထားရန်၊ စိတ်ဝင်စားနေကြရန်၊ အမြဲမပြတ် ဂုဏ်ယူနေကြရန် အထူးစိမံဖန်တီးပေးထားပေသည်။ လူကြီးများကိုသာမဟုတ်၊ လူငယ်ကလေးများကိုလည်း ဤစိတ်ဓာတ်မျိုး ပေါ်ပေါက်လာအောင် သွတ်သွင်းပေးထားလေသည်။ ကျေးရွာကျောင်းများ၌ ပညာသင်ကြားမှုတွင် ကျေးရွာအကြောင်း သိရှိနားလည်စေခြင်းသည် အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်လေသည်။ ကျောင်းသား လူငယ်ကလေးများအား စာအုပ်စာတမ်းများဖြင့် ပြသပေးသည်။ ရွာနီးချုပ်စပ် သစ်ပင်ကလေးများ၊ ငှက်ကလေးများ၊ ချောင်းကလေးများ၊ တောင်ကုန်းကလေးများကို လှည့်လည်ကြည့်ရှုမှတ်သားစေခြင်းဖြင့် ရွာ၏ အခြေအမြစ်ကို စိုက်ပျိုးပေးလေသည်။

မည်မျှ အဖိုးအနဂ္ဃထိုက်တန်စေကာမူ နားလည်ခြင်းမရှိက မြတ်နိုးခြင်း မရှိနိုင်၊ အဖိုးမတန်ဟု ထင်ရသော အရာကိုပင် နားလည်က မြတ်နိုးခြင်း ရှိနိုင်သည်မှာ လူတို့၏ ဓမ္မတာသဘာဝတရား ဖြစ်ပေသည်။

## ပျော်ဖွယ်ကောင်းသောကျေးရွာ

နိဗ္ဗာန်ဆိုတာ ရုပ်ရှင်ရုံ ရှိသလား၊ ဘောပွဲရှိသလား၊ ဟိုတယ်ရှိသလား၊ ခေါက်ဆွဲဆိုင် ရှိသလား၊ ဒါတွေမရှိရင် ခြောက်ကပ်ကပ်နဲ့ မသွားချင်ဘူးဟု ပြောတတ်ကြသကဲ့သို့ ကျေးရွာဆိုသည်မှာ ရုပ်ရှင်မရှိ၊ ဟိုတယ်မရှိ၊ မော်တော်ကား မရှိ၊ လမ်းကောင်းကောင်းမရှိ၊ လက်ဖက်ရည်ဆိုင်မရှိသော အရပ်ဖြစ်၍ ခြောက်ကပ်ကပ်နှင့် ပျင်းစရာအရပ်ဟု မှတ်ထင်ကြပေသည်။ ထိုထိုသို့သောအရာများ မရှိသည်မှာ မှန်၏။ သို့သော် မြင်တတ်သောသူများအဖို့၊

mgyoe.com

mgyoe.com
SAMPLE BOOK


လေ့လာတတ်သောသူများအဖို့ ကျေးရွာကလေးလောက် ပျော်ဖွယ်ကောင်းသည့် နေရာရှိမည် မဟုတ်ချေ။

ကြည့်လိုက်လျှင် သက်ငယ်မိုး ဝါးထရံကာ အိမ်ငယ်ကလေး အနည်းငယ်မှတစ်ပါး အခြားဘာမျှမရှိပေ။ ခြောက်ကပ်ကပ်ပင် ဖြစ်သည်။ သို့သော် အတွင်းသို့ တကယ်ဝင်သွားသောအခါမူကား၊ ဤလေးငါးခြောက် အိမ်စုကလေးပင် လောက,ကလေးတစ်ခု ဖြစ်သည်ကို တွေ့ရပေမည်။ မှတ်စရာတွေ အများကြီးရှိသည်။ စိတ်ဝင်စားစရာတွေ တောင်ပုံရာပုံ တွေ့ရပေလိမ့်မည်။ ရွာတောင်ဘက်လမ်းအနီး ညောင်ပင်ကြီးအောက်တွင် လက်ဖက်ရည်ကြမ်းနှင့် ဘူးသီးကြော်ရောင်းနေသော ဒေါ်ညွာတို့ မိသားစုတစ်စုပင် စိတ်ဝင်စား၍ မကုန်နိုင်အောင် ဖြစ်သည်။ ၎င်းတို့ သားအမိများ၏ အကြောင်းကိုမေး၍ မှတ်တတ်မည်ဆိုလျှင် ကိုသုခတို့၊ ကိုသာစုတို့၊ ကိုတင့်တယ်တို့၊ ဘဘကြီး ဦးရန်အောင်တို့ စိတ်ကူးကောင်းတိုင်း ရေးသားကြသော ဝတ္ထုများထက် အဆတစ်ရာကောင်းလျက် စာမျက်နှာ ၁,၀၀၀ ကျော်လောက် ရှိသောအကြောင်းအရာများကို ရနိုင်ပေမည်။ ရွာ့တောင်ဘက်က ရင်ကွဲဇရပ်နှင့် ဘုရားငုတ်တိုကလေးအကြောင်း စုံစမ်းကြည့်လျှင် ဒွတ္တပေါင်မင်း ဟိုဘက်ကျော်၍ သီရိဓမ္မာသောကမင်းလက်ထက် စေတီရှစ်သောင်း လေးထောင်အထိ ရောက်သွားကောင်းသွားပေမည်။ ရွာမြောက်ဘက်က ချောင်းမကလေးအကြောင်းမေးလျှင် ရှေးရှေးက ရေထဲဆင်းပြီး သေဖူးသော ဖတဆိုး မုဆိုးမသမီးချစ်စိန်ကလေး အကြောင်းနားထောင်၍ မငြီးအောင် ကြားသိရပေလိမ့်မည်။ ဤအကြောင်းများ ပေါ်လာသောအခါ၊ ဒို့ရွာကလေးသည် ပျင်းဖွယ်ရာ မဟုတ်တော့ပြီ၊ လွမ်းစရာကလေးတွေ၊ စွဲစရာကလေးတွေကို မေ့နိုင်ပါဦးမလား။ မမေ့နိုင်လျှင် အခြေစိုက်မိပြီ။ အခြေစိုက်မိလျှင် တို့ရွာ၊ တို့ပြည်၊ တို့အမျိုးသားဆိုသော စိတ်ဓာတ်များ တလျှမ်းလျှမ်းတက်လာရန်သာ ရှိပေတော့သည်။

## ရုပ်ရှင်ကားပေါ်မှ ကျေးရွာ၏အရသာ

တစ်ခါက ရန်ကုန်မြို့ အလယ်ကောင် ရုပ်ရှင်ရုံကြီးတစ်ရုံကို သွား၍ကြည့်မိသည်။ ရုပ်ရှင်ထဲတွင် တောင်စောင်းက လကလေးထွက်လာ၍

mgyoe.com

mgyoe.com
SAMPLE BOOK


အိပ်ပျော်နေသော ကျေးရွာကလေးပေါ်သို့ လရောင်ထိုးလာသည်။ ရွာထိပ် ထိမ်ပင်ကြီးပေါ်ရှိ ငှက်ကလေးနှစ်ကောင်သည် လရောင်ကြောင့် လန့်ကာ ကရီ ကရီဟု မြည်ကြသည်။ ကောင်းပါ၏။ ငွေ ဒီ ပေးခဲ့ရသည်။

သို့သော် ကျေးရွာကလေးတွင်မူကား ငွေ ဒီ မပေးရဘဲ အလကား မြင်ရကြားရသည့်ပြင် ဓာတ်ကားပေါ်တွင် ဖမ်းလာသော အရိပ်အယောင်မျိုး မဟုတ်ဘဲ၊ တကယ့်ငှက်နှင့် တကယ့်လရောင်ကလေးများကို မြင်ရသည်။ လယ်တောမှ လတ်လတ်ဆတ်ဆတ် ဖမ်းယူလာခဲ့သော ငါးဆီပြန်ချက် ကလေး၏ အရသာနှင့် သံစည်ဘူးထဲက ဆာဒင်းငါး၏ အရသာလောက် ခြားပေသည်။

နှင်းဆီခြံသည် ကောင်းပါ၏၊ လှပါ၏။ သို့သော် လူတို့က စိုက်နိုင်၊ ပျိုးနိုင်၊ ရေလောင်းနိုင်၊ ပြုစုနိုင်မှ ပေါက်သည်။ လူက ပြုစုမပေးနိုင်သည်နှင့် ပျောက်ကွယ်ကုန်၏။ လယ်ကန်သင်းရေစပ်မှ ကန်စွန်းနွယ်ကလေးကား မည်သူမျှမပြုရဘဲ သေသည် ပျောက်သည်မရှိ၊ အမြဲထာဝရ ရွှင်လန်းပေါက် ရောက်လျက် ရှိ၏။ ကျွန်ုပ်တို့၏ ကျေးရွာကလေးများဘက်သို့ မျက်နှာမူကြ ပါဦးစို့။

*

လက်ဆုံတွေချပါလို့၊ ဟန်ကျအောင်စီ။
ရွှေနောင်သူပျိုအပေါင်းရယ်၊
မောင်းကျောက်ကိုချီ။ ။
ချိုကျူးငယ်သီ၊ ညီအောင်ပအချက်ပေး။
ပျော်ရွှင်ရွှင် ယဉ်ယဉ်တွဲပါလို့၊ နွဲကြစို့လေး။ ။

mgyoe.com

mgyoe.com SAMPLE BOOK

# ကောက်ရိုးနွယ်



တပေါင်းကလည်း ဆန်းကြယ်ပေ၏၊ တန်ခူးကလည်း လှပါပေ၏။ တပေါင်းလရောက်လျှင် နှင်းကလေး တဝေဝေ၊ မြူကလေး တဆို့ဆို့နှင့် တောင်လိုလို မြောက်ယောင်ယောင် လွမ်းစိတ်များ ပေါ်လာ၏၊ သွားလေသူ အဖေ့မျက်နှာ၊ အမေ့မျက်နှာ၊ အစ်ကို့မျက်နှာ၊ အစ်မမျက်နှာများကို မြင်ယောင်မိ၏။ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီ။ "ရန်ကုန်ရောက်ရင် ကျွန်မ မမေ့နဲ့နော်။ ရောက်ရောက်ချင်း စာထည့်လိုက်နော်။ အမေသိရင် ဆူနေဦးမယ်။ ဈေးထဲက ဒေါ်ဒေါ်အေး နာမည်နဲ့ထည့်နော်။ ကျွန်မ ဈေးသွားရင်း ဝင်ယူမယ်။ သီတင်းကျွတ် အလုပ်ပိတ်ရက် ဆက်ဆက်ပြန်ခဲ့နော်။ ကျောင်းက ပြန်တုန်းကလို အိမ်ကို တိုက်ရိုက်ကြီး ဝင်မလာနဲ့ဦး" ဟု မှာလိုက်သော အသံကလေးကို ပြန်လည်ကြားယောင် လွမ်းတမိ၏။ လွမ်းရင်း လွမ်းရင်း တန်ခူးရောက်ခဲ့ပြန်၏။ ရွက်သစ်ပုရစ်အဖူးအညှောက်ကလေးတွေ ထွက်လာ၏။ တစ်ခွင်တစ်ပြင်လုံး စိမ်းနုလျက် ရှိ၏။ တစ်ခါတစ်ခါ နံ့နက်ကြော မြူဆို့သလိုလို မှုန်မှုန်မှိုင်းမှိုင်းကလေးပြုနေ၏။ "ကျီးကန်းတွေ ဒီနှစ် အသိုက် စောစော လုပ်ကြတယ်ကွ။ မိုးဦးစောလိမ့်မယ် ထင်ပါရဲ့" ဟု ဦးကြီးရွှေဖိုး ပြောသံနှင့်အတူ အနောက်ဘက်ဆီက မိုးသားကလေးလိုလို သန်းသွားသည်ကို မြင်လိုက်မိ၏။ တပေါင်းကလည်း ဆန်းကြယ်ပေ၏။ တန်ခူးက

mgyoe.com

mgyoe.com
SAMPLE BOOK


လည်း လုပါပေသည်။ အလွမ်းစိတ်နှင့် အတွေးစိတ်သည် သူတစ်ပြန် ငါတစ်ပြန် ပေါ်လာကြကာ စာဆိုလိုသော စိတ်ကလည်း တဖွားဖွား တက်လာ၏။

**"နယ်ရှစ်ခွင်ဆုံ၊ ကျူခင်ရိုး၊ မြူနိုးငယ်အုံ၊ ကုံရာသီပြောင်း၊ ခါတပေါင်း၊ ညှာညောင်းကွန့်ချိန်၊ ညို့ညို့ညီးလို့၊ ရှို့မီးထိန်၊ ဂိမ္ဗပဋ္ဌမ၊ ပုရစ်ဖူးတံ၊ ခေတ်ကူးပြန်၊ သစ်ထူးဟန်သတာမို့၊ လဘရဂုဏ္ဌိ၊ ယုဂန်နန်း၊ ယုန်စန်းငယ်မှိ၊ ဘုံနန်းဆီက၊ ရွှေဖိမွှေးခိုက်၊ ကြင်သူငယ်ဝေး၊ လင်ရေးမို့ လိုက်ခဲ့ရ..."**

တောင်တွင်းကြီး ဦးကြော့၏အသံဖြစ်သည်။ ဦးကြော့သည် ဘာကို လို၍ ဆိုခဲ့သနည်း။ တပေါင်းလရောက်သောအခါ ဦးကြော့၏ရင်တွင်း၌ ကျွန်ုပ်တို့ ယခု လွမ်းသကဲ့သို့ လွမ်းစိတ်များ ပေါ်ခဲ့လေသလော။ စကားလုံး ကလေးတွေကလည်း လွမ်းဖွယ်ရှိ၏။ စာကလည်း လွမ်းဖွယ်ရှိ၏။ အချိန် အခါကလည်း လွမ်းဖွယ်ရှိ၏။ တပေါင်းလတွင် မင်းသမီးကလေး လင်ပျောက်၍ လွမ်းခဲ့၏။ ကျွန်ုပ်တို့ကား ဘာပျောက်၍ ဘာလွမ်းမိကြ သနည်း။

လူဘဝတွင် တော်တော် အနေရခက်သော တပေါင်း၊ တန်ခူးဖြစ်၏။ တော်တော် အတွေးရခက်သော အချိန်ရာသီဖြစ်၏။ တောင်တောင် မြောက် မြောက် ကြည့်မိ၏။ ရွက်နုတက်၍ စိမ်းလဲ့လဲ့နေသော တောတန်းကလေးကို မြင်မိ၏။ ငိုတော့မလိုလို ပြုံတော့မယ်ယောင်ယောင် တောင်ဘက်က ပြာလဲ့လဲ့ တက်လာသော မိုးသားကလေးများကိုလည်း မြင်မိ၏။ တောစပ်တွင် တစ်ပင်တည်းထွက်၍ ပင်လုံးကျွတ်ပွင့်နေသော ရွှေဖိပန်းများကိုလည်း မြင်မိ ၏။ သို့သော် ကျွန်ုပ်၏စိတ်ထဲတွင် ထိုအရာများကို မလွမ်း၊ ကျွန်ုပ်၏ မှန်တည်းဟူသော နှလုံးတွင်း၌ ထိုအရာများသည် အရိပ်မထင် ဘာကို လွမ်းသနည်း၊ ဘာကို သတိရသနည်း၊ ဘာကို မျှော်သနည်း။

## ဘဝ၏ ညှဉ်းပန်းခြင်းကို ခံနိုင်သူနှစ်ဦး

ရပ်နေသော လယ်ကန်သင်းကလေးကို ငုံ့၍ကြည့်မိ၏။ ကန်သင်း ကလေး၏ လက်ဝဲဘက် ချိုင့်ကလေးထဲတွင် ရေမခန်းတခန်း ရှိသေး၏။

mgyoe.com

m g y o e . c o m
SAMPLE BOOK


လက်ယာဘက် လယ်ကွက်ထဲတွင်ကား ကောက်ရိတ်သမား ချန်ထားခဲ့သော ရိုးပြတ်ကလေးများ ငိုးတိုးငေါက်တောက် ရှိ၏။ ချိုင့်ကလေးထဲမှ လူး၍ တက်လာသော ကန်စွန်းရိုးနီအညွန့်ကလေးသည် တစ်ဖက်လယ်ကွင်းထဲသို့ ဆင်းရန် ကြိုးစားနေ၏။ ကန်စွန်းရိုးနီကလေး မရောက်တရောက် နေရာမှ ရိုးပြတ်များကို လိမ်၍ ပပ်ကြားအက်များကို ကျော်လျက် ပေါက်သွားသော ကောက်ရိုးနွယ်ကလေးကိုမြင်၏။ အတော်သန်ပုံရ၏။ အရင်းဘက်တွင် အရွက်များ ရင့်လျက် လက်ခွကြားမှ အပွင့်ကလေးတစ်ပွင့် ထွက်နေ၏။ လက်သန်းဖျားလောက် ရှိ၏။ အနားဖြူ၍ အလယ်တွင် ခရမ်းရောင်လိုလို ရှိ၏။ အနွယ်ကလေးလည်း ရိုးရိုးဖြစ်၏။ အရွက်လည်း ရိုးရိုးဖြစ်၏၊ အပွင့်လည်း ရိုးရိုးဖြစ်၏။ မြေကြီးကိုတွား၍ ပေါက်ရ၏။ ပပ်ကြားအက်များ အကြားတွင် ပျော်ရ၏။ သူများတကာ အပင်တွေ ဝေဝေဆာဆာပေါက်၍ လယ်ကွင်းခြောက်မှ ပေါက်ရ၏။ တော်တော်ရိုး၏။ တော်တော် အောက်တန်း ကျ၏။ သို့သော် အနွယ်ကလေးမှာ အားလျော့ပုံမရ။ အညွန့်ကလေး တစ်ညွန့်သည် တစ်ထွာကျော်ကျော်မျှရှိသော ရိုးပြတ်ကလေးကို လိမ်တက်၍ ခေါင်းကလေးမော်ကာ ဟိတ်ဟန်ထုတ်နေပုံရ၏။ ၎င်းနှင့် သုံးတောင် လောက်တွင် မိန်းမပျိုကလေးတစ်ယောက်သည် ရိုးပြတ်ကြားထဲတွင် ငုံ့ကာ ငုံ့ကာ ကောက်ရိုးနွယ်များကို ရှာ၍ခူးနေ၏။ အသက် ၁၆ နှစ်သာသာ လောက်ရှိ၏။ ထဘီကလေး ဒူးလောက်ထိ ဝတ်ထား၏။ ဆံထုံး နောက်တွဲ ကလေး ထုံးထား၏။ ခြောက်တောက်တောက်၊ ဆီနှင့် ဝေးပုံရ၏။ အင်္ကျီ ကလေးမှာလည်း လက်မောင်းစုတ်နေ၏။ ကောက်ရိုးနွယ်ကလေး ရိုးသလို ရိုး၏။ ကောက်ရိုးနွယ်ကလေး အောက်ကျသလို အောက်ကျ၏။ ကောက်ရိုး နွယ်ကလေးသည် တစ်ပါးအပင်များပေါက်ပြီး လယ်ကွက်ခြောက်မှ ပေါက်ရ သကဲ့သို့ ကလေးမကလေးသည်လည်း သူတစ်ပါးလက်ဦးစား၊ သူတစ်ပါး လက်ဦးယူပြီး အကြွင်းအကျန်ကလေးများကို လိုက်၍ ကောက်ရသူဖြစ်၏။ သို့သော် ကောက်ရိုးနွယ်ကလေး သန်သလို ထိုမိန်းကလေးလည်း သန်၏။ ကောက်ရိုးနွယ်ကလေး ခေါင်းကလေး ထောင်သလို မိန်းကလေး၏ ခေါင်း ကလေးသည် ထောင်လျက်ရှိ၏။ ထိုကောက်ရိုးနွယ်နှင့် ထိုမိန်းကလေးတို့ ကား ဘဝ၏ ညှဉ်းပန်းခြင်းကို ခံနိုင်သူများဖြစ်၏။ ဘဝ၏ ဖိစီးခြင်းကို

m g y o e . c o m

mgyoe.com
SAMPLE BOOK


ရှန်းကန်နိုင်သူများဖြစ် ၏။ လက်ဦးစား လက်ဦးပေါက် ရာသီကောင်းကို မှီ၍ ဟန်ပြခဲ့သူများ ပြိုလဲပျက်စီးကြသော နွေခေါင်ခေါင် မြေခြောက်ခြောက် တွင် ခေါင်းထောင်နိုင်သူများ ဖြစ်၏။ ကမ္ဘာ့အဆီအနှစ်ကို မစားရသော် လည်း ကမ္ဘာနှင့် ဆိုးတူကောင်းဘက် သွားကြသူများ ဖြစ်၏။ ၎င်းအပေါ် က ငွါးငွါးစွင့်စွင့်မိုး၍ ပေါက်လျက် လူတို့အမြတ်တနိုးထားကြသော ကောက် ပင်များ အဘယ်သို့ ရောက်ကုန်ပြီနည်း။ စာဆိုတော်ကြီးများ ချီးကျူးခဲ့ကြ သော နှင်းဆီ၊ စံပယ်တို့ အဘယ်သို့ ရောက်ကုန်ကြပြီနည်း။ ရွှေဘုံ ရွှေနန်း အတွင်း ရွှေဘီး ရွှေတံကျင်စိုက်၍ ပန်ကြသော ကံ့ကော်၊ စွယ်တော်၊ သဇင်၊ ကြက်ရှန်းတို့သည် အဘယ်သို့ ရောက်ကုန်ကြပြီနည်း၊ ပျောက်ကုန်ကြပြီ၊ ကောက်ရိုးနွယ်ကလေးကား ကျန်နေ၏၊ အားယူနေ၏။

သို့သော် ကောက်ရိုးနွယ်ကလေး၏ ဂုဏ်အရသာကို သူတို့ မသိကြ၊ သတိမမူကြ၊ မချီးကျူးကြ၊ ရာသီကောင်းခိုကာ ခေါင်းတထောင်ထောင်နှင့် မော်တတ်၊ ကြွားတတ်၍ ရာသီဆိုးသည်နှင့် တစ်ပြိုင်နက် ပြိုလဲပျောက်ပျက် ကုန်သော ပန်းတို့ကို စာဆိုတော်ကြီး စာဆိုတော်ငယ် အသီးသီးတို့သည် ကကြီးမှ အ, အဆုံး သင်ပုန်းကြီးတစ်ခုလုံးအတွင်းရှိ အက္ခရာတို့ဖြင့် အမျိုးမျိုး အဖုံဖုံ အထပ်ထပ် အဖန်ဖန် ဖွဲ့နွဲ့သီဆို ကြွေးကြော်ချီးကျူးခဲ့ကြသော်လည်း မြန်မာစာပေ ဟူသမျှတို့၌ ကောက်ရိုးနွယ်ဘွဲ့ ဒွေးချိုးကလေးတစ်ပုဒ်၊ တေးထပ်ကလေးတစ်ပုဒ်ရှိဖို့ မဆိုထားဘိ၊ အမည်ကလေးမျှဖြင့် စပ်ကာ ဟပ်ကာ ရှာမရခဲ့ ဖြစ်ပေ၏။

သို့သော် ကောက်ရိုးနွယ်ကလေးနှင့် မိန်းကလေးသည် ၎င်းတို့အား မည်သူက ချီးကျူးကျူး မကျူးကျူး၊ သိသိ မသိသိ ထိုသူတို့၏ မှတ်တမ်းကို အလေးမမူ၊ ရှင်သီလဝံသတို့၊ ရှင်မဟာရဋ္ဌသာရတို့၊ တောင်တွင်းကြီး ဦးကြော့တို့၊ ရွှေတိုက်စိုး ဦးတိုးတို့၊ စလေဦးပုညတို့ စာတွေပေတွေ၊ ပုဂံ ခေတ်ကမှ ယခုအထိ ကမ္ဘာ့အရှည်တည်ရှေ့ဟု ထိုးခဲ့သော ကျောက်ထက် အက္ခရာတွေ၊ သမိုင်းတွေ၊ မဟာရာဇဝင်တော်တွေ၊ ရွှေနားတော်သွင်း ချင်းတွေ ပျောက်ပကုန်သော်လည်း ၎င်းတို့ကား ပျောက်ပတိမ်မြုပ်ခြင်းမရှိ ဘဲ လယ်ကန်သင်းဘေး ပပ်ကြားအက်အကြားတွင် ပျော်ပျော်ပါးပါးကြီး တည်၍ သွားကြမည် ဖြစ်သတည်း။

mgyoe.com

mgyoe.com

SAMPLE BOOK


ဟိုရှေ့ကဆူညံညံ၊ ဘာသံလို့မေး။
မေးပါနဲ့အေ၊ ရွှေနောင်သူ အလှူပေးတယ်။
မောင်းသံတဲ့လေး။

mgyoe.com

mgyoe.com SAMPLE BOOK




ကိုးနှစ်က ဆယ်ခုနှစ်သို့ ကူးခဲ့ပြီ...

ကျွန်ုပ်တို့အဖို့ကား... ဤကဲ့သို့ တစ်နှစ်မှ တစ်နှစ် ကူးပြောင်းသည်ကို အကြိမ်ပေါင်းများစွာ တွေ့ကြုံရပေပြီ၊ ကျွန်ုပ်တို့စိတ်၌ အထူးအစွဲအလမ်း ဖြစ်နေသော *ယင်းတိုက်ရွက်နုကလေးတွေ ထွက်ပုံ... တမာရွက်နုကလေးတွေ ထွက်ပုံများကိုလည်း မြင်ခဲ့ရဖူးလှပေပြီ။ ယင်းတိုက်ရွက်နုကလေးများ စိမ်းလဲ့လဲ့ ထွက်လာပုံကား တစ်နှစ်နှင့် တစ်နှစ်မခြား၊ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ် သုံးဆယ်ကလည်း ဤနည်းထွက်၏။ ယခုနှစ်လည်း ဤနည်းပင် ထွက်၏။ သို့သော် ကျွန်ုပ်တို့စိတ်၌ကား ပြောင်းလဲခဲ့၏။ တစ်နှစ်နှင့်တစ်နှစ် မတူ နွမ်းရိလာခဲ့၏။ ယင်းတိုက်ရွက်နုကလေး ထွက်ပုံသည် တစ်နှစ်နှင့် တစ်နှစ် မခြားသော်လည်း ကျွန်ုပ်တို့၏စိတ်၌မူကား လွန်ခဲ့သည့်နှစ်က ယင်းတိုက်ရွက်နုကလေးများကို မြင်ရသည့်အခါ ထင်လာမြင်လာပုံများနှင့် ယခုနှစ် မြင်ရသည့်အခါ ထင်လာမြင်လာပုံများမှာ ခြားနားလျက်ရှိ၏။

မဟာဝန်ရှင်တော်မင်းကြီးနှင့် မီးတုတ်များ

ဤသို့သောအချိန်မျိုး၌ ရှေ့သို့ မျှော်မှန်းသည်ထက် နောက်သို့ပြန်၍

* ရင်းတိုက်

mgyoe.com

mgyoe.com

SAMPLE BOOK

သာ တွေးမိ၏။ ကျွန်ုပ်တို့ လူ့ပြည်သို့ရောက်သောအခါ သီပေါမင်း နန်းက ကျသည်မှာ ၁၅ နှစ်သာသာမျှရှိသေး၏။ ဝိတိုရိယဘုရင်မကြီး ရှိသေး၏။ ကျွန်ုပ်တို့ နားလည်နိုင်လောက်သောအရွယ်သို့ ရောက်သည်တိုင်အောင်... လူကြီးများ၏နှုတ်ဖျားမှ သီပေါမင်း နန်းကျပုံများနှင့် အသျှင်ဧကရီ ဝိတိုရိယ ဘုရင်မကြီး ဘုန်းကြီးပုံများကို ရောထွေးကြားသိရလျက်ပင် ရှိသေး၏။ လေးနိုင်ငံပိုင် ပဲခူးမဟာဝန်ရှင်တော်မင်းကြီးများ မကွယ်မပျောက်သေးဖြစ်၏။ ကျွန်ုပ်တို့ကိုယ်တိုင် ပဲခူး မဟာဝန်ရှင်တော်မင်းကြီးများကို မြင်ဖူးလိုက်၏။ ပဲခူးမဟာဝန်ရှင်တော်မင်းကြီး လာတော်မူမည်ဆိုလျှင် မီးရထားလမ်း တစ်လျှောက် ဝဲယာညှပ်လျက် ဘူတာစဉ် ရွာစဉ် မပြတ်မလပ်စေရ၊ ကြေးနန်း ကြိုးတစ်တိုင်လျှင် လူတစ်ယောက်ကျ၊ မိုးချုပ်မှ မိုးလင်းအထိ မီးတုတ်ကြီး များကို ညှိထွန်း၍ ရထားလမ်း စောင့်ကြရ၏။ တစ်ခါတစ်ရံ သုံးရက်လောက် ကစ၍ ညစဉ်မပြတ် စောင့်ကြရ၏။ ညမိုးချုပ်ချိန်ကျ၍ မီးရထားလမ်း တစ်လျှောက်ကို လှမ်းမျှော်၍ကြည့်လိုက်လျှင် ရထားလမ်းစောင့် မီးတုတ် ကြီးများကို တလက်လက်နှင့် မျက်စိတစ်ဆုံး မြင်ကြရ၏။ သီတင်းကျွတ်လ တာဝတိံသာ မီးထွန်းထားသည်နှင့်တူ၏။

## ဘုရားသခင် ကယ်ဆယ်ပါစေ

တစ်ခါမူကား ကျွန်ုပ်တို့နေသော မြို့ကလေးသို့ လေးနိုင်ငံပိုင် မဟာ ဝန်ရှင်တော်မင်းကြီး တစ်ညမျှ နေသွားဖူး၏။ သုံးရက်လောက်ပင် မီးရထား ဘူတာရုံမှ ဗိုလ်တဲအထိ...မင်းလမ်းမတစ်လျှောက်လုံးကို ဒီလုံးခဲများဖို့၍ ပြုပြင်ရ၏။ သဲဖြူခင်း ရာဇမတ်ကာရ၏။ ငှက်ပျောပင်ရှင် စိုက်ကြရ၏။ မီးရထားဘူတာရုံတွင် အမှိုက်သရိုက်များကို ရှင်းလင်းထားရ၏...။ ဘူတာမှ အထွက်တွင်... ရောင်ပြားတွေ ကပ်ထားသော ပြာသာဒ်ကြီးဆောက်လုပ်ပြီး လျှင် ပြာသာဒ်တံခါး အဝင်ဝတွင်... "Welcome" ဟူသော စာလုံးကြီးများကို ရေးထားရ၏။ ကျွန်ုပ်တို့... ကျောင်းသားကလေးများကား..."God Save The King" သီချင်းကို လေ့ကျင့်ထားရ၏။ ဆရာက သံနေသံထားနှင့် ဆိုပြ၏... အဓိပ္ပာယ်ကိုလည်း ပြောပြ၏။ ခြောက်တန်းသမား ကျောင်းသားကြီး တစ်ယောက်က "ဆရာ ရှင်ဘုရင် ဘာဖြစ်နေလို့ ဘုရားသခင် ကယ်ဆယ်ပါ

mgyoe.com

mgyoe.com

SAMPLE BOOK


စေလို့... ကျွန်တော်တို့က ဆုတောင်းပေးရတာလဲ..."ဟုမေးရာ... ဆရာမှာ မျက်နှာပျက်သွား၍ ပါးစပ်က "ရှီး-ရှီး" လုပ်သဖြင့် ရပ်တန့်သွားရ၏။ ထို့နောက်..."Rule Britannia, Britannia Rules The Waves" ဆိုသော သီချင်းကို သင်ပေးပြန်၏။ ကျွန်တော်တို့ကား သီချင်းသဘောကို ကောင်းကောင်း နားမလည်...။ သို့သော်... စာသင်ချိန် စာမေး၍ ကြိမ်လုံးနှင့် တဖြန်းဖြန်း အရိုက်ခံနေရမည့် အချိန်တွင်... ပျော်ပျော်ပါးပါးကြီး သီချင်းဆိုနေရသည်ကိုတစ်မျိုး၊ ၎င်းသီချင်းနောက်ဆုံး "Britain never, never, never shall be slaves" ဆိုသောအပိုဒ်၌ မေးရိုက်သံကလေးနှင့် ဆိုရသည်ကို အရသာရှိလှသည် တစ်မျိုးကြောင့် များစွာ နှစ်သက်လျက် ရှိကြ၏။

## မိုးမမြင် လေမမြင်

လေးနိုင်ငံ ဝန်ရှင်တော်မင်းကြီး လာမည့်နေ့သို့ ရောက်ရှိခဲ့၏။ ဝန်ရှင်တော်မင်းကြီး စီးသည့် တွဲဖြူရထားကြီးသည် ၆ နာရီမှ ရောက်မည်ဖြစ်သော်လည်း လေးနာရီလောက်ကစ၍ မင်းလမ်း ဝဲယာ ရာဇမတ် အပြင်တွင် တစ်မြို့လုံး ဝိုင်းအုံလာရောက်၍ တိုးဝှေ့စောင့်ဆိုင်းနေကြ၏၊ ကျွန်ုပ်တို့ ကျောင်းသားများမှုကား ကျောင်းရှေ့မှ နေရာအထူးယူ၍ စောင့်နေကြရ၏။ ဆရာကြီးနှင့် အတန်းပြဆရာများ... ကျောင်းသားများ တန်းစီမပျက်... ငြိမ်ငြိမ်သက်သက်... နေအောင် အလိုင်းတကြီး ဖြစ်နေကြ၏။ ကျောင်းသားအားလုံးပင် အကောင်းဆုံး အညွန့်ဆုံး... ချမ်းသာသမျှ အဝတ်များကို ဝတ်ဆင်ထားရ၏။ သျှောင်ထုံးကလေးများကို ပြောင်နေအောင်ထုံး၍ ဆံရစ်ကလေးများကို ကျနစွာ ဖြီးထားရ၏။ (ထိုအချိန်တွင်... ဗိုလ်ဆံတောက်ကနည်း၍ သျှောင်ထုံးကလေးတွေက များလျက်ပင် ရှိသေး၏...) ကျွန်ုပ်တို့မှုကား ကော်တင်ထားသော ပဒုမ္မာအင်္ကျီနှင့် ကြိုးကြီးချိတ်... မာခေါက်ခေါက်ကို... ဝတ်ထားရသဖြင့် မသက်သာလှသော်လည်း ဤတစ်ကြိမ်လောက်ခမ်းခမ်းနားနား... မဝတ်ဖူးသေးသဖြင့်... မိုးမမြင် လေမမြင် ဖြစ်နေ၏။

ခြောက်နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် တွဲဖြူမီးရထားကြီး ဆိုက်လာ၏။ ကြိုဆိုနေကြသော မြို့ပရိသတ်ကြီးသည် တသောသော ဖြစ်သွား၏။ လခ ရိက္ခာတော် တစ်လလျှင် ကိုးကျပ်ခြောက်မူးတိတိ လဆန်းတစ်ရက်

mgyoe.com

mgyoe.com
SAMPLE BOOK


နေ့တိုင်း မှန်မှန်ကြီး ရရှိကြသော ပုလိပ်များမှာ ဘောင်းဘီကို ထိုးကွင်းဒူးကျ ပေါ်လောက်အောင် ခံ့ခံ့ညားညား သားသားနားနားကြီး ဝတ်ဆင်ပြီးလျှင် လက်တစ်ဖက်က ပုံစံတုတ်ကိုကိုင်လျက် ရာဇမတ်တွင်းသို့ လူမဝင်အောင် အုပ်ထိန်းလျက်ရှိ၏။

အတန်ကြာလျှင် စည်တော်များ ရွှမ်းသံကြားရ၏။ လေးနိုင်ငံပိုင် မဟာဝန်ရှင်တော်မင်းကြီး ပြာသာဒ်ကြီးသို့ ရောက်ပြီကို သိရ၏။ ကျွန်ုပ်တို့ ကား လည်ပင်းတရှည်ရှည် ဖြစ်နေ၏။ နောက်မကြာမီ ရှေ့ဆုံးက စည်တော်ကြီးများ ရွှမ်း၍ ရွှေထီးအုပ်လျက် အခြံအရံများနှင့်တကွ လေးနိုင်ငံ ဝန်ရှင်တော်မင်းကြီး ကြွချီလာ၏။ ကျွန်ုပ်တို့ ကျောင်းသားများအနီးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဆရာကြီးက အချက်ပေးလိုက်သဖြင့် ကျွန်ုပ်တို့ က "God Save Our Gracious King" ဟု စ၍ဆိုလိုက်ရာ မည်သူ့ကိုမျှ လှည့်၍မကြည့်သော ဝန်ရှင်တော်မင်းကြီးသည် လှမ်းသွားနေရာမှ တစ်ခါ တည်း ရပ်တည့်ကာ ဦးထုပ်ကြီးကို ချွတ်၍နေရ၏။ ကျွန်ုပ်တို့လည်း အား တက်ကာ သံကုန်ဟစ်ကြလေ၏။ သီချင်းဆုံးမှ ဦးထုပ်ကြီးကို ပြန်ဆောင်း ကာ ရှေ့သို့ ဆက်လက်သွား၏။

## မြို့အုပ်တန်းတော့ ကိန်းသေပေါ့ကွာ

လေးနိုင်ငံ ဝန်ရှင်တော်မင်းကြီးပင် ရပ်၍ ဦးထုပ်ချွတ်ရသည်ဟု ကျွန်ုပ်တို့မှာ ကျွမ်းပစ်ရတော့မလောက် ဝမ်းသာလျက်ရှိ၏။ ဆရာကြီးနှင့် အတန်းပြ ဆရာများကား တပြုံးပြုံးနှင့် ပီတိဖြစ်နေ၏၊ နောက်တစ်နေ့နံနက် တွင် လူတိုင်းက "ကျောင်းသားတွေများ တယ်တန်ဖိုးကြီးပါကလား၊ လေး နိုင်ငံ ဝန်ရှင်တော်မင်းကြီးတောင် ရပ်ပေးရသဟ..."

"အောင်မာ ရပ်ရမှာပေါ့၊ ကျောင်းသားတွေက နှယ်နှယ်ရရမှတ်လို့၊ ခုနစ်တန်းသမား မြို့အုပ်လောင်းတွေကွ" ဟု ပြောဆိုသံများကို ကြားရသဖြင့် ပို၍ပင် သွေးကြီးမိကြ၏။

လေးနိုင်ငံမင်းကြီး တစ်ရက်နေ၍ ပြန်သွားပြီးနောက် သုံးရက်လောက် ကြာသောအခါ တောမှ ကျွန်ုပ်တို့၏ အမေ့မောင် ဦးလေးတစ်ယောက် ရောက်လာ၏။ "လေးနိုင်ငံမင်းကြီး မမြင်လိုက်ရတာ နာသကွာ... တစ်သက်

mgyoe.com

mgyoe.com
SAMPLE BOOK


မှာ တစ်ခါဆိုသလို လာတာကွ… မင်းတို့တော့ မြင်လိုက်ရမှာပေါ့၊ တော်သကွာ အနို့မင်း… ဒီနှစ် ဘယ်နှတန်းလဲဟေ့”ဟု မေး၍ ကျွန်တော်က “ငါးတန်း”ဟုပြောလိုက်ရာ “ဟာ… ကြိုးစားသပဟ ခုနစ်တန်း မဝေးဘူး၊ မြို့အုပ်တန်းတော့ ကိန်းသေပေါ့ကွာ…”ဟု အားပေးစကားပြောသံကို ကြားလိုက်ရ၏။

ထို့နောက် ရုရှား–ဇပံစစ်အကြောင်းကို လူကြီးများပြောသံကို ကြားရ၏။ ကျွန်ုပ်တို့ကား ဘာမျှမသိ၊ အိမ်တွင် ချိတ်ထားသော စစ်တိုက်နေပုံ အရုပ်ကားကြီးများကိုမြင်ရ၏။ မုတ်ဆိတ်ဖားဖားနှင့် ရုရှားစစ်ဗိုလ်ကြီးက ဓားကိုင်လျက်၊ ရုရှားစစ်သားများက ဒူးထောက်လျက် အမြောက်ကြီးပစ်လိုက်၍ အမြောက်ဝမှ မီးခိုးတွေ တလုံးလုံး ထွက်နေသည်ကို တွေ့ရ၏။

## အလွန်ကြီးကျယ်သော ကြယ်တံခွန်ကြီး

ဝိတိုရိယဘုရင်မကြီး နတ်ရွာစံသည်ကို မသိလိုက်ရ၊ ဧဒွတ်ဘုရင်နတ်ရွာစံ၍ သားတော် ဝေလမင်းသား ကင်းဂျော့နန်းတက်သည်ကိုသာ သိလိုက်၏၊ ထိုအချိန်တွင် ညဦးခုနစ်နာရီလောက် အနောက်မှ ကြယ်တံခွန်ကြီးတစ်ခု ထွက်၍ နံနက် ၄ နာရီလောက်တွင် အရှေ့က ကြယ်တံခွန်ကြီးတစ်ခု ထွက်သည်ကို မိဘများနှိုး၍ ပြသောကြောင့် မြင်ဖူးလိုက်၏၊ ညဦးထွက်သော ကြယ်တံခွန်မှာ များစွာမလှ၊ နံနက်လေးနာရီ ထွက်သော ကြယ်တံခွန်ကြီးမှုကား အလွန်ပင် ကြီးကျယ်ခမ်းနား၏၊ အမြီးကြီးမှာ ကောင်းကင်တစ်ခြမ်း ပြည့်နေသည် ထင်ရ၏၊ ကြည့်နေရင်း နားထဲ၌ နတ်စောင်းနတ်ငြင်းကဲ့သို့ သာယာသောအသံများကို ကြားနေသည်ထင်ရ၏။ လူကြီးများကမူကား မင်းပြောင်းမင်းလွဲတွင် ဤသို့ ကြယ်တံခွန်ထွက်မြဲ ဖြစ်သည်၊ ဂျော့ဘုရင်က ဧဒွတ်ဘုရင်ထက် ဘုန်းကြီးလိမ့်မည်ဟု ပြောကြ၏။

ထိုအချိန်က ယခုကဲ့သို့ ဝတ္ထုတွေ မပေါ်သေး၊ ကျွန်ုပ်တို့၏ အစ်ကို အစ်မများသည် ဇာတ်စာအုပ်များကိုသာ ဖတ်ကြ၏၊ ကျွန်ုပ်တို့ မှတ်မိသလောက်ဆိုလျှင် အလွန်နည်း၏၊ ရှုံသွင်းသော ဇာတ်များလာ၏၊ ရုပ်သေးမှုကား ပွဲတိုင်းပါ၏၊ အလှူမှာလည်း ပါ၏၊ မသာမှာလည်း ပါ၏၊ ဘုရားပွဲများမှာလည်း ပါ၏၊ ကျွန်ုပ်တို့အရပ်တွင် မင်းသားကြီး ကြယ်တံခွန် ခေတ်

mgyoe.com

mgyoe.com
SAMPLE BOOK


စား၏၊ ကြယ်တံခွန်ထွက်သောနှစ်က အောက်ပြည်သို့ဆင်းခဲ့၍ နာမည်ရသောကြောင့် ကြယ်တံခွန်ဟု အမည်တွင်ကြောင်းနှင့် လူကြီးများ ပြောကြ၏၊ ဗုဒ္ဓဝင်ဇာတ်ကို ပြလေ့ရှိ၏၊ မင်းသားကြီး ကြယ်တံခွန်က သုဒ္ဓေါဒနမင်းကြီး အခန်းက ထွက်လေ့ရှိ၏၊ မယ်တော်မာယာ ဘုရားအလောင်းကို ပဋ္ဋာမြား နှုတ်ငုံ အရင့်အမာရှိ၍ မောင်တော် သုပ္ပဗုဒ္ဓရှိရာ ဒေဝဒဟပြည်သို့... သွားလိုကြောင်း လျှောက်ထားသည့်အခန်း၊ ၎င်းနောက် အလောင်းတော်မင်းသားလေးပစ်ခန်းများသို့ကျလျှင် မင်းသားကြီး ကြယ်တံခွန် အလွန်ကောင်းသောကြောင့် လူကြီးလူငယ်မရွေး မျက်ရည်ကျရ၏၊ ၎င်းနောက် ကျွန်ုပ်တို့အရပ်၌... ခေတ်စားသူမှာ... ပခန်းဆရာညိုဖြစ်၏၊ ဆရာညိုမှာ နှစ်ပါးသွား၌ အချွဲအလွန်ကောင်းသည်ဟု ပြောကြ၏။ နောက် ဆရာညိုတို့စင် အရှုံးများ၍ **"ကညာပျို ဘာကိုမှ မလွမ်းလိုက်ပါနဲ့၊ ဆရာညို ဖာကိုထမ်းပါလို့၊ မြို့ပခန်းကိုတဲ့ ပြန်တော့မယ်"** ဟု စင်ပေါ်ကဟစ်၍ နှုတ်ဆက်သော သီချင်းကလေးမှာ... လူတိုင်းပါးစပ်တွင် ကျန်ရစ်ခဲ့၏။

ထိုစဉ်က ဇာတ်ရော ရုပ်သေးပါ မင်းသမီး မင်းသားနှစ်ပါးသွားထွက်တော့မည်ဆိုလျှင် ကားတွင်းက "မြိုင်ထ" နှင့် ထွက်လေ့ရှိရာ...

**"မြိုင်သာယာရယ် မြိုင်သာယာရယ် မြိုင်သာယာရယ်... ဖန်ဝါ့ဖန်ဝါဗျာ၊ လျှံလို့လင်း၊ နန္ဒာကန်မင်းရယ်က၊ သင်းဖွဲ့ဆင်းတဲ့ရေ။ ။ လက်ယာလမ်းမှာ မေရယ် လှည့်တန်းကာ မြောက်ပန်းတွေက ခွေ..."**

**"လာလကွယ် ကညာမယ်၊ ခင်လေးဇော်တငယ်၊ ပန်းလေ့ရှာရင်ကွယ် ဖေထမ်းခေါ်ပါ့မယ်"** စသည့်အသံများသည် ပေါ်လာမြဲဖြစ်၏။ ထိုခေတ်က မင်းသားများမှာ အသံအောင်သည့်ပြင် သံကုန်ဟစ်လေ့ရှိသောကြောင့် ယခုခေတ်ကဲ့သို့ 'လောက်စပီးကား' အသံချဲ့ အော်လန်ကြီးမကူဘဲ နဂိုအသံနှင့် ပင် ပရိသတ် ငါးထောင်၊ ခြောက်ထောင်ကို ကောင်းစွာ ထိန်းနိုင်ကြလေသည်။

## ကိုဘိုးကွန်း မထွေးလေး

ဇာတ်ဘက်တွင်မူကား ကိုဘိုးကွန်း မထွေးလေးတို့ ကျော်ကြား၏၊ အီကင်းမောင်တင့်၊ ဘီးတန်းသူတော်တို့ အပြောများ၏၊ မင်းသမီးထဲက

mgyoe.com

mgyoe.com  SAMPLE BOOK 

တွံတေးဆံတောက်ကို အများကြားရ၏၊ စိန်ကတုံး၊ ဘိုးစိန်၊ အောင်ဗလ တို့ကို လည်း မကြာမကြာ ကြည့်ရ၏၊ ကောင်းသည်ဟု ပြောကြ၏၊ သို့သော် ကိုဘိုးကွန်း မထွေးလေးလောက် ဖွဲဖွဲမက်မက် မရှိကြသေး၊ အရပ်ထဲတွင် ရုပ်ရှုပကာလည်းလှ အပြောလည်းကောင်း၊ ရှေ့သွားနောက်လိုက်ညီသော လင်မယားကိုတွေ့လျှင် ကိုဘိုးကွန်း မထွေးလေးနှင့်သာ နှိုင်း၍ ပြောလေ့ ပြောထ ပြုကြ၏။

## မောင်ရေးတဲ့ပန်း

ဇာတ်ရေးဆရာများတွင် ဒါးပိန် ယိမ်းဆရာ ဦးမောင်ကြီး အကျော်ဆုံး ဖြစ်၏။ တောင်လုံးပြန် ဆရာမြ၊ ဆရာသင်၊ ပုဗ္ဗန်တောင် ဆရာခ တို့လည်း နာမည်ကြီးကြ၏၊ ချင်းကလေး ဖဝေးပြဇာတ်၊ ပိုးအူ ထိလပ် ပြဇာတ်၊ မင်းညီနောင် ဖောင်ဆွဲပြဇာတ်၊ ဒေါင်းသူတော် လုံ့ထိုးပြဇာတ်၊ ကုလား ကလေး စိန်ပီတာ စမန်အင်ပြဇာတ်၊ မယ်သော်တာ ဝိဇ္ဇာဖြစ်ပြဇာတ်၊ မအောင်ဖြူ ကန်စတေးပြဇာတ် စသည်တို့ကား နာမည်ကျော် ပြဇာတ်များ ဖြစ်၏၊ တောရော မြို့ပါမကျန် အိမ်တိုင်း စေ့ရှိ၏၊ စာမျက်နှာ ၈၀ တစ်အုပ် ၅ ပြားပေးရလေ၏။ ကျွန်ုပ်တို့ အရပ်တွင်မူကား စာအုပ်ဆိုင်ဟူ၍ သီးသန့် မရှိ၊ တရုတ်ဆိုင်၊ ကုလားဆိုင်၊ ကုန်စုံဆိုင်၊ ဘယဆေးဆိုင်များတွင် ဝယ်ကြ ရ၏။ ဇာတ်စာအုပ်များကလွဲ၍ သတ္တဘာဂ အောင်သွယ်ခန်း၊ အပျိုပေး တေးမျိုးစုံ တစ်အုပ်သော်လည်းကောင်း၊ နှစ်အုပ်သော်လည်းကောင်း ရှိကြရ၏။ ဇာတ်စာအုပ်ကဲ့သို့ပင် တစ်အုပ် ၅ ပြား ပေးရ၏။ ထိုစာအုပ်များမှာ အပျို၊ လူပျို ရည်းစားစာ ရေးနည်းများ အစုံပါ၏။ မြင်စတွေ့စတွင် အပျိုကစ၍ ပေးရန်၊ လူပျိုကစ၍ပေးရန် ၎င်းနောက် ချစ်ပြီးကြိုက်ပြီးမှ တစ်ယောက် ယောက်က "ထယ်*" သွား၍ စိတ်နာကြောင်း၊ လွမ်းဆွတ်ရကြောင်း စသည် များကို ရေးရန်ဟူ၍ စာရေးဆရာက ဉာဏ်ရှိသမျှကွန့်၍ လုံးထပ်နဘေ၊ တေးထပ်၊ ဒွေးချိုးစသည်များဖြင့် တန်ဆာဆင်၍ ရေးထားပြီးများ ပါရှိရာ လူပျို၊ အပျိုများက သင့်ရာ ကြိုက်ရာရွေး၍ ရေးကူးပြီးလျှင် စာပေးစာယူ ပြုကြရလေသည်။ ရေးကူးသောအခါလည်း ပန်းစာအိတ် ပန်းစာရွက်များကို

---

* ထည်

mgyoe.com

mgyoe.com
SAMPLE BOOK


အသုံးပြုကြလေသည်။ ပန်းစာရွက် တစ်ချပ်နှင့် ပန်းစာအိတ်တစ်လုံးလျှင် တစ်ပဲခြောက်ပြားမှ တစ်မူးအထိပေး၍ ယခင်ဆိုခဲ့သော ကုန်စုံဆိုင်များမှာ ပင် ၀ယ်ရသည်၊ အချို့မှာ ကိုယ်တိုင်မကူးတတ်၊ ကူးတတ်ပြန်လျှင်လည်း လက်ရေးမလှသောကြောင့် လက်ရေးလှလှနှင့် သန့်သန့်ရှင်းရှင်း ရေးတတ် သူများကို အခပေး၍ အရေးခိုင်းရလေသည်၊ ခဲတံနှင့် မျဉ်းကြောင်းကလေး လှလှသားပြီးမှ ရေးရသည်။ ရေးသူမှာ စာတစ်စောင် ကူးရေးလျှင် တစ်မတ်မှ ငါးမူးအထိရသည်။ လူပျိုအချို့က ကိုယ်ချိတ်လိုသည့် အပျိုကလေး၏ အမည်ကို စာကူးသူအား တစ်ပါတည်းပြော၍ ရေးစေလေသည်။ အချို့မှာ သူတစ်ပါးမသိစေလို၍ နာမည်ကိုမပြောဘဲ နာမည်နေရာ ကွက်လပ်ချန်ထား စေပြီးနောက်မှ မိမိဘာသာရေးထည့်လေသည်။ အချို့ လူပျိုကြီးများမှာ ကြွားဝါလိုသောကြောင့် ပန်းစာရွက်၌ ထိပ်က ပုံရိုက်ထားသော ပန်းကလေး ကို 'မောင်ရေးတဲ့ပန်း' ဆိုတာ အောက်နားက ခဲတံနှင့်ရေး၍ပင် ထည့်ကာ အပျိုက ယုံမည်၊ မယုံမည်ကို မချင့်ချိန်ဘဲ ကြွားလုံးရိုက်တတ်ကြလေသည်။

ထို့နောက် နိုင်ငံခြားသား ကုန်သည်များက ဤအလေ့ကို သိသဖြင့် သကြားပြား ဖြူဖြူဝိုင်းဝိုင်း ကလေးများပေါ်တွင် "ချစ်ကဲ့လား" "တွေ့ရ အောင်" "မာရဲ့လား" "ဘယ်တော့လဲ" "ကြိုက်မလား" စသော စာလုံးတန်း ကလေးများကို ဆေးနီနှင့်ရိုက်ကာ ရောင်းချကြရာ လူပျို အပျိုများအတွက် အထူးအသုံးကျ၍ အရောင်းရ တွင်ကျယ်လေသည်။

ဟိုရှေ့က နီရွှေရွှေ၊ နေထွက်ပြီလေ။
ဟုတ်ပါဘူးအေ၊ ဖန်ဆွတ်ရေသကာန်း။
ရဟန်းတွေဆွမ်းခံကြွတယ်၊ လောင်းလာကြစမ်း။

mgyoe.com

mgyoe.com SAMPLE BOOK




"ဘကြီးအုန်းရေ… ကျွန်တော်တော့ ဒီရွာကလေးမှာနေရတာ တစ်နေ့ထက်တစ်နေ့ စိတ်ပျက်ပျက်သာ လာတော့တယ်။ နေတောင် မနေချင်တော့ဘူး"ဟု ထွန်းမောင်သည် ဘကြီးအုန်း လက်ဖက်ရည်ကြမ်း သောက်နေသော ကွပ်ပျစ်ကလေးဆီသို့ ဝင်၍ထိုင်ရင်း ညည်းလိုက်လေ၏။

ဘကြီးအုန်းသည် ကုန်းကုန်းကလေးပြုကာ လက်ဖက်ရည်ကြမ်းသောက်နေရာမှ အနည်းငယ် စောင်းကြည့်ပြီး ဘာမျှမပြောဘဲ လက်ဖက်ရည်ကြမ်းပန်းကန်ကိုကြည့်ကာ သောက်မြဲသောက်နေ၏။

"တစ်ခါ… တစ်ခါတော့ ဒီရွာကိုစွန့်ပြီး သွားတော့မယ် အောက်မေ့တယ်၊ ဒီရွာကလေးမှာ လူဖြစ်ရတာ လူဖြစ်ကျိုးမနပ်ဘူး။ လူချင်းအတူတူ တော်တော်ကို အောက်ကျနောက်ကျဖြစ်တယ်။ စားရ၊ ဝတ်ရ၊ နေရ၊ ထိုင်ရတာတော့ ထားပါတော့ ဘကြီးရယ်၊ လူဖြစ်လာလို့ လူထဲရောက်အောင် ဗဟုသုတဆိုလို့ ဘာတစ်ခုမျှ မရှိတာကတော့ တော်တော်ပဲခက်တယ် ဘကြီး၊ လူလို့ဖြစ်လာရင် လယ်ကလေးထွန်၊ နွားကလေးကျောင်း၊ စပါးကလေးရောင်း၊ ထင်းကလေးခုတ်၊ သက်ငယ်ကလေးပျစ်၊ ဝါးတောတက်ပြီး စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးကလေးဖူလုံရင် ပြီးရောလား၊ ကျွန်တော်တို့တောရွာတစ်သက်မှာ ဒါနဲ့ပဲပြီးခဲ့ကြတယ်။ ကျေနပ်စရာ မဟုတ်ဘူး၊ လူနဲ့တူတဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


ဗဟုသုတတွေ ရှာချင်တယ်။ တောရွာမှာ ဘာရှိသလဲ၊ ဘာမျှမရှိဘူး၊ သတင်းစာဆိုရင်လည်း တစ်လတစ်ခါလောက် ဖတ်ရတယ်။ စာအုပ်စာတမ်းကျမ်းဂန်စာပေဆိုရင်လည်း ရွာလယ်ကျောင်းမှာ ဖွင့်ထားတဲ့ စာဖတ်ခန်းကလေးဆိုတာမှာ စာအုပ်ကလေး နှစ်ဆယ် အစိတ် တော်ရုံလျော်ရုံ ဖတ်ရတယ်။ စာအုပ်တွေမရှိလို့ ရွာထဲကလူတွေနဲ့ ဗဟုသုတကလေးများ ထူးထူးခြားခြားရမလား ဆွေးနွေးပြန်တော့လည်း နွားကိစ္စ၊ လယ်ကိစ္စ၊ ဝမ်းစာကိစ္စလောက်ကလွဲလို့ ဘာမျှမသိဘူး၊ ဗဟုသုတရှာဖို့ကို အသာထား၊ ဗဟုသုတဆိုတဲ့ စကားဟာတောင် ဘာကိုဆိုလိုတယ်ဆိုတာ မသိကြဘူး၊ ဒီတော့ဒီအရပ်မှာ ဆက်ပြီးကြာကြာနေရင် လူဖြစ်ရှုံးသထက် ရှုံးစရာသာ ရှိတယ်" ဟု ဆက်လက်ပြောပြန်၏။

ဘကြီးအုန်းလည်း လက်ဖက်ရည်ကြမ်းကို ဆက်၍သောက်ရင်း စဉ်းစားသလိုလိုနှင့် ဘာမျှမပြောဘဲ စကားရပ်နေပြီး အတန်ကြာမှ "ဘယ်ကိုသွားမယ်ကြံသလဲ..."

"မြို့ကိုသွားမှာ ဘကြီးရာ၊ မြို့ဆိုတောင်မှ တော်ရုံ သာမန်မြို့မျိုးမဟုတ်ဘဲ ရန်ကုန်မြို့ကြီး အရောက်သွားမယ်..."

"တောရွာကလေးမှာ နေရတာ ဗဟုသုတမရတဲ့အတွက်ပဲလား၊ တခြား ဘာမကျေနပ်တာများ ရှိသေးသလဲ..."

"ဘာမှမရှိတဲ့အရပ်မှာ ဗဟုသုတမရရုံသာ ဘယ်ကမလဲ ဘကြီးရာ၊ ခြောက်ကပ်ကပ်နဲ့ကြာတော့ ငြီးငွေ့လာတာပေါ့၊ လယ်ထွန်၊ နွားကျောင်း၊ ကောက်ရိတ်၊ စပါးရောင်းကလွဲလို့ ဘာမျှလုပ်စရာမရှိဘူး၊ အလကားအချိန်တွေ ကုန်နေတာပဲ"

## ဗဟုသုတပေါတဲ့ တို့တောရွာ

"မင်း... လွဲနေပြီ၊ တို့တောရွာလောက် ဗဟုသုတပေါတာ၊ အလုပ်တွေများတာ၊ ပျော်စရာကောင်းတာ မရှိဘူးကွ။ ငါလည်း မင်းတို့လို ငယ်ငယ်တုန်းက ဒီလိုအထင်ရောက်ခဲ့ဖူးတယ်၊ တကယ်ဆိုတော့ မြို့ကြီးတွေမှာရှိတယ်ဆိုတဲ့ ဗဟုသုတဟာ တစ်ဆင့်ကြား တစ်ရေလဲ တစ်ပတ်နွမ်း ဗဟုသုတတွေပဲ၊ ငါက ကိုယ်တွေ့ပြောနေတာ၊ ငါ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူး၊

mgyoe.com

mgyoe.com
SAMPLE BOOK


အကြောင်းကြုံလို့ မင်းကို ငါ ပြောပြမယ်။ ငါ ငယ်ငယ်က ရန်ကုန် မြို့ကို တက်ပြီး ရန်ကုန်ကောလိပ်ဆိုတဲ့ သိပ္ပံကျောင်းတော်ကြီးမှာ ဆယ်နှစ်လောက်တက်ပြီး ပညာဆည်းပူးခဲ့ဖူးတယ်။ ဒို့နှစ်က အက်ဖ်၊ အေ၊ အောင်စာရင်းမှာ ငါ ထိပ်ဆုံးကပဲ။ ငါ အင်္ဂလိပ်စာ ကောင်းကောင်းတတ်တယ်၊ မင်းတို့ လိုချင်တောင့်တဖြစ်နေတဲ့ အထက်တန်းဗဟုသုတကြီးတွေကို ငါ တော်တော် ဆည်းပူးခဲ့တယ်…"

"ဩော်… နေပါဦး ဘကြီးအုန်းရဲ့၊ ဘကြီးအုန်း အင်္ဂလိပ်စာ တတ်သလား၊ ဘယ်သူမှ မသိပါလား…"

"အေး… မသိကြဘူး၊ ငါကလည်း ဘယ်သူ့ကိုမှ မပြောဘဲ ဖုံးထားခဲ့တယ်။ ဒီလို လူသိမခံဘဲ ဖုံးထားတဲ့အကြောင်းကတော့ အမျိုးမျိုး ရှိသပေါ့ကွာ၊ ဒီအထဲ တစ်ကြောင်းက ဘာလဲဆိုတော့ ဘကြီးက ငါ အင်္ဂလိပ်စာတတ်တယ်ဟေ့ဆိုရင် ရွာသားတွေ ငါ့ကို အထင်ကြီးကုန်ကြမှာ စိုးလို့ပဲ…"

"ဟာ… ဖြစ်မှဖြစ်ရလေ ဘကြီးရာ၊ ဒီလိုဆိုရင် ကျွန်တော်တို့ရွာက မကြွားရပါလား၊ ဟိုတစ်လောက ဟိုဘက်ရွာက သူကြီးသား ဆယ်တန်းအောင်လာတယ်ဆိုပြီး ကြွားလိုက်ကြတာ၊ ကျွန်တော် မသိလို့ ခံလိုက်ရတယ် ဘကြီးရ…"

"အေး… အဲဒါမျိုးတွေ ငါကြောက်လို့ ငြိမ်ငြိမ်ကလေးနေတာပဲ။ ဒါတွေ ထားပါတော့ကွာ… မင်း လွဲနေတာတွေ ငါပြောပြဦးမယ်။ ဟိုဘက်ငါအိပ်တဲ့ခေါင်းရင်းက ကျွန်းသေတ္တာကလေးဖွင့်ပြီး အထဲမှာတွေ့တဲ့ စာအုပ်တွေယူခဲ့…။ အေး…အေး…ဟောဒီစာအုပ်ဟာ ဘကြီး ရန်ကုန်မှာ စာသင်တုန်းက ဝယ်ပြီး လေ့လာခဲ့တဲ့စာအုပ်ပဲ၊ ရော့ ဟောဒီ မျက်နှာကို ဖတ်စမ်း"

"ဟာ… ဘကြီးအုန်း ကျွန်တော်မှ အင်္ဂလိပ်စာ မတတ်ဘဲ…"

"သေသေချာချာ ကြည့်ပါဦးကွ… အစနားမှာ မြန်မာလို နာမည်တွေပါပါတယ်…"

"ဟုတ်တယ် ဘကြီးရေ… မြန်မာစာတွေလည်း ပါပါကလား။ အောင်မာ ငှက်နာမည်တွေပါကလား… ငှက်နာမည်တွေကလည်း မနည်းပါကလား…"

mgyoe.com

mgyoe.com

SAMPLE BOOK


## မြို့မှာက တစ်ပတ်နွမ်းဗဟုသုတသာ

"အေး... အဲဒါ တို့မြန်မာပြည်က ငှက်တွေအကြောင်းကို ရေးထားတာပဲ။ ဒီစာအုပ်ကို ဘိလပ်မှာရိုက်တယ်။ ရန်ကုန်မှာရောင်းတယ်။ ဒီစာအုပ်ထဲမှာပါတဲ့ ငှက်သတ္တဝါတွေအကြောင်း ဗဟုသုတတွေကို အဖိုးထိုက် အဖိုးတန်ထားပြီး လေ့လာကျက်မှတ်ကြတယ်။ ရန်ကုန်မှာသာ မကဘူး၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ ယူနီဗာစီတီကြီးတွေ၊ ပရိုဖက်ဆာ ဆရာကြီးတွေ၊ လောကဓာတ်ဆရာကြီးတွေ ကြည့်ရှုလေ့လာကြတယ်။ နို့ပေမဲ့ ဒီစာအုပ်ထဲမှာပါတဲ့အဖိုးတန်ဗဟုသုတတွေဟာ ဘိလပ်မှာလည်း မရှိဘူး၊ ရန်ကုန်မှာလည်း မရှိဘူး၊ မြို့ပေါ်တွေမှာလည်း မရှိဘူး၊ ဒို့တောမှာမှ ရှိတယ်။ ဒို့က လက်ရင်း၊ သူတို့က လက်ဖျား၊ ဒို့က ကိုယ်တွေ့ မျက်မြင်ဒိဋ္ဌ ဗဟုသုတ၊ သူတို့က တစ်ဆင့်ကြား တစ်ရေလဲ၊ တစ်ပတ်နွမ်းစာအုပ်ထဲက ဗဟုသုတ။ ကဲကဲ... ဟောဒီစာအုပ် ကြည့်ဦး၊ အေး ဒါကတော့ မြန်မာဘာသာ လုံးလုံးမပါဘူး၊ တို့မြန်မာပြည်က သစ်ပင်တွေအကြောင်းကွ။ သစ်ပင်ဆိုရင် ကျွန်း၊ ပျဉ်းကတိုးကစပြီး မြက်ပင်အထိ ပါတာပေါ့ကွာ၊ အားလုံး သစ်ပင်ပေါင်း ခြောက်ရာကျော်လောက်ရဲ့ ဗဟုသုတတွေ ပါတယ်။ အဲဒါတွေဟာလည်း ဘိလပ်မှာမရှိဘူး။ ရန်ကုန်မှာ မရှိဘူး၊ ဒို့တောရွာတွေမှာမှ ရှိတယ်။ ဒီစာအုပ်တွေထဲက ရတဲ့ ဗဟုသုတဟာ ဘယ်လောက်ပဲအဖိုးတန်တယ် ပြောပြော ဒို့တောရွာတစ်ဝိုက်မှာရတဲ့ ဗဟုသုတလောက် မပြည့်စုံဘူး၊ မလေးနက်ဘူး၊ မကောင်းဘူး၊ အဲဒါဟာ ကမ္ဘာ့ပညာရပ်ကြီးတွေထဲမှာ အရေးအကြီးဆုံးတွေလို့ ထားတဲ့ ရုက္ခဗေဒနဲ့ တိရစ္ဆာနဗေဒ ပညာတွေပေါ့။ သူတို့ အင်္ဂလိပ်ဘာသာနဲ့တော့ ဘောတနီတဲ့... ဇူးလောဂျီတဲ့... ဒို့တောရွာတွေမှာ မင်းတို့အလိုရှိတဲ့ ဗဟုသုတတွေ မနည်းပါဘူးကွ။ ရှာဖွေဆည်းပူးလို့ မကုန်နိုင်လောက်အောင် ရှိတယ်။ ဝေးဝေး မသွားရပါဘူး၊ ဒို့ရွာတစ်ဝိုက်နားမှာရှိတဲ့ သစ်ပင်တွေ၊ ပွေးကလေးတွေ၊ ငှက်ကလေးတွေ၊ ယုန်ကလေးတွေ၊ ပိုးကောင်ကလေးတွေ၊ လိပ်ပြာကလေးတွေ၊ ပင့်ကူကလေးတွေကို ဂရုတစိုက် စုံစမ်းမယ်ဆိုရင် မှတ်လို့မကုန်နိုင်လောက်တဲ့ ဗဟုသုတတွေ ရနိုင်ပါတယ်။

mgyoe.com

mgyoe.com

## ရွာသမိုင်း

"ဒါတွေ ထားပါဦးကွာ။ ဒို့ရွာကလေးရဲ့ အကြောင်းကိုပဲ စုံစမ်းမိပြီလား။ ဒီရွာကလေးကို ဘယ်နှစ်လောက်ကတည်တယ်၊ ဘယ်သူကစပြီး တည်တယ်။ ရွာထိပ်က စေတီကလေးနဲ့ ဇရပ်ကလေးဟာ ဘယ်သူ့ကောင်းမှုဖြစ်တယ်၊ ရွာကျောင်းမှာ ဘယ်ဆရာတော်တွေ ကျောင်းထိုင်သွားဖူးတယ်၊ ဘယ်အဆက် ဘယ်အနွယ်၊ ကျမ်းဂန် စာပေ ဘယ်လောက် တတ်မြောက်ကြတယ်၊ ရွာလယ်က လောကဓာတ်ကျောင်းကလေးမှာ ပထမဆုံး ဆရာဟာ ဘယ်သူလဲ၊ ဒို့ရွာမှာ လယ်ပိုင်ရှင် ဘယ်လောက်ရှိသလဲ၊ သူတို့ပိုင်တဲ့ လယ်ဧကပေါင်း ဘယ်လောက်ရှိသလဲ။ စပါးဘယ်နှတင်းထွက်သလဲ။ တစ်ရွာလုံး တစ်နှစ်မှာ ဝင်ငွေ ဘယ်လောက်ရှိသလဲ။ ကြွေးဘယ်လောက်တင်သလဲ၊ ရွာထဲမှာ အိမ်ဘယ်နှဆောင် ရှိသလဲ။ ပျဉ်ထောင် ပျဉ်ခင်း ဘယ်လောက်၊ သက်ငယ်မိုး ဝါးထရံကာ ဘယ်လောက်၊ ယောကျ်ားဘယ်လောက်၊ မိန်းမ ဘယ်လောက်၊ ကျောင်းသားအရွယ် ဘယ်လောက်၊ နို့စို့ကလေး ဘယ်လောက်၊ အပျို လူပျိုကလေး ဘယ်လောက်၊ စာတတ်တာ ဘယ်လောက်၊ စာမတတ်တာ ဘယ်လောက်၊ အိမ်ထောင်စုံဘယ်လောက်၊ မုဆိုးဖို၊ မုဆိုးမ ဘယ်လောက်၊ အဲဒီလိုအချက်တွေကို လျှောက်ပြီး စုံစမ်းပါ၊ မှတ်သားစမ်းပါ၊ လူတွေအကြောင်း ရာဇဝင်တစ်စောင်၊ သမိုင်းတစ်စောင်လောက် အရေးကြီးတဲ့ ဗဟုသုတတွေ ရရောပေါ့။ ဒို့ရွာကလေးရဲ့ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ဒီထက်ကောင်းတဲ့ ဗဟုသုတ ဘယ်မှာရနိုင်မလဲ...။

"ပြီးတော့ ဒို့ရွာနားမှာ ဖြတ်စီးသွားတဲ့ ချောင်းရှိတယ်၊ ဒို့ ရွာသူရွာသားတွေဟာ ဒီချောင်းထဲကရေကို လူရော နွားပါ သုံးရတယ်။ ဒီချောင်းထဲက ငါးတွေကို မြှုံးထောင်ပြီး စားကြတယ်။ ဒီချောင်းထဲက ခရုဖင်လိမ်ကလေးတွေကို နှိုက်ကြတယ်။ ချောင်းကမ်းဘေးမှာ ပေါက်နေတဲ့ ကင်ပလင်းသီးကလေးတွေကို ခူးပြီး ငါးပိနဲ့ ထောင်းစားကြတယ်။ ဒီချောင်းဟာ ဒို့ရွာသူရွာသားတွေအတွက် တော်တော်အရေးကြီးတယ်။ နို့ပေမဲ့ ဒီချောင်းအကြောင်းကို ကျကျနန စုံစမ်းဖူးသလား။ ဘယ်ကစပြီး စီးလာတယ်၊ ဘယ်နေရာမှာ ချောင်းကမ်းပါး ဘယ်လိုနေတယ်။ ဒီချောင်းထဲမှာ ငါးအမျိုးပေါင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ဘယ်လောက်ရှိတယ်။ ရှိတဲ့ငါးတွေဟာ ဘယ်လိုပေါက်ကြတယ်၊ ဘယ်လောက်များများ ပေါက်ကြတယ်၊ ငါးတွေဟာ ဘယ်အချိန်မှာ မိတ်လိုက်၊ ဘယ်အချိန်မှာဥ၊ ဘယ်အချိန်မှာ ပေါက်ကြတယ်။ အလေးချိန် ဘယ်လောက်ထိအောင် ကြီးတတ်ကြတယ်။ သေသေချာချာ စုံစမ်းပြီး မှတ်သားထားဖူးကြသလား။ နည်းတဲ့ ဗဟုသုတတွေ မဟုတ်ဘူး..."

## ရွာအပြစ် တောအပြစ် မဟုတ်

"ဟိုအနားက မြက်ကလေး သွားနုတ်ခဲ့စမ်း...၊ အေး... အေး... ဒါဘာမြက်လဲ... မသိဘူး...၊ ဒို့ရွာဟာ လယ်ယာအလုပ်နဲ့ အသက်မွေးတယ်၊ နွားနဲ့ဖက်ပြီး လုပ်ရတယ်၊ လူစာလောက် နွားစာ အရေးကြီးတယ်၊ လူစားတဲ့ စပါးပင်လောက် နွားစားတဲ့ မြက်ပင်ဟာ အရေးကြီးတယ်...။ ကြည့်စမ်း ဒို့ရွာတစ်ဝိုက် လယ်ခင်း လယ်ပြင်တွေထဲမှာ မြက်ပင်တွေ ဘယ်နှမျိုး ရှိသလဲ၊ ဘယ်မြက်ကို နွားအကြိုက်ဆုံးလဲ၊ ဘယ်မြက်ဟာ နွားတွေ၊ ကျွဲတွေအတွက် အကောင်းဆုံးလဲ၊ အရေးကြီးတဲ့ ဗဟုသုတတွေပေါ့ကွ။ မြက်ကလေးတစ်ပင် အကြောင်းကို စုံစမ်းလိုက်ရင်ပဲ မှတ်မကုန်နိုင်လောက်တဲ့ အဖိုးတန် ဗဟုသုတတွေကို ရနိုင်ပါတယ်...။

"အဲဒါ ရွာအပြစ်၊ တောအပြစ် မဟုတ်ဘူး။ မင်းတို့ ငါတို့ အမှုမဲ့ အမှတ်မဲ့ နေကြတဲ့အပြစ်ပဲ။ တကယ်အသုံးကျတဲ့ တကယ့် ဗဟုသုတက ရန်ကုန်မှာလည်း မရဘူး၊ ဘိလပ်မှာလည်းမရဘူး၊ မြို့တွေမှာလည်း မရဘူး၊ ဒို့တောရွာတွေမှာမှ ရတယ်။ မြို့ကြီးတွေသွား စာအုပ်ကြီးတွေဖတ်တော့ ဒို့တောကယူသွားတဲ့ ပညာဗဟုသုတတွေကို မင်းတို့ကို ပြန်ပြီး ဖောက်သည်ချပေးလိုက်တာပါပဲ။ တောရွာတွေမှာ ဗဟုသုတတွေလည်း မရှားဘူး။ ပျင်းစရာလည်းမကောင်းဘူး။ မင်းတို့ ငါတို့ ယူတတ်မယ် မြင်တတ်မယ်ဆိုရင် ဗဟုသုတတွေလည်း ရမယ်၊ ပျော်စရာတွေလည်း အဆုံးမရှိတွေ့ရမယ်...။ ငါ မြို့ကိုပစ်ပြီး တောမှာလာနေတာ ကြည့်တော့..."

"ဟာ... ဘကြီးအုန်း...၊ ဒီလိုဖြင့် ကျွန်တော်တို့က မြို့ကြီးသားတွေထက် လူဖြစ်ကျိုးနပ်ထာပေါ့"

"အေး ငါပြောတာ စမ်းကြည့်၊ တောမှာ ဗဟုသုတတွေ ပျော်စရာတွေ၊
mgyoe.com

mgyoe.com
SAMPLE BOOK


ဘယ်လောက် ပေါတယ်ဆိုတာကို တွေ့လိမ့်မယ်။ အမှန်ကတော့ ဒို့စားနေတဲ့ ဟင်းသီးဟင်းရွက်တွေလိုပေါ့ကွာ၊ ဒို့က အပင်က အခုဆွတ်၊ အခု လတ်လတ်ဆတ်ဆတ်စား၊ မြို့ကလူတွေကျတော့ နွမ်းနေမှ စားရတာပါ။ အဲဒါသာ မှတ်တော့၊ များများ မဟုတ်ဘူး၊ ဒို့ရွာတစ်ဝိုက်မှာ မြက်အမျိုးပေါင်း ဘယ်လောက်ရှိသလဲ၊ ဘယ်မြက် ဘယ်လိုနေသလဲ၊ အဲဒါလောက်သာ ပထမစုံစမ်း၊ ကျမ်းကြီးတစ်ကျမ်း ဖြစ်လောက်အောင် အဖိုးတန် ဗဟုသုတတွေ ရလိမ့်မယ်။ ကဲ... လက်ဖက်ရည်ကြမ်းကလေး သောက်လိုက်ဦး၊ အေး... အေး... သာခု... သာခု... အားတဲ့အခါ လာဦးပေါ့ကွာ...၊ မြို့သွားမယ်တော့ စိတ်မကူးနဲ့"

မီးတိုင်နှင့် တထိန်ထိန်၊ ကျွန်းပျဉ်ထောင်အိမ်။
မိဖရဲ့အရှိန်၊ ဂုဏ်သိန်ကမသေး။ ။
ပျို့ထံကိုလာရန် ကြောက်ရင်၊ ချောထောက်ခဲ့လေး။

mgyoe.com

mgyoe.com SAMPLE BOOK




"ဟော့... ထွန်းမောင်၊ လက်ဖက်ရည်ကြမ်းကလေးများ သောက်ပါဦး ကွ၊ မပေါ်လာတာ ကြာလှပကော"

"မပေါ်လာဆို... ဘကြီးအုန်းရေ... ဘကြီးအုန်း ပြောလိုက်ပြီးက တည်းက အားတယ်လို့ မရှိဘူး...၊ ကျွန်တော်တွင် မကဘူး၊ အရင်က အလုပ်မရှိဘူးဆိုပြီး ကြက်တိုက်၊ ဖဲရိုက်၊ ထန်းရည်ဆိုင်သွားနေတဲ့ ဖိုးသာတို့ ကျောက်ခဲတို့တောင် ဖဲဝိုင်းမသွားနိုင်ကြတော့ဘူး"

"သြော် တော်တော်ကလေး ဟန်လာကြပြီလား"

"ဟန်ရုံ ဘယ်ကမလဲ ဘကြီးရာ...၊ မနေ့က မြို့က လူငယ်အသင်းက သူတို့မြို့ကညီလာခံမှာ လက်ချာပေးပါလို့ ကျွန်တော်တို့ကို လာဖိတ် တယ်..."

"အေး... ပျော်ကော ပျော်ကြရဲ့လား..."

"ပျော်တာတော့ မပြောပါနဲ့တော့ ဘကြီးရာ"

"အေး ကောင်းတယ်၊ မင်းတို့ ဘာတွေလုပ်ကြသလဲ"

"ကျွန်တော်တို့ နွေရာသီ အားလပ်တဲ့အချိန်မှာ ရွာသားလူငယ်တွေ လုပ်ဖို့ လုပ်ငန်းစဉ်တစ်ခု ချထားတယ်။ ဒီရွာကလေးရဲ့ ရေးဟောင်းအစဉ် အလာကို စုံစမ်းမေးမြန်းပြီးတော့ သမိုင်းကလေးတစ်စောင် ရေးဆွဲဖို့၊ အဲဒီ

mgyoe.com

mgyoe.com


အတွက် ကျောင်းဒကာကြီး ဦးအောင်ဖိုးက မင်းတို့သာ ပြီးအောင်ရေးကြ၊ စာအုပ်ကလေးဖြစ်ဖို့တော့ ငါတာဝန်ထားလို့ ကတိတောင် ပေးပြီးပြီ။ နှစ်အချက်က ရွာနီးချုပ်စပ်မှာရှိတဲ့ သစ်ပင်တွေကို စုံစမ်းမှတ်သားဖို့။ သုံးအချက်က ရွာစားကျက်နဲ့ ရွာတစ်ဝိုက်မှာရှိတဲ့ မြက်တွေကိုစုံစမ်းဖို့။ လေးအချက်က ချောင်းထဲမှာရှိတဲ့ ငါးတွေကိုစုံစမ်းဖို့။ ငါးအချက်က လယ်ယာတွေမှာ နှစ်စဉ်ရေကြီးတဲ့ကိစ္စကို ဘယ်လို ကာကွယ်ရမယ်ဆိုတာ စုံစမ်းဖို့။ ခြောက်အချက်က ရွာထဲက လူနေအိမ်ခြေနဲ့ လူတွေ အကြောင်း စုံစမ်းဖို့"

"အောင်မာ... ငါ့လူတွေ မလုပ် မလုပ်နဲ့၊ လုပ်မယ့် လုပ်တော့လည်း ကြီးကြီးကျယ်ကျယ်ပါကလား..."။

"ပထမတော့ သေးသေးပဲ ဘကြီးရ...၊ စဉ်းစားရင်း လုပ်ငန်းတွေက ကျယ်လာတယ်..."

"နို့ မင်းတို့ အခုလက်တွေ့ ဘာလုပ်နေကြသလဲ"

"ပထမဦးစွာ ကျွန်တော်တို့နဲ့ အနီးဆုံးဖြစ်တဲ့ ရွာထဲက လူနေအိမ်ခြေနဲ့ လူတွေအကြောင်း စုံစမ်းတယ်"

"အေး... စပြီး လုပ်ကြပြီလား..."

"ဟာ... စလုပ်ရုံ ဘယ်ကမလဲ၊ ပြီးတောင်နေပြီ"

"ဟင်... တယ်မြန်ပါကလား..."

"မြန်ဆို ကျွန်တော်တို့ လူငယ် သုံးစုခွဲလုပ်တာပဲ"

"ဆိုစမ်းပါဦးကွာ...၊ ဘာတွေ တွေ့ကြသလဲ"

"ဟောဒီမှာ ကျွန်တော့် စာရင်းကလေးတောင် ပါလာသေးတယ်...၊ နားထောင် ဘကြီးရ...၊ ကျွန်တော် ဖတ်ပြောမယ်..."

"ရွာထဲမှာ အိမ်စုစုပေါင်း ၁၂၀။

ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး ၄ ဆောင်၊ အဟောင်း ၃၊ အသစ် ၁။

ပျဉ်ထောင်၊ ပျဉ်ခင်း၊ သက်ငယ်မိုး ၂၀။

ဝါးခင်း၊ ဝါးကာ၊ သက်ငယ်မိုး ၅၆။

တဲကုပ် ... ... ၄၀။

အားလုံးစုစုပေါင်း တန်ဖိုးကျပ် ၂၀,၄၀၀ ခန့်။

ရွာနေလူသိုက်၊ လူကြီး၊ လူငယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ကျား၊ မ စုစုပေါင်း ၅၀၀။
အသက် ၁၀၀ ၉၀ ၈၀ မရှိ။
အသက် ၇၀ တစ်။ အသက် ၆၀ တစ်။
အသက် ၅၀ လေး။ အသက် ၄၀ ၁၂၀။
အသက် ၃၀ ၁၀၀။ အသက် ၂၀ ၁၅၀။
အသက် ၁၀ ၁၀၀။ နို့စို့ ၂၄။

အဲဒီအနက်က အိမ်ထောင်စုံ ၃၀၀၊ လင်ကွာ၊ မယားကွာ ၂၀၊ အပျို ၅၀၊ လူပျို ၅၄၊ အရွယ်မရောက်သေးတဲ့ကလေး သူငယ် ၇၆..."

"အေး... တော်တော် သေချာတဲ့စာရင်းပါကလား။ စာတတ်သူနဲ့ မတတ်သူ ခွဲသေးသလား"

"ခွဲတာပေါ့ ဘကြီးရ၊ တော်တော် ဝမ်းနည်းဖို့ကောင်းတယ်။ စာတတ်တဲ့လူ ၄၀ ကျော်လောက်ပဲ ရှိတယ်"

"ကျောင်းတက်တဲ့ ကလေးနဲ့၊ ကျောင်းမတက်တဲ့ ကလေးကော..."

"ကျောင်းတက်တဲ့ အရွယ် ၁၀၀ ရှိတဲ့အနက်က တောင်ကျောင်းမှာ ၁၂ ယောက်လောက်သာ တက်တယ်"

"အဲဒါ ဒို့ရွာမှာ စာတတ်နည်းတဲ့ အကြောင်းတစ်ရပ်ပဲ၊ စာတတ်နည်းရင် အသိပညာနည်းတယ်။ အသိပညာနည်းရင် အောက်တန်းကျတယ်၊ အမှားအမှန် ဝေဖန်ပိုင်းခြားပြီး မသိတတ်ဘူး။ အောက်တန်းကျရင် မင်းတို့ မကြာခဏ ပြောနေကြတဲ့ ဘဝမြှင့်တင်ရေးဆိုတာ မဖြစ်နိုင်ဘူး။ ဒီလိုရပ်ရွာမှာ စာတတ်နည်းတာဟာ လူစဉ်မမီအောင် ညှဉ်းပန်းနေတဲ့ ရောဂါကြီးတစ်ခုပဲ။ ရောဂါရှိရင် ရောဂါပျောက်ကြောင်း ဆေးရှိရမယ်..."

"ဟုတ်တာပေါ့ ဘကြီး၊ ဒီရောဂါကို ကျွန်တော်တို့ ကုပစ်ရမယ်..."

"ဘယ်လို ကုကြမလဲ၊ 'အနာနဲ့ ဆေး၊ သင့်အောင် ပေး၊ ပျောက်ရေး မခက်ပါ'ဆိုတဲ့ ဆရာတော်၊ သမားတော်ကြီးများရဲ့ ကုထုံးကို လိုက်နာရမယ်။ ဒီတော့ ပထမဦးစွာ ရောဂါရဲ့မြစ်ရင်းကို ရှာရမယ်။ ဒို့ရွာမှာ ဘာဖြစ်လို့ စာတတ်နည်းသလဲ၊ ရွာသားကလေးသူငယ် ၁၀၀ လောက်မှာ ၁၀ လောက်သာ ကျောင်းတက်လို့၊ ၁၀၀ မှာ ဘာ့ကြောင့် ၁၀ လောက်သာ ကျောင်းတက်သလဲ။ ဘုန်းတော်ကြီး ကျောင်းကလေးသာရှိပြီး လူငယ်တွေကို စေ့အောင်

mgyoe.com

mgyoe.com


လက်ခံနိုင်တဲ့ ကျောင်းမရှိလို့။ ကျောင်းမရှိရင် ဘာလုပ်ရမလဲ၊ ကျောင်းထောင်ပေးရမယ်။ ဒီတော့ ကျောင်းထောင်ပေးခြင်းဟာ ပညာမတတ်သူတွေကို ကူသဖို့ ဆေးကြီးပဲ"

"ဟုတ်တယ် ဘကြီးရေ...၊ ကျောင်းထောင်ပေးရမယ်ဆိုတာကို ကျွန်တော်တို့ တွေးမိတယ်။ သို့ပေမဲ့ ကျောင်းထောင်ဖို့ ငွေမရှိတာက ခက်တယ်"

"အေး... ခက်အောင်တွေးရင် ခက်တာပဲ။ မခက်အောင်တွေးရင် မခက်ဘူး။ အလုပ်တစ်ခု လုပ်မယ်ကြံရင် ငွေရှိဖို့ဟာ အဓိကအရေးကြီးတဲ့ အချက်တစ်ချက်ပဲ။ သို့သော်လည်း လောကကြီးမှာ ငွေမပါဘဲ ပြီးနိုင်တဲ့ အလုပ်တွေ အများကြီးရှိတယ်။ အခု ဒို့ရွာမှာ ကျောင်းကလေးတစ်ကျောင်း လိုနေတယ်။ ငွေကုန်မခံဘဲလည်း ဖြစ်နိုင်တာပဲ။ ကလေးတွေကို စာသင်ပေးတဲ့နေရာဟာ ကျောင်းပဲ၊ ဒီကျောင်းဟာ မင်းတို့မြို့ကြီး၊ ပြကြီးတွေမှာ ဖွင့်ထားတဲ့ ကျောင်းကြီးတွေလို အုတ်တိုက်ကြီးတွေ၊ ပျဉ်ထောင်ပျဉ်ခင်းတွေလို လုံလုံလဲလဲ ကြီးကြီးကျယ်ကျယ်ကြီးတွေ ဖြစ်နိုင်ရင်လည်း ကောင်းတာပဲ။ မဖြစ်နိုင်ရင်လည်း မင်းအိမ်မှာဖြစ်ဖြစ်၊ ငါ့အိမ်မှာဖြစ်ဖြစ်၊ ရွာထိပ်က ဇရပ်ကလေးပေါ်မှာဖြစ်ဖြစ်၊ ကုန်ကုန်ပြောမယ်ကွာ... ရွာလယ်က မန်ကျည်းပင်ကြီးအောက်မှာဖြစ်ဖြစ် ကလေးတွေကို စုရုံးခေါ်ပြီး သင်ပေးလည်း ဖြစ်နိုင်တာပဲ။ ပိုက်ဆံမကုန်ဘဲ ကျောင်းတော့ရပြီ ဆရာကောလို့ မေးစရာရှိသေး။ ဆရာလည်း ရှာတတ်ရင် မရှားပါဘူးကွ၊ မင်းတို့ လူငယ်ပိုင်းမှာ လေးငါးခြောက်တန်းလောက် သင်ခဲ့ဖူးတဲ့လူတွေ ရှိတယ်မဟုတ်လား။ ပြီးတော့ မင်း တစ်လောကပြောသွားတဲ့ တက္ကသိုလ်ဝင် စာမေးပွဲအောင်လာတဲ့ သူကြီးသားကော ရှိတယ်မဟုတ်လား။ မင်းတို့ပဲ စုရုံးပြီး သင်ပေးလိုက်ပေါ့ကွ။ ကလေးတွေ နကန်းတစ်လုံးမှ မသိတဲ့ဘဝက စာဖတ်တတ်ရုံလောက် သင်တာပဲ။ တကယ့်ဆရာကြီးတွေ မလိုပါဘူး။ စာတတ်တဲ့လူတွေက ဝိုင်းပြီး တစ်နေ့ တစ်နာရီလောက် သင်ပေးလိုက်ရင် တော်တော်ကြီး ခရီးရောက်နိုင်တာပဲ။ မင်းတို့မြို့က လူငယ်အသင်းတွေလည်း အကူအညီတောင်းပေါ့ကွာ။ ဒို့လို ဆင်းရဲတဲ့ရွာ၊ ဆင်းရဲတဲ့နိုင်ငံမှာ ပိုက်ဆံမကုန်ဘဲ ပညာသင်တဲ့ နည်းတွေကို ရှာကြံရမယ်..."

"ဟုတ်တယ် ဘကြီးရေ...။ ကျွန်တော်တို့ကတော့ မြို့တက်ပြီး အစိုးရ

mgyoe.com

mgyoe.com
SAMPLE BOOK


အကူအညီကိုတောင်းဖို့ စိတ်ကူးနေတယ်။ နို့ပေမဲ့ အစိုးရအကူအညီဆိုတာ ရုတ်တရက် မရနိုင်ဘူး၊ ကြာတတ်တယ်လို့ ပြောကြတယ်"

"အေးလကွာ... အစိုးရဆိုတာက မင်းတို့လို တစ်ရွာတလေမဟုတ်ဘဲ တစ်ပြည်လုံးခြုံပြီး ကြည့်နေရတော့ မင်းတို့ လိုချင်သလောက် မြန်အောင် လုပ်မပေးနိုင်ဘူးပေါ့...။ မင်းတို့ကသာ အချိန်မဆုံးအောင် ဖြစ်တတ်သမျှနဲ့ အစပြုပြီး လုပ်ပေါ့။ အချိန်တန်တော့ အစိုးရအကူအညီတွေရော အခြားအကူ အညီတွေရော လာလိမ့်မပေါ့..."

"ဟုတ်ပြီ ဘကြီး၊ ဘကြီးပြောတဲ့နည်း ကောင်းတယ်၊ နက်ဖြန်ပဲ အစည်းအဝေးခေါ်မယ်၊ သူကြီးကလည်း သူတတ်နိုင်တဲ့ဘက်က ကူညီပါ့ မယ်လို့ ပြောတယ်..."

"ကဲ... အဲဒါပဲ၊ မင်း ငါ့ကို လာပြောတုန်းကလို မြို့ကို တက်သွားရင် ဒီရွာကလေးအကြောင်းကို မင်း ဘယ်သိမလဲ။ ဒီကျောင်းကလေးထောင်ဖို့ ဘယ်မှာ စိတ်ကူးရမလဲ။ ဒီရွာကလေးရဲ့ဗဟုသုတနဲ့ ဒီကျောင်းကလေး ထောင်ဖို့ဟာ မြို့မှာမရှိဘူး။ မြို့သွားရင် မြို့စကား ကြားခဲ့ရမှာပဲ။ တချို့ လည်း ဟိုတယ်နဲ့ ရုပ်ရှင်ရုံရောက်ပြီး ဘာမှမရခဲ့ဘဲ ပါတာကလေးကုန်ပြီး ပြန်ခဲ့ကြတာပဲ။ တောဗဟုသုတနဲ့ တောအကျိုးဟာ တောမှာပဲရနိုင်တယ်။ တောမှာ လုပ်စရာတွေ တစ်ပုံတစ်ခေါင်းကြီး၊ တကယ်လုပ်ကြမယ်ဆိုရင် ပျင်းနေစရာအချိန်တောင် မရှိပါဘူးကွ။ ကဲ... မြို့ကို သွားချင်သေးသလား..."

"ဘကြီးရေ... မြို့ကို အသာထား၊ ဒီက ဗဟုသုတတွေ ရှာနေရတာနဲ့ စိတ်ကူးဖို့တောင် အချိန်မရဘူး။ ကဲ... ဘကြီးအုန်း... နက်ဖြန် အစည်းအဝေး ကလေးခေါ်ဖို့ သွားပြီး တိုင်ပင်လိုက်ဦးမယ်..."

"အေး... အေး... ဖြစ်မြောက်အောင် လုပ်ကြကွဲ့"

ပျိုလေးရက်တဲ့ ရက်ကန်းစင်၊ ဘာဆင်လို့မေး။
မေးပါနဲ့အေ၊ တို့တစ်တွေ ချွေတာခြင်းကြောင့်၊
တင်းထိမ်တဲ့လေး။ ။

mgyoe.com

mgyoe.com SAMPLE BOOK




ဩော်… မောင်ထွေးလား…၊ ပေါ်မလာတာ ကြာလှပါကော…”

“မပေါ်လာဆို… ဘကြီးရာ… ခုတစ်လော အားတဲ့အချိန်ကို မရှိအောင် ဖြစ်နေပြီ…”

“ဟဲ့… အမြင့်လည်း လိုက်လာသကိုး…”

“ဟုတ်တယ်… ဘကြီးရဲ့…၊ ကိုကြီးထွေး လာခေါ်လို့ ကောက်သင်းကလေးတောင် ကောင်းကောင်း မကောက်နိုင်ဘူး…။ အမျိုးသမီးအလုပ်တွေနဲ့ ရှုပ်နေတာပဲ…”

“ဟဲ့… နင်တို့ လယ်တွေ ချောင်းတွေ အပြည့်အစုံနဲ့ ကောက်သင်း ကောက်နေရသေးသလား…။ မရှိတဲ့လူ စားစရာကလေးများလည်း ချန်ကြဦးမှပေါ့…”

“နှစ်တိုင်းတော့ မကောက်ပါဘူး… ဘကြီးရဲ့၊ ဒီနှစ်တော့ ကိုကြီးထွေးက နင်တို့ အမျိုးသမီးတွေ အလကားမနေကြနဲ့၊ အသင်းဖွဲ့ပြီးတော့ ရွာထဲက ဆင်းရဲတဲ့လူတွေ၊ အိုမင်းမစွမ်းလို့ ရောဂါထူလို့၊ မလုပ်နိုင်မကိုင်နိုင်တဲ့လူတွေကို ကူညီထောက်ပံ့ရမယ် ပြောလို့ ကျွန်မတို့ ရွာသူကလေးတွေ အသင်းဖွဲ့ပြီး ကောက်သင်းကောက်ကြတယ်…၊ ကောက်သင်းကောက်ရတဲ့ စပါးတွေကို ကျွန်မတို့ကိုယ်တိုင် ကြိတ်ထိုး၊ ဆန်ဖွတ်ပြီး ကိုကြီးထွေးပေးတဲ့ စာရင်း

mgyoe.com

mgyoe.com


အတိုင်း ရွာထဲက ဆင်းရဲတဲ့လူတွေကို ပေးတယ်၊ ခုအထိဆိုရင် ဟိုဘက်ရွာထိပ်က သားမရှိ၊ သမီးမရှိ တောင်းရမ်းစားနေတဲ့ ဒေါ်ကျေးကြီးကို ဆန်နှစ်တင်း၊ ခြေကျိုးနေတဲ့ ဦးကြီးဖောင်ကို ဆန်တစ်တင်း၊ သားကလေး နှစ်ယောက်နဲ့ ဒုက္ခရောက်နေတဲ့ မယ်ချစ်ကို ဆန်နှစ်တင်း၊ ဘုန်းတော်ကြီးကျောင်းကို ဆွမ်းဆန်တော်အတွက် ဆန်တစ်တင်း ထောက်ပံ့ပြီးပြီ...။ ခုလည်း နောက်ထပ်ငါးတင်းလောက်တော့ ရပြန်ပြီ...။ တလင်းကျွတ်တဲ့အခါလည်း ရွာထဲမှာ အိမ်စေ့လျှောက်ပြီး အလှူခံဖို့ စီစဉ်ထားတယ်...။ ပြီးတော့ ကျွန်မတို့ ထင်းခွေထွက်တော့ ထင်းဆယ်စည်းကို တစ်စည်းကျကောက်ပြီး အဲဒီအိမ်တွေကို ထောက်ပံ့မယ်...။ ကိုကြီးထွေးတို့ ကာလသားအသင်းကိုလည်း ထင်းတိုက်တဲ့အခါကို ဆယ်တုံးတစ်တုံးပေးရမယ်လို့ ကျွန်မတို့က ဆုံးဖြတ်ချက် ချထားတယ်..."

"မောင်ထွေးတို့ ရွာသားအသင်းက ပေးမယ်တဲ့လား..."

"အို... မပေးလို့ ဘာရမလဲ ဘကြီးရ...၊ အလှူခံတုန်း ကြည်ကြည်သာသာနဲ့ ပေးရင်ပေး မပေးရင် ကျွန်မတို့ရွာသူအသင်းက သူတို့ ရွာသားအသင်းကို ကျောက်ပျဉ်တစ်ချပ်နဲ့ မျက်နှာချေတစ်ထုပ်ပေးမှာ၊ ပြီးတော့ ဒေါ်ကျေးကြီးအိမ် မိုးမလုံတာကို ဒီနှစ် ခေါင်မိုးပြင်ပေးရအောင်၊ ကျွန်မတို့ အမျိုးသမီးတွေပျစ်တဲ့ သက်ငယ်ထဲက နှစ်ဆယ်မှာ တစ်ပျစ်ပေးရမယ်လို့ ဆုံးဖြတ်ထားတယ်...။ ကျွန်မတို့ ညီအစ်မသုံးယောက်ပဲ ဆယ့်ငါးပျစ်ပေးပြီးပြီ...။ မိုးမကျခင် တစ်အိမ်လုံး မိုးနိုင်လောက်အောင် ရပါလိမ့်မယ်..."

"အေး... အေး၊ သာဓုကွာ... သာဓု...၊ အဲဒီလို အစီအစဉ်တွေလုပ်ပြီး ကိုယ့်ရွာသားအချင်းချင်းတွေကို စောင့်ရှောက်ကြပါမှပေါ့၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ထားမျိုးက တစ်ခဏတာလောက်ပဲ ကောင်းတယ်။ တခြားလူတွေသေပြီး ငတေတစ်ယောက်တည်းကျန်နေရင် သေတဲ့တစ္ဆေတွေ ဝိုင်းခြောက်တာနဲ့ ငတေလည်း လိပ်ပြာလန့်ပြီး သေရတတ်တယ်။ ဟဲ့... စကားမစပ် မေးရဦးမယ်၊ ရွာထိပ်က ကျောင်းဒကာ ဦးကြွယ်သမီးနဲ့ မိမိန်းကလေးတို့ အသိုက်ကော ရွှေတဝင်းဝင်းနဲ့ ဂုဏ်ပြိုင်ပြီး ရန်ဖြစ်ကြသေးသလား..."

"မဖြစ်ပါဘူး ဘကြီးရဲ့၊ ရွာသူအသင်း ထောင်ကတည်းက သူတို့

mgyoe.com

mgyoe.com
SAMPLE BOOK


လည်း အသင်းအလုပ်တွေ များနေတာနဲ့ ဂုဏ်ပြိုင်နေဖို့၊ ရန်ဖြစ်နေဖို့ အချိန် မရတော့ပါဘူး။ ကျွန်မတို့အသင်းကလည်း ဒီလို ရန်ဖြစ်လို့မရဘူး။ သူတို့ မပြောနဲ့ ခွေးချင်းကိုက်မှုကစပြီး တစ်သက်လုံး မပြောနိုင်၊ မခေါ်နိုင်၊ မျက်နှာ ချင်း မဆိုင်နိုင် ဖြစ်နေကြတဲ့ ဖေမိတို့ ညီအစ်မနဲ့ စိန်ထွေးတို့ ညီအစ်မတွေ ခုတော့ ပြန်တည့်ပြီး တစ်အိမ်နဲ့တစ်အိမ် ကူးလိုက်ကြတာ ချောင်းပေါက် တော့မတတ်ပဲ ဘကြီးရဲ့..."

"အဲဒါ ဒို့ရွာအလုပ်ကို ဒို့လုပ်တော့ ချက်ချင်းလက်ငင်း မျက်မြင်ဒိဋ္ဌ ခံစားရတဲ့ အကျိုးကျေးဇူးတွေပဲ၊ မောင်ထွေးက ရွာမှာ ဘာမှလုပ်စရာမရှိဘူး ဆိုပြီး မနှစ်ဆီက အထင်လွဲခဲ့တယ်၊ မင်းတို့ ငါတို့ ရွာမှာနေတဲ့လူတွေ ဟာ ရွာမှာအလုပ်ရှိတယ်၊ မြို့မှာအလုပ်မရှိဘူး၊ ဒို့ရွာ အလုပ်ကလေးကို ဒို့လုပ်တယ်ဆိုရင်ပဲ ဘယ်တုန်းကမှ ဘယ်သူတစ်ဦးတစ်ယောက် လက်ညှိုး မထိုးခဲ့တဲ့ ရွာက မလုပ်ကိုင်နိုင် အတိဒုက္ခရောက်နေတဲ့ ဆင်းရဲသားများကို ကယ်ဆယ်ဖို့၊ ဝိုင်းဝန်းထောက်ပံ့ဖို့ အလုပ်ကလေးတွေ ပေါ်လာပြီး၊ ရွာထဲမှာ မိန်းကလေးအချင်းချင်းတွေ အချိန်ကုန်၊ ငွေဖြုန်း အတုအပလုပ်၊ ဂုဏ်တု ဂုဏ်ပြိုင်လုပ်၊ ဘာမဟုတ်တာကလေးနဲ့ ကိုယ့်အချင်းချင်း ရန်ခိုက် ဒေါသဖြစ် ကြ၊ အချင်းချင်း အမနာပ ကတုန်းကတိုက် စကားတွေပြော လုပ်နေတာတွေ ပပျောက်ပြီး ဖေမိတို့ စိန်ထွေးတို့တောင် သင့်မြတ်ပြီဆိုတဲ့ အလုပ်တွေကို မြို့က လုပ်မပေးနိုင်ဘူး၊ အဲဒါ လက်တွေ့လုပ် လက်တွေ့ခံစားရတဲ့ အကျိုး တွေပဲ၊ အဲဒီအတိုင်း ဆက်လုပ်သွားကြရင် မင်းတို့လူငယ်တွေ မကြာမကြာ ပြောပြီး မျှော်တော်ဇောနဲ့ မောနေကြတဲ့ လောကနိဗ္ဗာန် ဆိုတာကြီးဟာ ဘယ်သူကမှ လာပေးမနေရဘဲ မင်းတို့ရှေ့မှောက်မှာပဲ ပဒေသာပင်ကြီး ပေါက်သလို ပေါက်လာပါလိမ့်မယ်ကွာ... အေး... သာဓု... သာဓု... ငါက သာဓုခေါ်လိုက်ပါတယ်၊ ဒါထက် ခုတွင်က မောင်ထွေးပြောတာမှာ အားတဲ့ အချိန်ပဲ မရှိဘူးလို့ ပါသွားတယ်၊ ဘာတွေများ လုပ်နေကြသလဲကွဲ့..."

"ဘကြီးရေ ဘကြီး တစ်ခါက ပြောလိုက်တဲ့အတိုင်း ကျွန်တော်တို့ရွာ ထဲမှာ ကျောင်းကလေးတစ်ကျောင်း စပြီးထောင်တယ်၊ ဘကြီးသိတဲ့အတိုင်း တန်ဆောင်မုန်းလကစပြီး တည်ထောင်ခဲ့တယ်၊ ပထမတော့ ဘကြီး အကြံ ပေးတဲ့အတိုင်း ကလေးတွေကို ရွာလယ်က မန်ကျည်းပင်ကြီးအောက်မှာ

mgyoe.com

mgyoe.com  SAMPLE BOOK 

နေ့လယ်ခင်း နေပူတဲ့အချိန်မှာ စုခေါ်ပြီး ကျွန်တော်ကပဲ ကကြီး၊ ခခွေး ကလေးတွေ သင်ပေးတယ်၊ နောက်တော့ တောင်ဘက်ပိုင်းက ဘသာမွေးတို့ အလှူပြီးတော့ အလှူထမင်းကျွေးတဲကြီးကို မဖျက်ပါနဲ့လို့ တောင်းပြီး တဲကြီး ထဲမှာ ကျောင်းဖွင့်ထားလို့ တော်တော်ပဲ နေရာကျတယ်၊ ကျွန်တော်တို့က ဒီလိုလုပ်ပေးပေမဲ့ အချို့ကလေးတွေရဲ့ မိဘများက နားမလည်ကြဘူး၊ သူတို့ ကလေးတွေကို နွားကျောင်း၊ ရေခပ်၊ နွားချေးကျုံး အလုပ်ပျက်တယ်ဆိုပြီး မလွှတ်ချင်ကြဘူး၊ အဲဒါကိုလည်း သူတို့ နားလည်အောင် လိုက်ပြီး ပြောနေရ တယ်၊ ဒီအထဲမှာ ကလေးတွေအတွက်တော့ အစီအစဉ်ရှိပြီး လူပျိုကာလ သားတွေအတွက် လိုသေးတယ်ဆိုပြီး သူကြီးအိမ်က မတောက်တခေါက် စာဖတ်ခန်းကလေးကို ပြုပြင်ဖို့ အကြံရလို့ ဒီအကြံကလေးကို အကောင် အထည်ဖော်မယ်လုပ်နေတုန်း ဖြုန်းဆို မနေ့က မြို့က အသင်းဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးပေါ်လာပြီး ခင်ဗျားတို့ရွာကလည်း ဒီနှစ် သတ္တမမြောက် နှစ်ပတ်လည် အောင်ပွဲကျင်းပပါလို့ ဆော်ဩသွားတဲ့အတွက် လိုက်လုပ်နေရ ပြန်တယ်၊ တော်တော်ခက်တယ် ဘကြီးအုန်းရဲ့"

"အေး... အလုပ်တာဝန်ဆိုတာ လွယ်တဲ့အလုပ်ရယ်လို့ လောကကြီး မှာ မရှိဘူးကွ၊ အလုပ်မှန်ရင် ခက်တာချည်းပဲ၊ နို့ပေမဲ့ သတ္တမမြောက် လွတ်လပ်ရေးအောင်ပွဲကြီးကို သူတစ်ပါးလာခိုင်းလို့ မင်းတို့ ငါတို့ လုပ်ရ တယ်ဆိုတဲ့ စကားတော့ ငါ မကြိုက်ဘူးကွာ"

"ဟုတ်တယ် ဘကြီးရ... ကျွန်တော်လည်း သူက ခိုင်း၊ ငါကခိုင်းနဲ့ လုပ်ရတဲ့အလုပ်မျိုးကို မလုပ်ချင်ဘူး၊ ဒါကြောင့် မလုပ်ဘူးတောင် အောက်မေ့ မိတယ်"

"ငါပြောတာက အဲဒီသဘော မဟုတ်ဘူးကွ... ဟဲ့... အမြင့် ဘယ် သွားမလို့တုံး..."

"ကျွန်မ မောင်ကြီး သာခင်တို့အိမ်ကို သွားမလို့"

"အကြောင်းထူး မရှိရင် နေဦး၊ နင်လည်း ရွာထဲက ရွာသူအမျိုးသမီး အသင်းသူတစ်ယောက်ပဲ၊ နင်တို့လည်း နားလည်သင့်တယ်၊ ငါပြောတာကို ကောင်းကောင်း နားထောင်သွားဦး၊ အေး... ငါပြောတာ ဒီသဘော မဟုတ် ဘူး၊ အဲဒီလို အမှတ်မဲ့ အဓိပ္ပာယ်အကောက်အယူ မှားတာတွေ သတိထား

mgyoe.com

ရမယ်။ ငါဆိုလိုတာကတော့ တစ်နှစ်တစ်ကြိမ် ကျင်းပကြတဲ့ လွတ်လပ်ရေး အောင်ပွဲကြီးဆိုတာ ပြည်ထောင်စုကြီးအတွင်းမှာ နေကြတဲ့ မင်းတို့ ငါတို့ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယား စတဲ့ လူတွေအတွက် ဒီထက်အရေးကြီးတဲ့ကိစ္စ မရှိဘူး။ ဒီလောက် အရေးကြီးတဲ့ကိစ္စမျိုးမှာ သူတစ်ပါးလာပြီး ပြောနေဖို့ မလိုစေရဘူး။ ကိုယ်ကိုယ်တိုင်က ဒီအချိန် ဒီကာလရောက်လာပြီဆိုရင် တကယ့်နှစ်နှစ်ခြိုက်ခြိုက် တကယ့်အားတက် သရောဖြစ်ပြီး သူတစ်ထူး ရှေ့ကနေပြီး အောင်ပွဲကြီး ကျင်းပချင်တဲ့ တကယ့် စိတ်ဓာတ်တွေ ပေါ်နေစေရမယ်။ ဒီလိုမှ မဟုတ်ဘဲ ဒီလိုနေရာမျိုးမှာ သူ တစ်ပါး ယောင်လို့ ယောင်ရတယ်၊ သူတစ်ပါးလာပြီးပြောလို့ လုပ်ရတယ် ဆိုရင် တို့မှာ လွတ်လပ်ရေးဆိုတဲ့ စကားဟာ လုံးလုံးအဓိပ္ပာယ်မရှိတဲ့ စကား မျိုးဖြစ်နေတယ်လို့ ဆိုရလိမ့်မယ်။ လွတ်လပ်ရေးဟာ ဘာလဲဆိုတဲ့ အဓိပ္ပာယ် ကိုမှ မသိတဲ့လူဟာ ဘယ်မှာ လွတ်လပ်ရေးရနိုင်မလဲ၊ ဒီတော့ လွတ်လပ်ရေး ဆိုတဲ့ အဓိပ္ပာယ်သဘောတရားတွေကို ကောင်းကောင်းနားလည်ဖို့၊ ကောင်း ကောင်း နှလုံးသွင်းနိုင်ဖို့ လိုတယ်။ ဟော… မင်းတို့ သဘောပေါက်အောင် ဘကြီးပြောပြမယ်။

"လွတ်လပ်ရေးအရသာဆိုတာ ရေရဲ့အရသာလိုပဲ။ ရေပေါတဲ့နေရာမှာ ရေရဲ့အရသာကို မသိနိုင်ဘူး၊ ရေရှားပြီး ငတ်လာတဲ့အခါမှာ သိနိုင်တယ်။ ထို့အတူပဲ လွတ်လပ်ရေးကို ရနေတဲ့အခါ လွတ်လပ်ရေးရဲ့ အရသာကို ထင်ထင်ရှားရှားကြီး မသိနိုင်ဘူး။ လွတ်လပ်ရေးမရတဲ့အခါတွင်မှ လွတ်လပ် ရေးအရသာကို ကောင်းကောင်းကြီး သိနိုင်တယ်…"

"မင်းတို့အရွယ်တွေဆိုတော့ ကျွန်ခေတ်နောက်ပိုင်းကလေးကိုသာ မီလိုက်တဲ့အပြင် မီလိုက်တဲ့အချိန်ကလေးမှာလည်း ပျော်ချိန်ပါးချိန် ဖြစ်နေလို့ လွတ်လပ်ရေးမရတဲ့ ကျွန်ဘဝဟာ ဘယ်လောက်ဆိုးသလဲဆိုတာ ကောင်း ကောင်း မသိကြဘူး။ တို့အသက်ကြီးတဲ့ လူတွေမှာတော့ ကျွန်ဘဝမှာ နှစ်ပေါင်းများစွာ နေခဲ့ရတဲ့အတွက် ကောင်းကောင်းကြီး သိလိုက်တယ်။ ငါကိုယ်တိုင်ဆိုရင် ၄၂ ခုသား၊ အခု အသက် ၇၄ နှစ်ရှိပြီ။ သီပေါမင်း တရားဟာ ၄၇ ခုနှစ် ပါတော်မူတယ်ဆိုတော့ တို့မြန်မာမင်းကို ငါ ၅ နှစ် မီလိုက်သေးတာပေါ့။ နို့ပေမဲ့ ငါက အင်္ဂလိပ်မင်းပိုင်တဲ့ အောက်ပြည်မှာ

mgyoe.com

mgyoe.com
SAMPLE BOOK


မွေးတယ်၊ မွေးကတည်းက ကျွန်ဘဝမှာမွေးရတော့ လွတ်လပ်ရေးဆိုတာ ဘာမှန်းမသိလိုက်ရဘူး။ ငါ ရန်ကုန်မှာ အင်္ဂလိပ်စာကို အက်ဖ်၊ အေ ထိအောင် သင်ခဲ့ပြီး ပထမဦးစွာ ဘုရင်ခံရုံးတော်ကြီးမှာဝင်ပြီး စာရေးကြီး လုပ်ရတယ်။ ဘုရင်ခံရုံးဆိုတာ အခု မင်းတို့အတွင်းဝန်များရုံးလို့ ခေါ်တဲ့ ရုံးကြီးပေါ့ကွာ။ အဲဒီရုံးမှာ ငါးနှစ်လောက်ကြာတော့ မြို့အုပ်ကလေးခန့် လိုက်လို့ နယ်ကို ထွက်လာခဲ့ရတယ်ကွ။ ဒို့ဗမာမှာတော့ ဟိုခေတ်က မြို့အုပ်၊ ဝန်ထောက်၊ စစ်ကဲတော်မင်းဆိုတာ နည်းတဲ့ရာထူးမှ မဟုတ်ဘဲကိုးကွ…။ မြို့အုပ်ဝန်ထောက် အသာထားဦး၊ တိုက်သူကြီးဆိုတဲ့ ရာထူးတောင် တော်တော်ကြီးတာပဲ။ မြို့အုပ်၊ ဝန်ထောက်ဆိုတဲ့လူတွေကို ဘုရားထူးခံ အာဏာရမင်းတွေရယ်လို့ အရပ်သူ အရပ်သားတွေက တယ်ပြီး အထင်ကြီး သပေါ့ကွာ၊ မြို့အုပ်မင်း ကြွလာတယ်ဆိုရင် လမ်းမှာ လမ်းသွားလမ်းလာ တောင် မရှိရဘူး။ ရှေ့က ပုလိပ်တော်မင်းတစ်ယောက် ကြိမ်ကြီးတစ်လုံးနဲ့ လမ်းရှင်းထားရတယ်။ ဒီလို ကိုယ့်လူမျိုးအချင်းချင်းအပေါ်မှာ ဩဇာအာဏာ နဲ့ ကြွားလိုက်မော်လိုက်ရတော့ တော်တော်ကြီး စိတ်ကြီးဝင်စရာပေါ့ကွာ…။

"နို့ပေမဲ့လို့ ကိုယ့်အချင်းချင်းအပေါ်မှာသာ မြို့အုပ်ကြီးဟဲ့၊ ဝန် ထောက်ကြီးဟဲ့၊ စစ်ကဲတော်ကြီးဟဲ့လို့ အာဏာပြ ဘုရားထူးခံနိုင်တာကိုးကွ၊ ငါတို့ အရှင်သခင်တွေဖြစ်တဲ့ မျက်နှာဖြူတွေကျတော့ ဒို့က ဒူးနှစ်ဖက် ထောက် လက်အုပ်ချီပြီး မြို့အုပ်မင်း လူကလေး၊ သခင် ပြောမယ်ဆိုတော့ ဘုရားလို့ ထူးရတယ်ကွ၊ အထက်မြန်မာပြည် မန္တလေးရတနာပုံတို့ ဘာတို့ ဆိုတဲ့ အညာကိုရောက်ဖူးတဲ့ အရေးပိုင်ကြီးတစ်ယောက်ကဖြင့် တို့ ရန်ကုန် ရောက်လာတဲ့အခါ မင်းတို့ရန်ကုန်ကလူတွေဟာ ကောင်းကောင်း မယဉ် ကျေးဘူး၊ အထက်ကလူတွေလို သခင်ကခေါ်ရင် ဘုရား ဟား… ဟား… ဟား လို့ ရှည်ရှည် မထူးတတ်ဘူးလို့တောင် ကြိမ်းလိုက်သေးတယ်။ မျက်နှာဖြူ တွေကတော့ သူတို့ စစ်တပ်ကြီးတွေနဲ့ အနိုင်ကျင့်ပြီး တိုင်းပြည်ကို အပိုင်သိမ်း ထားတဲ့ လူတွေမို့လို့ ထားပါဦး။ သူတို့နဲ့ ကပ်ပြီးပါလာတဲ့ မျက်နှာမည်းကြီး တွေကိုတောင် တို့က ဘုရားထူးပြီး သခင်ခေါ်ရတယ်။ ဒါနဲ့ပတ်သက်ပြီး တစ်ခါက ကြားဖူးတာလေး ပြောရဦးမယ်။ ရှေးက တောအုပ်ကြီး တစ်ယောက်ဟာ တောင်ပေါ်မှာသွားပြီး အမှုထမ်းရတယ်။ အစိုးရအရာရှိ

mgyoe.com

mgyoe.com
SAMPLE BOOK


တောအုပ်ကြီးဆိုတော့ တောင်ပေါ်သားတွေက သိပ်ကြောက်ရတာပေါ့ကွာ။ တောင်ပေါ်မှာတော့ သူက ဘုရင်တစ်ပါးမို့ သူ့ကို အင်မတန် ရိုရိုသေသေနဲ့ ဘုရားချည်း ထူးရတာပေါ့ကွာ။ တစ်ခါတော့ တောင်ပေါ်သားတွေမှာ အမှု ကိစ္စပေါ်လာလို့ တောအုပ်ကြီးကိုယ်တိုင် တောင်ပေါ်သားတချို့ကို ခေါ်လာ ပြီး မြို့ရုံးကို လာခဲ့ရတယ်။ မြို့ရုံးရောက်လို့ သစ်တောမင်းကြီးရှေ့ ရောက် တော့ တောအုပ်ကြီးမှာ ဘုရား၊ ဘုရားနဲ့ထူးပြီး ပြားပြားဝပ်နေရတာကို တောင်ပေါ်သားတွေ မြင်ကြတော့၊ 'ဟော့… တောင်ပေါ်တုန်းကတော့ ဒို့ကခွီး ကွ၊ မြို့ရောက်တော့ တောအုပ်ကြီးက ခွီးကွ' လို့ အချင်းချင်းပြောကြသတဲ့။

"လခနဲ့ ရာထူးကျပြန်တော့လည်း ဒို့ဗမာတွေမှာ နှစ်ပေါင်း သုံးလေး ဆယ်လုပ်လို့ အထက်တန်းဆုံး ရောက်နိုင်ရင် ရာထူးက တတိယတန်း လက်အောက်ခံ ဝန်ထောက်ကွ၊ လခက တစ်လ ၂၄ဝိ/ ကွ၊ အဲဒါ အများဆုံး ပဲ။ သူတို့ မျက်နှာဖြူကလေးတွေကျတော့ အသက်ကလေး ၂၀ သား၊ ဘီလပ်ကရောက်စ၊ အလုပ်ဆိုလို့ ဘာတစ်ခုမှ မတတ်သေးတဲ့ သူငယ်နှပ်စား သာသာလောက်ကလေးတောင် ဒုတိယတန်းကစပြီးခန့်၊ လခတွေ၊ အပိုငွေ တွေ၊ ခရီးစရိတ်တွေနဲ့ တစ်လ တစ်ထောင်ကျော် ပေးသကွ။ အဲဒီလို အစစမှာ အောက်ကျ၊ နောက်ကျ ဖြစ်တယ်။ ဘယ်လောက်ပဲ ဉာဏ်ပညာကြီးကြီး၊ ဘယ်လောက်ပဲ အလုပ်ရည်ပြည့်ပြည့်၊ ဘယ်လောက် ကြိုးစားကြိုးစား ကြီးပွားခွင့် မရဘူး။ ငါကတော့ ဒါတွေကို စောစောက မြင်တယ်ကွ၊ မခံချင် စိတ်တွေ ရှိသကွ၊ ကျွန်ဘဝရဲ့ ဆင်းရဲပုံတွေကို ခံစားရသကွ။ ဒါနဲ့ ဖြစ်ချင်ရာ ဖြစ် သင်းတို့ ကျွန်အောက်က သပေါက်အလုပ်မျိုးတော့ မလုပ်ဘူး။ သင်း တို့အလုပ် မလုပ်လို့ လျှာမြက်မပေါက်ဘူးဆိုပြီး အလုပ်ကထွက်ပြီး ရတတ် သမျှနဲ့ နေခဲ့တာပဲ။ အဲဒါ မလွတ်လပ်တဲ့ ကျွန်ဘဝကွ။ အခု တို့တိုင်းပြည်ကြီး လွတ်လပ်ပြီ၊ ဒို့တက်လမ်းကို ဘယ်သူမှ ပိတ်မထားတော့ဘူး၊ မင်းတို့တော် ရင် သမ္မတအထိ တက်ပြီးဖြစ်နိုင်တဲ့ ဘဝသစ်ကြီးရနေပြီ၊ မင်းတို့ တက်လမ်း ကြီးဟာ အဆုံးမရှိ ပွင့်နေပြီ၊ အဲဒါ လွတ်လပ်ရေးရဲ့ အရသာကြီးပဲကွ။ ဒို့လွတ်လပ်ရေးကို ဒို့နားလည်ရမယ်၊ ဒို့စောင့်ရှောက်ရမယ်၊ ဒို့ချီးမြှောက် ရမယ်။ ဘယ်သူကမှ တိုက်တွန်းနေစရာ မလိုဘူး။ ဒို့အသည်းထဲအူထဲက လှိုက်လှိုက်လှဲလှဲ ဖြစ်ရမယ်"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဟုတ်တာပေါ့... ဘကြီးရ၊ နို့ပေမဲ့ ခက်တာက အောင်ပွဲတွေ လုပ်တယ်ဆိုတာ ငွေကုန်တယ်၊ ဘယ်ကမှလည်း တစ်ပြားလာပေးတာ မဟုတ်ဘူး..."

"အေး... ထပ်ပြီးမှားပြန်ပြီ...ငွေမရှိဘူး၊ သူတစ်ပါး ငွေပေးမှ လုပ်မယ်ဆိုရင်တော့ မင်းတို့ဟာ တကယ့်လွတ်လပ်တဲ့လူတွေ မဟုတ်သေးဘူး၊ ကြေးစား လွတ်လပ်ရေးသမားတွေ ဖြစ်နေမှာပေါ့ကွ။ ဒို့လွတ်လပ်ရေး ဒို့လုပ်မယ်။ ကုန်ကုန်ပြောမယ်ကွာ သူတစ်ပါးက ငွေလာပြီး ထောက်တယ်ဆိုတောင်မှ လက်မခံနဲ့၊ ဒို့ကို မင်းတို့က ဒီလောက်တောင် အထင်သေးသလားလို့ မေးပြီး လွှတ်လိုက်။ ကိုယ့်အရပ်ထဲမှာ လိုက်စု၊ ဒီလိုစုလို့မှ မရရင်လည်း ပိုက်ဆံမကုန်တဲ့ နည်းနဲ့ထွင်ပြီး လုပ်ပေါ့ကွ...၊ ဒီလိုနေရာမျိုးမှာ ငွေမလိုပါဘူးကွ...၊ လူသာလိုပါတယ်။ ကဲ... ကဲ အားရပါးရ လုပ်ကြစမ်း...."

"ကောင်းပြီ... ဘကြီး... အဲဒါပဲ သဘောကျတယ်...၊ ဒီနေ့ညပဲ ကျွန်တော်တို့ အစည်းအဝေးခေါ်ထားတယ်..."

"အေး... ကောင်းတယ်...၊ အမြင့်တို့ကလည်း ကြည့်မနေနဲ့ကွဲ့၊ ဟိုနေ့ကျတော့ ရွာသူကလေးတွေ ကောက်ညှင်းဆန် တစ်အိမ်တစ်လုံးကျ စုပြီး တစ်ရွာလုံး ပျော်ပျော်ပါးပါး ကောက်ညှင်းကျွေးပေါ့ကွဲ့။ ငါက *ပဲသုံးစလယ်လောက်တော့ ထည့်မကွာ..."။

"အို... ကောက်ညှင်းပေါင်းလောက်တော့ ကျွန်မတို့ရွာက တတ်နိုင်ပါတယ်..."

"အေး... ကောင်းပြီ... ကြိုးစားကြ"

မလေးစိုက်၍၊ နှစ်ခြိုက်စရာ၊ ပန်းရွှေယင်းမာ။
ဖူးငုံငယ်ဖြာ၊ ညှာတံကသေး။ ။
အပွင့်ခင်အလျှင်ချိုးရင်၊ ညှိုးတတ်တယ်လေး။

---

* နို့ဆီဘူး ခြောက်လုံး

mgyoe.com

mgyoe.com SAMPLE BOOK




အဘိုးကြီးသည် အသက်ရှစ်ဆယ်ကျော်လောက် ရှိပြီ၊ မည်သည့်အခါက ထိုဇရပ်ကလေးကို ရောက်နေသည် မသိ၊ နေ့စဉ် ဇရပ်စွန်းကလေးတွင် ပုတီးစိပ်ခြင်းဖြင့်သာ အချိန်ကိုကုန်စေ၏။ ထိုအဘိုးကြီးနှင့်ပတ်သက်၍ နေ့စဉ် အထူးသတိပြုမိသောအချက်မှာ နံနက်တိုင်း ၁၀ နာရီ ဒင်ခနဲ ထိုးလျှင် မနီးမဝေးရှိ တိုက်ကျောင်းဇရပ်မှ ဇရပ်အမကြီး ဒေါ်ကျော့သည် ထမင်းတစ်ပွဲ လာပို့၏။ အဘိုးကြီး.စားသောက်ပြီး တစ်နာရီကြာ၍ ၁၂ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ဒေါ်ကျော့ပင် လာရောက်၍ ထမင်းပွဲကို ပြန်သိမ်းသွား၏။ ဤသို့ ရက်ပေါင်း လပေါင်း များစွာပို့၍ နေသော်လည်း ထိုအဘိုးကြီးနှင့် ဇရပ်အမကြီး ဒေါ်ကျော့တို့သည် စကားတစ်ခွန်းမျှ မပြောကြသည်ကို တွေ့ရ၏။ တစ်ရက် မပြောလျှင် ကိစ္စမရှိ၊ တစ်လ မပြောလျှင် ကိစ္စမရှိ၊ သို့သော် ရက်ပေါင်း လပေါင်းများစွာ တစ်ယောက်က ထမင်းပို့၊ တစ်ယောက်က စားနေ၍ စကားတစ်ခွန်းမျှမပြော၊ တစ်ယောက်မျက်နှာကိုမျှ တစ်ယောက် မကြည့်နေကြသောအခါ ထူးဆန်းသည်ထက် ထူးဆန်းလာ၏။

ကျွန်တော်လည်း ပထမသော် အမှတ်မဲ့နေမိ၏။ ကြာသော် သိလိုဇော ပြင်းထန်လာ၍ တစ်နေ့သောအခါ ဇရပ်အမကြီး ဒေါ်ကျော့ထမင်းပွဲကို သိမ်းယူသွားပြီးသည့်နောက် အဘိုးကြီးအား ဘီစကွတ်မုန့်တစ်ဘူး၊ ဖယောင်း

mgyoe.com

mgyoe.com
SAMPLE BOOK


တိုင်တစ်ထုပ်နှင့် ဝါကျွတ်ကန်တော့ရင်း...

"ဘကြီး၊ ဘကြီးကို တစ်ခုမေးချင်တယ်၊ တခြားမဟုတ်ပါဘူး ဘကြီးရဲ့၊ အဘွားကျော့ဟာ နေ့စဉ်နေ့တိုင်း ဘကြီးဆီကို ထမင်းလာလာပြီး ပို့တာကြာလှပြီ၊ တစ်ယောက်ကို တစ်ယောက်လည်း မကြည့်၊ စကားပြောကြတာလည်း တစ်ခါမှ မတွေ့ဖူးတော့... ကျွန်တော်တို့စိတ်က တော်တော်ထူးဆန်းနေတယ်"

"သြော်... ဒါလား... အကျော့ ငါ့ကို ထမင်းပို့နေတာ တစ်နှစ်ကျော်လောက် ရှိသွားပြီ၊ လုံးလုံး စကားမပြောတော့ မဟုတ်ပါဘူး...၊ မနှစ်က ပထမအကြိမ် ထမင်းလာပို့တုန်းက သူက ကိုအောင်ရရေ... ဒီဇရပ်မှာ နေ့စဉ် ဥပုသ်စောင့်နေသလား၊ အေးဟုတ်တယ်၊ ဒါဖြင့် မနက်စာ ကျွန်မနေ့စဉ် လာပို့မယ်၊ အေး ကောင်းသားပဲလို့ ငါက ပြန်ပြောလိုက်တယ်၊ အဲဒီကတည်းက သူလည်း နေ့စဉ်လာပို့တာပဲ၊ ငါလည်း သူပို့သမျှ စားတာပဲ"

"နောက်ကော..."

"အဲဒီတစ်ခါပဲ သုံးလေးခွန်း ပြောကြတယ်၊ နောက်တော့ မပြောမိဘူး"

"ထူးဆန်းလှချည့်ကလား...ဘကြီးရဲ့၊ ဘာဖြစ်ကြတာလဲ"

"ဘာမှမဖြစ်ဘူး..."

"မဟုတ်ဘူး ဘကြီး၊ တစ်ခုခုတော့ ရှိရမယ်"

"အေး... ထူးဆန်းတယ်လို့ ထင်ရင်လည်း ထင်စရာပေါ့ကွာ၊ မင်းသိချင်ရင်တော့ စကားစပ်လို့ ပြောရတာပေါ့ကွာ၊ အေး... နှစ်ပေါင်း ခြောက်ဆယ်ရှိပြီ၊ ဒီအချိန်ပေါ့"

"ဘယ်အချိန်လဲ ဘကြီးရဲ့"

"နှစ်ပေါင်း ခြောက်ဆယ်ကျော် ခုလို သီတင်းကျွတ် လပြည့်နေ့ပေါ့ ကွာ... အဲဒီနေ့မှာ အကျော့နဲ့ ငါနဲ့ ပထမတွေ့ကြတာပဲကွ၊ အကျော့ကလည်း မန္တလေးသူ ငါကလည်း မန္တလေးသား ငါက အသက်နှစ်ဆယ်၊ အကျော့က ဆယ့်ခြောက်နှစ်လောက် သီတင်းကျွတ်လပြည့်နေ့ မီးထွန်းပွဲမှာတွေ့ကြတာပေါ့ကွာ... အသားကလေးကလည်း ဖြူဖြူဝင်းဝင်း... မျက်လုံးကလေးကလည်း ဝိုင်းလို့၊ မျက်တောင်ကော့ကလေးနဲ့ သူတို့အိမ်ရှေ့ထွက်ပြီး ဆံတောက်ကလေးတခါခါနဲ့၊ ဒို့ကလည်း လူပျိုကာလသား မီးပွဲလျှောက်ပြီးတိုး၊

mgyoe.com

mgyoe.com
SAMPLE BOOK


အကျော့တို့ အိမ်ရှေ့ရောက်လို့ ဖြုန်းခနဲမြင်လိုက်ရတော့၊ အမယ်လေး... လှလိုက်တာကွာ... ငါကလည်း အသက် ၂၀ လောက် စိတ်ရဲလက်ရဲ လူပျို ကလေးဆိုတော့... ချက်ချင်း အနားကပ် ညတွင်းချင်းပဲ သမီးရည်းစား ဖြစ်ကြတာပါပဲကွာ"

"ဒီ ဇရပ်အမကြီး ဒေါ်ကျော့ပဲလား"

"အေး... သူပဲ... လူငယ်ဘာဝ အကျော့ကလည်း ကြိုက်သဟ၊ ငါကလည်း ကြိုက်သဟ၊ သို့သော်လည်း ရေးဘဝအဆက်ဆက် ကုသိုလ် ရေစက် မဆုံခဲ့ကြဘူးနဲ့ တူပါတယ်ကွာ... အကျော့က ဟိုအချိန်က မန္တလေး မှာ ပဂေးပေါ့ကွာ၊ သူ့မိဘများက တော်တော်ကြီးချမ်းသာတဲ့ ပွဲစားကြီး များကွ၊ ငါ့မိဘများကတော့ လုပ်စားကိုင်စားများထဲကမို့ မချမ်းသာကြဘူး။ ဒီတော့ သူ့မိဘများက ငါနဲ့ သူတို့သမီး အိမ်ထောင်ချဖို့ဟာကို ဘယ်မှာ သဘောတူနိုင်ကြလိမ့်မလဲ၊ အကျော့ကတော့ ကိုအောင်ရရေ... အဖေ အမေ တို့ ဘယ်လောက်ပဲ သဘောတူတူ မတူတူ... အကျော့အတွက် စိတ်ချပါလို့ အထပ်ထပ်ပြောပါတယ်၊ နောက်... ငါလည်း ငါ့အခြေအနေကို သိလို့ အကျော့ကို တန်းတူတောင်းရမ်းယူနိုင်အောင် စီးပွားရှာမဟဲ့လို့ စိတ်က တင်းပြီး မိဘများထံ ခွင့်ပန်၊ အကျော့ကို တိုးတိုးပြောခဲ့ပြီး အောက်ပြည် အောက်ရွာ ဆင်းလာခဲ့တာပေါ့ကွာ။

"အကျော့ကလေးကို မျက်စိထဲ တရေးရေးနဲ့ တွေးတွေးပြီး စီးပွား ဖြစ်ချင်တဲ့ဇောနဲ့ ရှာလိုက်ဖွေလိုက်တာ သုံးနှစ်လောက်ကြာတော့ ငွေ တစ်ထောင်လောက် ပိုက်မိသကွ၊ အကျော့တို့ရဲ့ မိဘစီးပွားရေးနဲ့ မယှဉ်နိုင် သေးဘူးပေါ့ကွာ၊ သို့သော်လည်းပဲ တော်လောက်ပြီဟလို့ တွေးပြီး မန္တလေး ကို အားရပါးရ ပြန်သွားတယ်။ ရန်ကုန် လက်ဆောင်ကလေးများလည်း ပါသပေါ့ကွာ၊ ရောက်တဲ့နေ့ပဲ သူတို့အိမ်ပြေးသွားတော့ အိမ်ရှေ့ခန်းမှာ သူ့အမေ အဖေများနဲ့ တွေ့တယ်။ လက်ဆောင်ကလေးတွေကို ပေးတော့ အားရပါးရယူပြီး သူ့အမေက မောင်အောင်ရရေ မင့်နှမ အကျော့တော့ သန်ဘက်ခါ မင်္ဂလာဆောင်ပဲကွဲ့၊ ဇရာဝတီ စာရေးကြီး မောင်ထွန်းဘော်နဲ့ လေလို့ ပြောနေတုန်း အကျော့လည်း အတွင်းခန်းက တံခါးဝ ရောက်လာ တယ်၊ ငါ့ကိုလည်း မြင်၊ သူ့အမေပြောတဲ့ စကားလည်းကြားတော့ မျက်စိ

mgyoe.com

mgyoe.com

SAMPLE BOOK


ကလေးပြုံးပြီး ဖြုန်းဆို ဝင်ပြေးတာပါပဲ။ ငါလည်း နှုတ်တောင်မဆက်ဘူး၊ သူတို့အိမ်က ဆင်းလာခဲ့တာပဲ။

"အဲဒီနေ့ညနေ အကျော့ဆီက လူတစ်ယောက်လွှတ်ပြီး သူ့အမေပြောတဲ့စကား မှန်တယ်၊ နို့ပေမဲ့ ဘာဖြစ်ဖြစ် ဒီနေ့ည ခိုးလှည့်ပါလို့ ပြောတယ်...၊ အဲဒီအချိန်တုန်းက ငါမှားခဲ့တယ်၊ ငါသာ ယောကျ်ားပီပီ စိတ်အားတင်းပြီး သွားခိုးလိုက်ရင်၊ အကျော့နဲ့ငါ ဖူးစာ ဆုံကြမှာပဲ၊ သို့သော် ငါ မသွားဘူး၊ စိတ်ထဲက နာသလိုလိုနဲ့ စိတ်လျှော့လိုက်တယ်၊ ရှိပါစေတော့ ဒီလောက်တောင် မသဒ္ဓါတဲ့အစာကို ငါ ဘာပြုစားမလဲလို့ လျှော့လိုက်တယ်၊ ငါမသွားဘူး၊ ငါ မခိုးဘူး၊ အကျော့တော့ ငါ့ကို ဘယ်လိုများ ထင်မလဲမပြောတတ်ဘူး...။ ဒါနဲ့ တိုတိုပြောကြစို့ရဲ့ကွာ၊ အကျော့လည်း ဧရာဝတီစာရေးကြီးနဲ့ အိမ်ထောင်ကျသွားရော၊ ငါလည်း ငါရှာလာတဲ့ ငွေတစ်ထောင်ကို မိဘများ ကန်တော့ခဲ့ပြီး အောက်ပြည် ပြန်ဆင်းလာတာပဲ"

"နောက်တော့ ဘာဖြစ်သေးသလဲ"

"ဘာမှမဖြစ်ဘူး၊ အောက်ပြည်ရောက်တာနဲ့ တစ်ပြိုင်နက် ရဟန်းခံ... ဝါလေးဆယ်လောက်ရမှ... လူထွက်ပြီး ခုအထိ လူသူတော်ကြီး လုပ်နေတာပဲ"

"သြော်... ဘကြီး အကျော့နဲ့ ကွဲသွားပြီးတဲ့နောက် အိမ်ထောင်မပြုဘူးပေါ့"

"မပြုဘူး... အကျော့လည်း ပထမ အိမ်ထောင်ကျပြီး နှစ်နှစ်အကြာမှာ သူ့ယောကျ်ားဆုံး၊ မုဆိုးမကလေး ဖြစ်သွားတယ်လို့ သိရတယ်။ သားသမီး မကျန်ရစ်ခဲ့ဘူး။ သူလည်း နောက်ထပ် အိမ်ထောင်မပြုတော့ဘူး"

"သူ့ယောကျ်ား သေပြီးတဲ့နောက် ပြန်ဆက်မိသေးသလား"

"မဆက်မိပါဘူးကွယ်... ငါလည်း သူ့သတင်း မမေးဘူး။ သူလည်း ငါ့သတင်း မေးပုံမရပါဘူး။ နို့ပေမဲ့ လူကြုံသတင်းတွေတော့ ကြားနေရတယ်"

"ဘကြီး... တယ်သနားစရာကောင်းပါလား။ နှစ်ဆယ်ကျော်ကလေးမှာ မုဆိုးမကလေးဖြစ်တော့... ဘကြီးများ ပြန်လာဦးမလား မျှော်နေတာနဲ့ နောက်ထပ် အိမ်ထောင်မပြု ဖြစ်တာများ ဖြစ်မလား"

"အေး... ဒါတော့ မပြောတတ်ဘူးကွ၊ ခုထိအောင် သူ အိမ်ထောင်

mgyoe.com

mgyoe.com SAMPLE BOOK

မပြုတာတော့ မှန်တယ်”

“အခု… ဒီဇရပ်မှာ ပြန်တွေ့ကြတော့ အားရပါးရ မရှိဘူးလား၊ တစ်ယောက်ကို တစ်ယောက် ပြန်မေးမကြည့်ကြဘူးလား”

“မမေးမိပါဘူး”

“မေးကြည့်ဖို့ မကောင်းဘူးလား… ဘကြီးရယ်”

“မေးကြည့်လို့ကော… နှစ်ပေါင်းခြောက်ဆယ် နောက်ကျခဲ့ပြီ။ ငါလည်း ရှစ်ဆယ်ကျော်ပြီကွ၊ သူလည်း ရှစ်ဆယ်နီးပြီ။ ဒါတွေမေးပြီး ပြန်သိနေဖို့အချိန်လည်း ဒို့မှာ များများမရှိတော့ပါဘူးကွယ်။ ငါလည်း သျှောင်စောင်းကလေးနဲ့ အောင်ရ မဟုတ်တော့ဘူး။ သူလည်း ဆံတောက်ကလေးနဲ့ အကျော့မဟုတ်တော့ဘူး။ ပြောဖို့ စကားလည်း မရှိတော့ပါဘူး…”ဟု ပြောကာ မနီးမဝေး ဘုရားစေတီကလေးဆောတွင် ညထွန်းညှိရန် ကျောင်းသားကလေးတစ်သိုက် မီးပုံးများ ဆင်နေကြသည်ကို လှမ်းမျှော်၍သာ ကြည့်နေလေ၏။

အဘိုး၏ နှုတ်မှမူကား နောက်ထပ် စကားတစ်ခွန်းမျှ မပြော။ သို့သော်… ၎င်းမျှော်ကြည့်နေသော မျက်စိထဲတွင်မူကား “ဒီအချိန်ပေါ့… ဒီအချိန်ပေါ့” ဟူသော အရိပ်များသည် ထင်လျက်ရှိ၏။

ယိမ်းယိုင်တဲ့ ယိမ်းယိုင်။
ပျိုတို့မောင်ဆောင်တော်ထပ်က၊ ဘိန်းပြတ်လို့မှိုင်။
မမှိုင်ပါနဲ့ ရွှေယောင်စောင်း။
ပျိုပန်တဲ့ စိန်နားတောင်းကို၊ ဖိုးဆိုလို့ရောင်း။ ။

mgyoe.com

mgyoe.com SAMPLE BOOK

# ရွှေအင်ကြင်း

ဟဲ့ လုံကလေး သူများတွေ သွားကုန်ကြပြီ၊ နင်ကော မလိုက်ဘူး လား... ဟူသောအသံသည် ညနေအေး တဲပုတ်ကလေး ခေါင်းရင်းတွင် ပုတီးစိပ်နေသော ဘကြီးသာဖန်ထံမှ ပေါ်လာ၏။

ခြေရင်းဘက် ကြမ်းပြင်တွင် ပလုံးကလေးနှင့် ဆန်ဆေးနေသော ကြင်ဥသည် ထိုအသံကို ကြားလျှင် မျက်မှောင်ကလေးကုတ်သွား၏။ ကြင်ဥ သည် အသက် ၂၂ နှစ်လောက်သာ ရှိသေး၏။ အပျိုကလေး မဟုတ်သော် လည်း ပျော်ချိန်ပါးချိန် စိတ်ရွှင်ပျချိန်ဖြစ်၏။ သို့သော် အသက် ၁၈ နှစ်က ရွာသားကလေး ဘိုးထင်နှင့် အိမ်ထောင်ကျပြီးနောက်၊ ၂ နှစ်လောက်သာ ပေါင်းလိုက်ရပြီးလျှင် အကြောင်းမရှိဘဲ ရွာမှပျောက်သွား၏။ ပြန်လာနိုးနိုးနှင့် တမျှော်မျှော်နေခဲ့ရာ၊ တစ်နှစ်လောက်ကြာသောအခါ သေပြီဟူသော သတင်း ကိုကြားခဲ့ရ၏။ အသက်ကလေးငယ်ငယ်နှင့် မုဆိုးမဖြစ်ရ၏။ နဂိုက မိဘ မောင်ဖွားမရှိ ဘကြီးတစ်ယောက်နှင့်သာ နေရသဖြင့် အတော်အတန် ဆင်းရဲ ခဲ့၏။ ဘိုးထင်နှင့် အိမ်ထောင်ကျပြန်သောအခါလည်း ဘိုးထင်မှာ ကိုယ်လို သူလို ဆင်းရဲသားထဲကဖြစ်သဖြင့် တိုး၍ မချမ်းသာ၊ သို့သော် လင်တစ်ထမ်း မယားတစ်ရွက်ဆိုသလို ရခါစ လင်မယားနှစ်ယောက် ပျော်ပျော်ပါးပါး လုပ်ကိုင်စားသောက်သဖြင့် မချမ်းသာသော်လည်း သက်သောင့်သက်သာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ရှိ၏။ ဘိုးထင် ထွက်သွားသည်မှာ ၂ နှစ်ရှိပြီး မိန်းကလေးတစ်ယောက် လုပ်စာနှင့်လည်း ကောင်းကောင်းမဝ၊ စိတ်တွင်းကလည်း မသက်သာ ကြင်ဥ အဖို့ ရှေ့အဖို့ရာ ပျော်ရွှင်ဖို့ရာ လမ်းစမမြင်၊ မိုးမှောင်ကြီး ပကတိကျလျက်ရှိ၏။ ‘နေ’သည် သူတစ်ပါးအဖို့ လင်းသော်လည်း ကြင်ဥအဖို့ မလင်း၊ ‘လ’သည် သူတစ်ပါးအဖို့သာသော်လည်း ကြင်ဥအဖို့ မသာ၊ တန်ခူးလရာသီ တောပန်း ကလေးများသည် အခြားရွာသူကလေးများအတွက် လှသော်လည်း ကြင်ဥ အဖို့ မလှ။ ကြင်ဥအဖို့ လောကကြီးတစ်ခုလုံးသည် ဗလာဟင်းလင်း ဖြစ်၍ နေပေ၏။

ကြင်ဥသည် ဆန်ဆေးနေရာမှ ရွာလယ်လမ်းဆီသို့ မျှော်ကြည့်လိုက် ၏။ ရွာသူကလေးများသည် အပျို, အအို မခြား တစ်နှစ်မှ တစ်ကြိမ်ကြုံရ သော ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ဆင်နွှဲလိုက်မည်ဟု အားခဲကြ လျက် သစ်လွင်သော ပိုးထဘီကလေးများဝတ်၊ ဂျပန်ပဝါကလေးများကို လည်ပင်းတွင်တင်၊ သပြေနုနှင့် အုန်းလက်များကို စိုက်ထားသော ညောင်ရေ အိုးကလေးများကို ခေါင်းတွင်ရွက်၍ ပြုံးလိုက်၊ ရယ်လိုက်၊ အော်လိုက် ခေါ်လိုက်နှင့် တပျော်တပါးကြီး သွားနေကြသည်ကို မြင်ရ၏။ မောင်ဘိုး ထင်နှင့် ချစ်စ... ခင်စ... အပျိုကလေးဘဝက ညောင်ရေပွဲတွင် ပျော်ပါးခဲ့ပုံ များကို ပြန်ပြောင်းသတိရ၏။ ဤသို့သတိရလေလေ ကြင်ဥအဖို့မှာ ပို၍ ဆိုးလေလေဖြစ်၏။

“ကျွန်မ... မလိုက်ဘူး...”

“ဟဲ့... လုံကလေး... ဘာဖြစ်သလဲ...”

“ဘာမှမဖြစ်ပါဘူး”

“အေး... နင့်ကြည့်ရတာ နေ့လည်း တမှိုင်မှိုင်... ညလည်းတမှိုင်မှိုင်... ကြာလည်းကြာလှပြီ၊ တော်တော်ကြာတော့ နင် တဆွေးဆွေးနဲ့ ဒုက္ခရောက် တော့မယ်၊ အခုလိုနေ့ကြီးရက်ကြီးတွေမှာ သူတစ်ပါးနည်းတူ ဘုရားသွား... ကျောင်းတက်... တရားနာ... ဖျော်ဖြေစရာကလေးလည်း ရှာမှပေါ့။ အေး... အသက်ကြီးမှ ဒီလိုဒုက္ခတွေ တွေ့ရသကွာ... ငါလည်း ဘာမှမတတ်နိုင်ဘူး ဟ... ဒုက္ခ... ဒုက္ခ... ဘုရား... ဘုရား... ကယ်တော်မူပါ...” ဟုဆိုကာ တိတ်သွားလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ကြင်ဥသည် ခေါင်းငုံ့၍ ဆန်ဆေးရင်း ရင်ထဲက တလှိုက်လှိုက်ဖြစ်ကာ မျက်ရည်ကလေးများ ဝဲလာ၏။ အဘိုးဖြစ်သူဘက်သို့ တစ်ချက်နှစ်ချက်လှည့်၍ကြည့်၏။ သက်မကလေးတစ်ချက်ချကာ မီးဖိုပေါ်သို့ ထမင်းအိုးကိုတည်၍ မီးမွှေးထားခဲ့ပြီးလျှင်...

"အဘ"

"လုံကလေး"

"ကျွန်မ သူတို့နောက် ခဏလိုက်သွားဦးမယ်၊ ထမင်းအိုး ကြည့်နှင့်နော်"။

"အေး... အေး... လိုက်သွား၊ အဝတ်အစားကလေးလဲ၊ ညောင်ရေအိုးကလေး ပန်းကလေးများကော"

"အသင့်တော့ မရှိဘူးဘရဲ့... အေးစိန်တို့ဆီက ရနိုင်တယ်"

"အေး... သွား... သွား... ဘုရားမှာ ဆုတောင်းပေးကွယ်။ ထမင်းအိုးကလေး စိတ်ချ၊ ပျော်သလောက်နေ၊ သူများပြန်မှ ပြန်တာပေါ့"

ကြင်ဥသည် ရွာလယ်သို့ ထွက်ခဲ့၏။ အဘိုးဖြစ်သူ ကျေနပ်အောင် ရွာဝဆီသို့ တပျော်တပါးကြီး သွားနေကြသော မိအေး၊ မိသေး၊ မိမှုန်၊ မိသုံတို့နောက်သို့ လိုက်သွားရန် ကြံမိလေ၏။ သို့သော် ပျော်ပါးရွှင်ပျသော စိတ်ဟူ၍ လုံးလုံးမပေါ်သဖြင့် နောက်မှ နှေးနှေးလိုက်သွားပြီးလျှင် ရွာဝသို့ ထွက်မိသည်နှင့်တစ်ပြိုင်နက် တောတန်းကလေးဘက်သို့ ကွေ့၍ တစ်ယောက်တည်း ထွက်သွားလေ၏။

နေကလေး ရီခဲ့ပြီ။ တောင်ဘက်ဆီမှ လေပြည်ကလေးလည်း တညင်းညင်း တိုက်ခတ်လာ၏။ တစ်နေ့လုံးလုံး ပူပြင်းလှသော နေရှိန်အောက်တွင် မီးတောက်မတတ် နေခဲ့ရသော တောတန်းကလေးအတွင်းမှ အင်ကြင်းပင်ပျိုကလေးများသည် လေပြည်၌ ရွှင်လန်းကြည်လင်စ ပြုလာ၏။ မိုးသက်နံ့ကလေး တသင်းသင်းဖြစ်လျက် ပင်လုံးကျွတ် ရဲရဲတောက်ပွင့်နေကြသော အင်ကြင်းပန်းကလေးများက တကြိုင်ကြိုင်ရှိ၏။ တောတန်းကလေးအတွင်း တစ်ယောက်တည်းရှိသောအခါ ကြင်ဥ၏ မည်းမှောင်နေသော စိတ်သည် အနည်းငယ် ရွှင်ပျလာ၏။ အင်ကြင်းပန်းများကို လှမ်း၍ကြည့်ရင်း အိပ်တန်းတက်ရန် ပြင်ဆင်နေကြသော တောငှက်မြည်သံများကို ကြားမိ၏။

mgyoe.com

mgyoe.com SAMPLE BOOK


သွားရင်းလာရင်း တောရကျောင်းနှင့် စေတီပျက်ကလေးအနီးသို့ ရောက်လာ၏။ ဤနေရာမှာ တောရကျောင်းဘုန်းကြီး တစ်ပါးသာရှိသဖြင့် နေ့ခင်းအချိန်တွင်ပင် မိန်းကလေး တစ်ယောက်တည်း မသွားရဲကြ ဖြစ်၏။ သို့သော်လည်း ကြောက်စိတ်မပေါ်၊ စေတီပျက်နှင့် တောရကျောင်းကလေး ငြိမ်သက်သာယာပုံကိုသာ သတိထားမိ၏။

"သြကာသ... သြကာသ..."

သို့နှင့် ကြင်ဥသည် ဘုရားဖူးလိုသော စိတ်များ ပေါ်ပေါက်လာ၍ အင်ကြင်းပန်းခက် တစ်ခက်ကို ချိုးယူကာ၊ ရင်ပြင်တော်ပေါ်သို့ တက်သွား၍ ထောင့် တစ်ထောင့်တွင် ပုဆစ်တုပ်၍ ဦးချ၏။

"သြကာသ... သြကာသ"

ဘုရားကလေး၏ အရိပ်သည် ကြည်အေးလှ၏။ တစ်နေ့လုံးလုံး ဗလောင်ဆူ၍နေသော ကြင်ဥ၏ အသည်းနှလုံးများသည် ငြိမ်သက်လာ၏။ တိမ်အထပ်ထပ် ဖုံးလွှမ်းညိုမှည်း၍နေသော ကြင်ဥ၏ ကောင်းကင်၌ အလင်းရောင်ကလေး ယှက်သန်းလာသလိုလို ရှိ၏။ ဘုရား... ဘုရား... အရိပ်တကာတို့တွင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏အရိပ်သည် အေးမြလှချေ၏ တကား...။

"ဟဲ့... ဒကာမကလေး... နင်တစ်ယောက်တည်းလား၊ အဖော်တွေကော"

ကြင်ဥသည် အနည်းငယ်လန့်၍ မော်ကြည့်လိုက်၏။ မနီးမဝေးတွင် ဦးပဉ္စင်းတစ်ပါးကို မြင်မိ၏။

"မှန်လှပါ၊ တပည့်တော်မတစ်ယောက်တည်းပါ ဘုရား၊ အဖော်တွေ ဟိုဘက်က စေတီတော်ကြီးကို သွားကြပါတယ် ဘုရား"

"ဩော်... တစ်ယောက်တည်းလား၊ ဘာဖြစ်လို့ အဖော်တွေနဲ့ လိုက်မသွားသလဲ"

"တပည့်တော်မ... စိတ်..."

"အေး... နင်တစ်ယောက်တည်း လူမရှိတဲ့ ဘုရားပျက်ကလေးမှာ ပန်းလာပြီးတင်တာ မြင်ကတည်းက... အင်း... စိတ်မကောင်းရှာဘူးဆိုတာ ငါ ရိပ်မိတယ်..."

mgyoe.com

mgyoe.com
SAMPLE BOOK


"နင့်လက်က ဘာပန်းများလဲ"

"အင်ကြင်းပန်းပါဘုရား..."

"အေး...အေး... နင် ဆင်းရဲပုံလည်း ရတယ်။ ပန်းကလေးများမှ ဝယ်ပြီး မတင်နိုင်တဲ့ အခြေရောက်နေ ထင်ပါရဲ့...။ နို့ပေမဲ့ ဝမ်းမနည်းနဲ့။ ဒီတောပန်းကလေးဟာ တောထဲမှာပွင့်လို့ အဖိုးမတန်ပေမဲ့ ဈေးမှာ ပိုက်ဆံများများပေးပြီး ဝယ်ရတဲ့ပန်းတွေထက် အဆပေါင်း ထောင်သောင်းမြတ်တယ်။ ဒီနေ့ ကဆုန်လပြည့်နေ့ကွဲ့... မယ်တော်မာယာဟာ လုမ္ဗနီဥယျာဉ်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူတဲ့နေ့ပေါ့... အဲဒီလို တို့ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူတုန်းက မယ်တော်ဟာ တစ်ပါးအကိုင်းကိုမမှီဘဲ အင်ကြင်းကိုင်းကို ဆွဲငင်မှီတွယ်တော်မူရတယ်... အလောင်းတော်မင်းသားကို ဖွားမြင်တော်မူသည်နှင့်တစ်ပြိုင်နက် နှင်းဆီ.... ခတ္တာ... ဆိုတဲ့ အခြားပန်းတွေ မဖူးရဘဲ၊ အင်ကြင်းပန်းကသာ ပင်လုံးကျွတ်ပွင့်ပြီး ဖူးမြော်ရတယ်။ ပန်းတကာ့ ပန်းမှာ အမြတ်ဆုံးပန်းပေါ့...။ ဒီအချိန်ပေါ့ ကွယ်... ဒီအချိန်ပေါ့၊ ဒကာမကလေး ဝမ်းမနည်းနဲ့၊ ဘုရားကိုယ်တော်မြတ်ကြီးရှေ့မှာ ဆင်းရဲချမ်းသာ မရွေးဘူး၊ အခု ဒကာမကလေးတင်တဲ့ ပန်းဟာ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ပန်း၊ အမြတ်ဆုံး ပန်း..."

နေကလေးဝင်ပြီး အလင်းကလေး အားပျော့နွမ်းရိလာ၏။ ဦးပဥ္စင်းသည် စကားပြောရင်း ပြောရင်း ကြင်ဥ၏မျက်နှာကို ကြည့်မိ၏။ ကြင်ဥလည်း တရားနာရင်း နာရင်း ဦးပဥ္စင်း၏ မျက်နှာကို ကြည့်မိ၏။

"ကိုဘိုးထင်..."

"ကြင်ဥ..."

"ရှင်...ရှင်...ကိုဘိုးထင်..."

"ဟဲ့...ဟဲ့... ကြင်ဥ နင်လား၊ သတိထား... သတိထား... ငါ့မှာ သင်္ကန်းကြီးနဲ့"

"ကိုဘိုးထင်... ကိုဘိုးထင်... ရှင် သေတယ်ဆို"

"ငါ မသေဘူး၊ နို့ပေမဲ့ သေသလိုပါပဲကွာ၊ ငါ လူ့ဘဝရှောင်ခွာပြီး ရဟန်းဘောင် ရောက်နေပြီ"

"ရှင် ဘာပြုလို့ ကျွန်မကို စွန့်သွားတာလဲ၊ ဘယ်လိုဖြစ်လို့လဲ

mgyoe.com

mgyoe.com

SAMPLE BOOK


ဘာအပြစ်ရှိလို့လဲ"

"ငါ သွားတုန်းကတော့ နင့်ကို စွန့်သွားတာ မဟုတ်ဘူး။ ရွာကလေးမှာ နေရတာ ဆင်းရဲလွန်းလို့ တခြားတစ်ပါးမှာ ပစ္စည်းရှာမယ်လို့ ထွက်သွားတာပဲ။ ပထမတော့ နင်တို့ကို ငါပြောခဲ့မလို့ ကြံတယ်။ နို့ပေမဲ့ တားလား ဆီးလား လုပ်နေမှာစိုးလို့ မပြောခဲ့ဘူး။ သွားစကတော့ အလွန်ဆုံး သုံးလ လောက်သွားမယ် အောက်မေ့တာပဲ။ ဟိုရောက်တော့... အေး... ဒါတွေ ထားပါတော့ကွယ်။ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောနေလို့လည်း အကျိုးမရှိပါဘူး... ဒါနဲ့ ငါလည်း လူ့ဘဝကြီးကို ရွံမုန်းပြီး လွတ်ရာကျွတ်ရာ အေးငြိမ်းရာဆိုသလို ရဟန်းဘောင် ကူးလိုက်တာပဲ.... နင်တို့သတင်းလည်း ငါ နားထောင်ရက်ပါပဲ။ နင်ဒုက္ခရောက်ပုံတွေ၊ တငေးငေးတမှိုင်မှိုင်နေပုံတွေ ကြားရလို့ ငါမမုန်းပါဘူး။ နို့ပေမဲ့ ငါ့စိတ်က... လောကကြီးကို ပြတ်တယ်၊ လောကကြီးကို ကြောက်တယ်၊ အေး... ကြောက်သမှ... ငါ မသေပါဘူးကွာ... ငါရှိတယ်... ငါ့အတွက် ပူဆွေးဒုက္ခမဖြစ်နဲ့၊ ဝမ်းသာ... ဝမ်းသာ...၊ အေး... တစ်နေ့တော့ မင်းတို့လူ့ဘောင်ကို ငါပြန်လာချင် လာမပေါ့ကွာ... သံသရာရေယဉ်ကြောမှာ မျောကြရတာ... ဘယ်သောင်မှာ တင်ကြဦးမယ် မသိဘူး၊ နင့်အတွက် ငါ့တာဝန်ကိုတော့ ငါ မမေ့ပါဘူး။ အခုလည်း ဒီကိစ္စ အတွက် ဒီဘက်ကို လှည့်လာတာပဲ၊ ရော့ရော့ ဟောဒီအထုပ်ကလေးထဲမှာ ငွေသုံးရာ... အဲဒါကလေးနဲ့ ရင်းနှီးစားပေါ့ကွာ... ချောင်ချောင်လည်လည် ရှိပါလိမ့်မယ်၊ ဒီနေ့ကစပြီး ဘာမှမပူနဲ့တော့၊ ကဲ... ကဲ... မိုးချုပ်လုနီးပြီ၊ ပြန်တော့... ပြန်တော့၊ ငါ ဒီက မျှော်ပြီး ကြည့်လိုက်မယ်..."

"ဦးပဉ္စင်း ဘယ်မှာ သီတင်းသုံးသလဲ..."

"ဒီကျောင်းကလေးမှာပေါ့ကွာ..."

"ဘယ်လောက်ကြာမလဲ..."

"မပြောတတ်သေးဘူး၊ ငါ ပျော်သလောက်နေမှာပဲ..."

"တပည့်တော်မ ဆွမ်းပို့ပါရစေဘုရား..."

"အေး... နင့်သဘောပဲ၊ နို့ပေမဲ့ ဒုက္ခမရှာနဲ့၊ ငါ ရဟန်းဘောင်မှာ ချမ်းချမ်းသာသာနေသလို မင်းလည်း ချမ်းချမ်းသာသာနေ၊ ဒီကနေ့ကစပြီး လင်ရယ် သားရယ် အပူလုံးတွေကို ဖျောက်... တရားကို မြင်အောင် ကြိုးစား

mgyoe.com

mgyoe.com
SAMPLE BOOK

ပြီးကြည့်... ဟောဒီ အင်ကြင်းပင်ကလေးတွေကို မြင်တိုင်း ဘုရားကို သတိရ... ကဲ... သွားတော့ သွားတော့..."

ကြင်ဥသည် ဦးပဉ္စင်း ဘိုးထင်အား ဦးချ၏။ တွေ့စက ဗလောင်ဆူသွားသော စိတ်များသည် ငြိမ်လာ၏။ ကိုဘိုးထင်... ကိုဘိုးထင် ဟူသော အစွဲအလမ်းကလေးသည် တည်ငြိမ်သော ရေပြင်၌ထသော ရေပွက်ကဲ့သို့ တက်လာ၏။ သို့သော်... အင်ကြင်းပန်းကလေးကို မြင်လိုက်လျှင် ငြိမ်သွား၏ ။

အင်ကြင်းပန်းရနံ့ တပျံ့ပျံ့အကြား တောတန်းကလေးမှ လျှောက်၍ ပြန်လာသော ကြင်ဥသည် ညနေချမ်းက ရွာမှ ညှိုးညှိုးငယ်ငယ်နှင့် ထွက်သွားသော ကြင်ဥ မဟုတ်တော့ပေ။ အေးမြကြည်လင်သော လပြည့်ဝန်းအောက်၌ အင်ကြင်းပန်းကလေးကဲ့သို့ နုပျိုရွှင်လန်းသော ကြင်ဥ ဖြစ်နေပေ၏။

အရိပ်တကာတို့တွင် ရှင်တော်မြတ်ဘုရား၏ အရိပ်သည် အေးမြသာယာစွတကား။

mgyoe.com

mgyoe.com SAMPLE BOOK

# သွန်းလောင်းညှောင်ရေ

ဖြောင်ပိန်
ဖြောင်ပိန်
ဖြောင်နှောင့်
ဖြောင်နှောင့်

"အဲ… သည်ခါမှ ခက်တော့သည်။ သယ်… ငါ ပခန်း ကိုညိုကြီး ညည်းသလိုသာ ညည်းလိုက်ချင်တော့… ဒါ ကဆုန်ညှောင်ရေသွန်းပွဲတော်ကွ… ကော်ရင်ဂျီ မသာချတာ အောက်မေ့လို့လား… ဒါကြောင့် စောစောက စည်းကလေးဝါးကလေး တိုက်ထားကြစမ်းပါလို့ ငါပြောတာ…"

ကဆုန်လပြည့်နေ့၊ မြောက်လုပ်ကုန်းရွာက လေးမျက်နှာဘုရား သွားကြရန် စီစဉ်ရေးအဖွဲ့ နာယကကြီး ဦးပေတိုးမှာ တူရိယာ တီးဝိုင်းရှေ့က ဆွေ့ဆွေ့ခုန်လျက်ရှိ၏။

"ဟေ့ကောင်တွေ… မင်းတို့ ဒါအပြင် မတီးတတ်ကြတော့ဘူးလား… ဒါ တစ်ထောင့်သုံးရာ တစ်ဆယ့် ငါးခုနှစ်ကွ၊ မင်းတို့ ဂျီးတော်လင်ခေတ် မဟုတ်ဘူး… ခေတ်ကျကျကလေး တီးကြမှပေါ့… ကဲ… ကဲ… ပြင်တီးကြစမ်း"

mgyoe.com

mgyoe.com
SAMPLE BOOK


စိန်အိုးစည်
လွယ်သလေလေ
လွယ်သလေလေ
လိမ်ဖည်ဖည် တီးပါလို့
လိမ်ဖည်ဖည် တီးပါလို့
လက်သီးကို လက်သီးကို
ရွှေချမယ်...။

"အဲ... လုပ်လိုက်ကွ... ခေတ်ဆန်တယ်ဆိုရင်လည်း ဒီထိအောင် ဆန်ပစ်လိုက်မှပေါ့ကွ၊ ငါ စိန်ကတုံး က, သာ က, လိုက်ချင်တော့တာပဲ... ဒါနဲ့များ မင်းတို့ကိုယ်ကို မင်းတို့ ခေတ်သစ်လူငယ်တွေတဲ့၊ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်သားကြီးတွေတဲ့။ ဟိုဘက်က ဘိုးရိပ်ဆိုတဲ့အကောင်က မနေ့တစ်နေ့က ရွာထဲလျှောက်ပြီး လက်မ တထောင်ထောင်နဲ့ လူသစ်တည်၍ ပြည်သစ်ဆောက်အံ့လေး ဘာလေးနဲ့၊ လူသစ်ထူမယ့် အကောင်ကလားကွ။ စိန်အိုးစည် လွယ်သလေလေ... လွယ်သလေလေ... ဗြောင်ပိန့်... ဗြောင်ပိန့်ဆိုတာ၊ မဖြစ်ဘူးကွာ... မဖြစ်ဘူး၊ မင်းတို့နဲ့မဖြစ်ဘူး... မင်းတို့တစ်တွေ နောက်ဆုတ်ကြ... ဟဲ့ နောက်နားက ကောင်မကလေးတွေ ရှေ့တိုး၊ အေး... အေး... ဟဲ့ မယ်သစ် ဒီဘက်လာ... ဟို ဒွေးမယ်ဆိုတဲ့ ကောင်မလေးကော၊ အရီးသာအေးရဲ့ မြေးကလေးဟာ ကွာ... အေး... အေး... ဟုတ်သယ် ဟုတ်သယ်... နင်ပဲ... လာလာ ဒီဘက်ကို၊ ကဲ ခေတ်သစ်လူငယ်ဆိုတဲ့ အကောင်တွေတော့ နေရာမကျဘူး၊ နင်တို့ မိန်းကလေးတွေက ခေါင်းဆောင်မှပဲ၊ ဟဲ့... ဒွေးမယ် ငါ့တူမက လှလည်း လှတယ်၊ အသံလည်းကောင်းတယ်၊ မင်းတို့က ခေါင်းဆောင်ပြီး ကြဲကြစမ်း။ ငွေးကြားစုက အကောင်တွေ ငေးသွားအောင် ကြိတ်ကြ"

ဒွေးမယ်ကလေးသည် ရှေ့တန်းသို့ ထွက်လာကာ ဆံတောက်ကလေး ကော့ကော့ မျက်နှာကလေးဝိုင်းဝိုင်း သွားကလေးကျဲကျဲနှင့် ရှက်သလိုလို ပြုံးစိစိ လုပ်နေ၏။ ဦးပေတိုးလည်း သဘောကျသည့် ဟန်ဖြင့် ကြည့်ကာ "ကဲ... ငါ့တူမတွေမှ ဟုတ်တာ၊ ဆိုကြစမ်း ဆိုကြစမ်း၊ ဟော့... နောက်က အကောင်တွေ စည်းဝါးမှန်အောင် လိုက်နော်...ကဲ...ဆို"။

mgyoe.com

mgyoe.com
SAMPLE BOOK


အမေလေးက… စိတ်မတူ
အဖေလေးက… စိတ်မတူ
ပျို့သက်လှယ် ရွှေယောင်ရစ်ကယ်
ပျို့သက်လှယ် ရွှေယောင်ရစ်ကယ်
ချစ်လှဲ့ပါလေး
ဖြောင်ပိန့်ဖြောင်ပိန့်… ဖြောင်နောင့်ဖြောင့်နောင့်…
ချည်ထွေးကလေးရဲ့ တခင်နှစ်ခင်
အမေဆဲလို့သင်
သင်ပေမယ်လို့ သူမရှင်း
သင်ပေမယ်လို့ သူမရှင်း
ပျို့တို့မောင် ရွှေယောင်ပွရယ်
ကူလှည့်ပ့ါမင်း…။
ဖြောင်နောင့်ဖြောင်နောင့် ဖြောင်ပိန့်ဖြောင်ပိန့်။

"အမေလေးရဲ့ လေးရဲ့လေး… ငါ့နှယ် သေသာ သေပါတော့ဟယ်… ဒီလိုဆိုရင်တော့ ဒို့ရွာက ဒီပွဲမှာ ပထမဆွဲတော့မှာပဲ… ဒါလားကွ တက်ခေတ် အမျိုးသမီး ဆိုတာ၊ နင်တို့ကြားမှ မကြားဖူးကြဘူးလား… ခုခေတ်ဆိုကြတဲ့ သီချင်းတွေ…"

အခြားမိန်းကလေးများမှာ ရှိုးတိုးရှန့်တန့်ဖြစ်ကာ နောက်သို့ ဆုတ်သွားကြလေ၏။ ဒွေးမယ်ကလေးမူကာ သွားကျဲကလေးနှင့် ပြုံးစိစိလုပ်ကာ "ဒါပဲရတာပဲ ဦးကြီးတိုးရဲ့…"

"ဟဲ့… နင်တို့ခေတ်ကာလ မိန်းကလေးတွေ ဒီလောက်မှ နားမလည်ကြဘူးလား… ဝတ်ထားတော့ ကိုယ်လုံးပေါ်နိုင်လွန်၊ နူတ်ခမ်းဆေးကလေးများ ဆိုထားလိုက်သေး… ဆိုလိုက်တော့ အမေလေးက စိတ်မတူ၊ အဖေလေးက စိတ်မတူ။ ဖြစ်မှဖြစ်ရလေ အဲဒါ နင်တို့ ဘွားအေ ဒေါ်ရွှေကျော့ကြီးနဲ့ နင်တို့ဘိုးအေ ဦးရွှေကြွတ်တို့ အပျိုလူပျိုတုန်းက ဗျာပါဆံကြီး တဝိုက်ဝိုက်နဲ့ ဆိုတဲ့သီချင်းဟ… ခုကာလ မေရှင်တို့ မေသစ်တို့ ဆိုတာတွေကို ကြားပဲ မကြားဖူးဘူးလားဟယ်… ဟိုတစ်လောက ပြန်ကြားရေးဆရာကလေး ရေဒီယို လာဖွင့်တုန်းက ကြားလိုက်ကြတယ် မဟုတ်လား… ပြည်တော်သာ

mgyoe.com

mgyoe.com
SAMPLE BOOK


သီချင်းတွေ ဘာတွေ ဘယ်လောက်ကောင်းသလဲဟာ၊ နင်တို့ ဒါတွေတော့ မှတ်မထား... ခုနစ်ဆွေး... ရှစ်ဆွေး... သေခါနီးကြီးတွေ သင်သွားတဲ့ လူပေါ် ခါစက သီချင်းဟောင်းကြီးတွေ မှတ်ထားကြတာကို... ငါကလည်း ခေါင်း မွေးဖြူကြီးနဲ့မို့ပေါ့ကွာ... နင်တို့လို ငယ်ငယ်ရွယ်ရွယ်သာဖြင့် ဆိုပြလိုက်ချင် လှ၊ နင်တို့အရွယ် မယ်ကေးကို လူပျိုလှည့်တုန်းက လသာသာ ရွာထိပ်က ဟစ်လိုက်ရင် ရွာထဲက အူနေတဲ့ ခွေးတွေတောင် တိတ်ကုန်ရတာ... ဟိုနေ့က ဆိုသွားတာ နင်တို့ မကြားလိုက်ကြဘူးလား... ထဘီစိုစို အောက်နားက ရွှံ့ဆိုလား ဘာဆိုလား... ကဲကဲ တော်တော် နင်တို့နဲ့ မဖြစ်ဘူး သွားသွား"

"မဟုတ်ပါဘူး ဘကြီးတိုးရဲ့... ကျုပ်တို့က ဆိုချင်လွန်းလို့ ထွက်လာ တာလား... ဘကြီးတိုးက ဆိုစမ်းဆိုလို့ ထွက်ဆိုရတာပဲ၊ မကြိုက်လည်း နေပေါ့၊ ဘာဒီလောက်တောင် လူတွေ ခွေးလောက်မှ မကောင်းအောင်"

"ဟင်... နင်တို့ ဘာပြောတာလဲ... ဒါ ဒီမိုကရေစီခေတ်ဟ၊ လူကြီးပြော တာ နားထောင်ရတယ်။ အောင်မာ ဒါနဲ့များ သူတို့က အခွင့်အရေးတွေ လိုချင်သလေး ဘာလေးနဲ့၊ နင်တို့ ခက်တယ်... ဒီမိုကရေစီဆိုတာ ဖြူ သလား မည်းသလား မသိ၊ တစ်လောက ဥက္ကဋ္ဌကြီးလာပြီး ဒီမိုကရေစီ အကြောင်း တရားဟောတုန်းက အစည်းအဝေးတက်ပြီး နားထောင်ကြပါဟ ဆိုတုန်းက တစ်ယောက်မှ ပေါ်မလာဘူး... ဒီလိုသာဖြင့် နင်တို့ တိုးတက် ကြီးပွားဖို့ ခက်တယ်..."

"အို... ခက်ခက်... မခက်ခက် ဒီမိုကရေစီတွေ ဘာတွေ ကျုပ်တို့ နားမလည်ပေါင်၊ ကျုပ်တို့ကို ခေါ်လည်း ခိုင်းသေးတယ်... ခိုင်းသလို လုပ် တော့လည်း နင့်ဘွားအေလေး နင့်ဘိုးအေလေးနဲ့ ကျုပ်တို့ ဘိုးအေ ဘွားအေ တွေ အနေသာကြီးပါ..."

"ဟော့... ဟော့ စကားမများနဲ့ ငါ့ကို ဒီရွာက လူထုက တင်မြှောက်ထား တာ၊ ငါကလည်း နာယက လုပ်ချင်လွန်းလို့ တက်ပြီး လုပ်နေတာ မဟုတ် ဘူး... နင်တို့ တင်မြှောက်ထားလို့ လုပ်တာ။ ငါက ဒီအပြင် နာယကတွေလို မဟုတ်ဘူး... ဒီမိုကရေစီ နာယကကွ... မင်းတို့ နေရာမကျရင် ပြောရမယ်... တော်တော်ရှည်မနေကြနဲ့ နောက်ဆုတ်ကြ၊ ယော့အကောင်တွေ ပြန်တက်ခဲ့ကြ၊ မင်းတို့ ခေတ်မီသီချင်းကလေးတွေ မရကြဘူးလား... အနည်းဆုံး ပြည်တော်

mgyoe.com

mgyoe.com

SAMPLE BOOK


သာတစ်ပုဒ်တော့ ရရမယ်ကွာ..."

"မရဘူး... ဘကြီးပေတိုးရ"

"ဘာဖြစ်လို့ မရတာတုံး"

"ကြားမှ မကြားဖူးဘဲ..."

"ဟိုနေ့က ရေဒီယိုဖွင့်တုန်းက နားမထောင် လိုက်ကြဘူးလား"

"ထောင်ပါသော်ကော... မပါဘူးဗျ"

"ဟုတ်ပါဘူးကွ... ငါ ကြားလိုက်မိသလားလို့"

"ဘကြီးက ကြားမယ့်ကြားတာ ပါကိုး မပါဘူး... ပါတာက မျှော့တွေ တွယ်တဲ့ ကောက်စိုက်သီချင်းရယ်၊ ထောင်ရောင်နေရယ်..."

"အေး... အေး... ဟုတ်တယ်... တက္ကသိုလ်မြကြီးတို့ ဂီတာစိမ်းမောင် တို့ပါတဲ့ အလှည့်မဟုတ်လား..."

"ဟုတ်တာပေါ့..."

"အဲဒါတွေမှ ငါကြိုက်တာ၊ တက္ကသိုလ်မြကြီးလို မဆိုတတ်ကြဘူး လား..."

"အမယ်လေး... ဘကြီးပေတိုးရယ် တက္ကသိုလ်မြကြီးလိုများ ဆိုတတ် ရင် ကျွန်တော်တို့ တောထဲမှာ လယ်ထွန်နေပါ့မလား..."

"အေးလေ... သူ့လောက်တော့လည်း မဟုတ်ဘူးပေါ့၊ နည်းနည်း ပါးပါး အဟဲကလေး ဘာကလေးနဲ့ ကြိတ်ရတာပေါ့ကွ..."

"မဖြစ်ပါဘူး ဘကြီးရာ ဒါတွေ ပြောမနေပါနဲ့..."

"အေးလေ... မင်းတို့ ဒါတွေပဲရှိတယ်၊ ကာလသားပီပီ ကြိုးစားမယ်၊ တုမယ်၊ ပြိုင်မယ် မရှိဘူး... တို့ငယ်ငယ်တုန်းကများတော့ကွာ မကြာခင်က ကွယ်လွန်အနိစ္စရောက်သွားတဲ့ ဘုရားဒကာ ဆရာစိန်ကြီးတို့လို ဟဲလိုက်ရဦး မလား၊ အောင်ဗလတို့လို နှာသံပါပါကလေးနဲ့ ချွဲလိုက်ရဦးမလား၊ စိန်ကတုံး က, ကလိုက်ရဦးမလား၊ တောင်ကျောင်းက ဆရာတော် ဦးကျောက်လုံး ပျံတော် မူတုန်းကဆိုရင် ဇာတ်တောင်မငှားရဘူး၊ ငါ တစ်ယောက်နဲ့ ပြီးသွားတာပဲ၊ မင်းတို့ခေတ်ကျမှ ဖျင်းလှသကွာ။ နောက်ရောက်တဲ့ ဦးပဥ္စင်းကြီး ဦးဓမ္မက တော့ဖြင့် မင်း တောနဲ့မတန်ဘူးဆိုပြီး၊ ရန်ကုန်ခေါ်သွားမယ်တောင် တကဲကဲ လုပ်တယ်၊ အဲဒီခေတ်က ရန်ကုန်သူတွေဟာ မင်းသားချောချော မြင်ရင်

mgyoe.com

mgyoe.com
SAMPLE BOOK


ရွှေဒင်္ဂါးပေးပြီး ပိုးတယ်ကြားလို့.. .အေး... ငါလိုက်သွားလို့ ရန်ကုန်သူတွေရဲ့ ရွှေဒင်္ဂါးမက်ပြီး အကြောင်းပါနေရင် နင်တို့ကြီးတော် မယ်ကေး ခက်ရချေသေးဆိုပြီး မလိုက်ဘဲနေတာ၊ မင်းတို့တစ်တွေတော့ ခက်တယ်၊ ဒီရွာမှာ ငါများသေသွားရင် ဒီမိုကရေစီလည်း ရှိမှာမဟုတ်ဘူး။ ခေတ်မီတဲ့ လူလည်း ပျောက်သွားမှာပဲ၊ မှတ်ထားကွ မင်းတို့ကို လိမ္မာစေချင်လို့ပြောတာ၊ ခုခေတ်က ဒီမိုကရေစီခေတ်ကွ၊ ခေတ်သစ်ကွ၊ ခေတ်သစ်မှာ ခေတ်မီမှကောင်းတယ်၊ ခေတ်မမီရင် မင်းတို့ရွာကို သူများ ဝါးသွားလိမ့်မယ်၊ ယဉ်ကျေးမှုတွေဘာတွေဆိုတာလည်း မင်းတို့ ဘာမှနားမလည်ဘူး။ တစ်ခါလာလည်း ဘူးသီးနဲ့ ခရမ်းသီး၊ တစ်ခါလာလည်း ပြောင်းဖူးနဲ့ ချဉ်ပေါင်ရွက်၊ တစ်ခါလာလည်း ပုစွန်လုံးနဲ့ လယ်ကြားငါး၊ မင်းတို့ ဘယ်တော့ လူစဉ်မီမှာလဲ... ဟင် မင်းတို့ ပြောရတာနဲ့ နေစောင်းသွားပြီ၊ ကဲ... မင်းတို့ မဆိုတတ်ရင် ငါဆိုမယ်၊ မင်းတို့ စိန်အိုးစည် လွယ်သလေလေနဲ့တော့ မဖြစ်ဘူး... နောက်က ညီညီလိုက်ခဲ့ကြနော်... ဟဲ့ ဒွေးမယ် နင် တော်တော် နှုတ်သီးကောင်းတယ်၊ နာယကမှန်းမသိ၊ လူကြီးမှန်းမသိ၊ ကက်ကက်လန်အောင် ရန်တွေ့တယ်။ ငါက ကောင်မ,ကလေး တော်မလား အောက်မေ့တယ်၊ ကြည့်ကြည့် နင်တို့ မဆိုတတ်ရင်၊ ငါဆိုတာကြည့်။ ကဲ... နောက်က ညီညီလိုက်ခဲ့ကြ၊ ငါကိုယ်တိုင်ဆိုလို့မှ ဒီပွဲမှာ ငွေးကြားစုက ကောင်တွေကို မနိုင်ရင် ရိုက်တာပေါ့ကွာ... ဟဲ့ နောက်က ကောင်မလေးတွေ ဟိုရွာက အကောင်မတွေ ယောင်ကန်းကန်းလုပ်ရင် အညှဲ့မခံနဲ့ ညောင်ရေအိုးနဲ့သာထု၊ ကဲ ဆိုမယ်ဟေ့ တီးကြ၊ တစ်နှစ်သုံး...

မျောက်သိုး... မျောက်သိုး၊
မင်းရာမ၊ မျောက်သိုး။
မယ်သီတာ ရအောင်ခိုး၊
မင်းရာမ၊ မျောက်သိုး။
သွန်းလောင်းညောင်ရေ၊ အောင်ပါစေ။
သွန်းလောင်းညောင်ရေ၊ အောင်ပါစေ။
စိန်စက်စိန်စက်ကြိုးရယ်နဲ့၊ မြီးကိုမြီးကိုထောင်။
စိန်စက်စိန်စက်ကြိုးရယ်နဲ့၊ မြီးကိုမြီးကိုထောင်။

mgyoe.com